မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

■၁၃၇၇ခုနှစ်၊ နယုန်လဆန်း ၁၄ ရက် ၂၀၁၅ ခုနှစ်၊ မေ ၂၁ ရက်၊ တနင်္လာနေ့ အတွဲ [၅၄]၊ အမှတ် [၂၃၈]

အေးစေ မြဲစေ မေတ္တာရေ

- ❖ နှစ်ရှာတစ်ရွာ၊ ဆက်ဆံရာ၊ မေတ္တာလိုရင်းသုံး၊
- ❖ မိတ်ဆွေချင်းသာ၊ ပေါင်းသင်းရာ၊ မေတ္တာအမြတ်ဆုံး၊
- ❖ အေးစေမြဲစေ၊ မေတ္တာရေ၊ သုံးလေ ရပ်ရွာသုံး၊
- ❖ မေတ္တာစိတ်ဓာတ်၊ လွန်မြင့်မြတ်၊ လူနတ်အချစ်ဆုံး၊
- ❖ မေတ္တာရန့်၊ ကြိုင်လှိုင်နံ့၊ သင်းပျံ့နယ်မဆုံး၊
- ❖ မေတ္တာပန်းခိုင်၊ ကိုယ်စီကိုင်၊ ဖက်ပြိုင်သူတို့ရှုံး၊
- ❖ တစ်ဦးမေတ္တာ၊ တစ်ဦးမှာ၊ ရှည်ကြာရွှံ့မမုန်း၊
- ❖ တရားပျောက်ကွယ်၊ မေတ္တာပြယ်၊ ကြီးငယ်အများမုန်း၊
- ❖ မေတ္တာနတ်ပန်း၊ ပန်ဆင်မြန်း၊ ရွှင်လန်းစိတ်နှလုံး။

(စံကင်းဆရာတော်ဘုရားကြီး)

နိုင်ငံသားအားလုံး၏ စားနပ်ရိက္ခာဖူလုံရေး၊ အေးချမ်းသာယာစွာနေထိုင်ရေး အလေးအနက်ထားဆောင်ရွက်

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် သမဝါယမအသင်းသားများသို့ ပံ့ပိုးပေးသည့် လယ်ယာသုံးစက်ကိရိယာများကို ကြည့်ရှုအားပေးစဉ်။ (သတင်းစာမျက်နှာ-၈)(ဓာတ်ပုံ-ပြန်/ဆက်)

အင်းစိန်ခုံးကျော်တံတား ဇူလိုင်လ၌ ပြီးစီးရန် ကြိုးစားနေ

ရန်ကုန် မေ ၂၀

ရန်ကုန်မြို့၌ ယာဉ်ကြောပိတ်ဆို့မှု လျော့ကျစေရေးအတွက် မီးပွိုင့်လမ်းဆုံများ၌ ကားလမ်းကူးခုံးကျော်တံတားများ တည်ဆောက်လျက်ရှိရာ အင်းစိန်ပန်းခြံအနီး တည်ဆောက်လျက်ရှိသည့် ရထားလမ်းခုံးကျော်တံတားသည် လာမည့် ဇူလိုင်လ ဒုတိယသီတင်းပတ်အတွင်း ပြီးစီးနိုင်ရန် တည်ဆောက်မှုများ ပြုလုပ်လျက်ရှိသည်။

"သတ်မှတ်ထားတဲ့ အချိန်တွင်း အရည်အသွေးမီမီ ပြီးစီးရေးနဲ့ လုပ်ငန်းခွင် အန္တရာယ်ကင်းရှင်းရေးတွေကို အလေးထားပြီးဆောင်ရွက်ဖို့ လုပ်နေသလို တံတားတည်ဆောက်ရေး ဧရိယာအတွင်း ကျရောက်တဲ့ နေရာတွေမှာ လူမှုစီးပွားထိခိုက်မှုနည်းအောင်လည်း ဝိုင်းဝန်းဆောင်ရွက်ပေးလျက်ရှိပါတယ်" ဟု ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်သိန်းက အင်းစိန်ခုံးကျော် တံတားတည်ဆောက်ရေး လုပ်ငန်းခွင်၌ မေ ၂၀ ရက်က ပြောကြားသည်။

သတင်း-ဝေယံဦး
ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)

အင်းစိန် ခုံးကျော်တံတားသစ် တည်ဆောက်ရေးလုပ်ငန်းတွင်

စာမျက်နှာ ၇ ကော်လံ ၃ ❖

အသံလွှင့်မီဒီယာ ဖွံ့ဖြိုးလာမည်

နိုင်ငံတစ်နိုင်ငံ၏ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်ရာတွင် မီဒီယာများ၏ အခန်းကဏ္ဍသည် များစွာအထောက်အကူပြုနိုင်ပါသည်။ မီဒီယာများ၏ ထိန်းကျောင်းလုပ်ဆောင်ပေးနိုင်မှုသည် နိုင်ငံအတွင်းပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များကို လျင်မြန်သွက်လက်ရှင်သန်ဖွံ့ဖြိုးစေနိုင်ပါသည်။ ထို့ကြောင့်လည်း မီဒီယာများကို စတုတ္ထမဏ္ဍိုင်ဟု တင်စားခေါ်ဝေါ်ကြလေ့ရှိပါသည်။

မျက်မှောက်ခေတ်မီဒီယာလောကတွင် ပုံနှိပ်မီဒီယာနှင့် အီလက်ထရွန်နစ်မီဒီယာများ ကောင်းစွာဖွံ့ဖြိုးနေလင့်ကစား ရေဒီယိုအသံလွှင့်မီဒီယာမှာ ထိပ်ဆုံးမှဦးဆောင်နေဆဲဖြစ်ပါသည်။ အကြောင်းသည်ကား ရေဒီယိုသည် ကမ္ဘာတစ်ဝန်းမှ သတင်းအချက်အလက် အဖြစ်အပျက်များစွာတို့ကို ကာလဒေသမရွေး အချိန်နှင့်တစ်ပြေးညီ ဖမ်းယူနားဆင်နိုင်ခြင်းကြောင့်ပင် ဖြစ်ပါသည်။ ရေဒီယိုသည် ကမ္ဘာ့အကျယ်ပြန့်ဆုံးသော မီဒီယာကွန်ရက်ကို ဆောင်ရွက်နေဆဲဖြစ်ပါသည်။ ကမ္ဘာတစ်ဝန်းမှ လူသားများက ရေဒီယိုကို နားဆင်နေကြဆဲဖြစ်ပါသည်။ ကမ္ဘာ့လူသားများ ရေဒီယိုကိုအသုံးပြုကာ သတင်းအချက်အလက်နှင့် ဗဟုသုတများရယူနေကြဆဲ ဖြစ်ပါသည်။ ဤသည်မှာ ရေဒီယိုအသံလွှင့်လုပ်ငန်းများ ကြီးမားကျယ်ပြန့်စွာ ထွန်းကားနေဆဲဖြစ်ကြောင်းကို သက်သေပြနေခြင်းပင် ဖြစ်ပါသည်။

အာရှ-ပစိဖိတ်ဒေသဆိုင်ရာ ရုပ်သံလွှင့်လုပ်ငန်းများအဖွဲ့အစည်း **(Asia-Pacific Broadcasting Union-ABU)** ၏ တတိယအကြိမ်မြောက် အာရှရေဒီယိုညီလာခံ(၂၀၁၅) မှ **(Radio Asia-2015 Conference)** ကို မေ ၂၈ ရက်မှ ၃၀ ရက်အထိ ရန်ကုန်မြို့၌ကျင်းပခဲ့ရာ နိုင်ငံပေါင်း ၂၆ နိုင်ငံမှ ကိုယ်စားလှယ်များတက်ရောက်ကာ ဒေသတွင်းနိုင်ငံများ၏ မတူကွဲပြားသောယဉ်ကျေးမှုများ၊ အမြင်ရှုထောင့်များ၊ အလေးထားတန်ဖိုးထားမှုများ၊ ရေဒီယိုအသံလွှင့်ထုတ်လုပ်မှုနည်းပညာ၊ အသံလွှင့်အစီအစဉ်၊ အကြောင်းအရာပိုင်းဆိုင်ရာ အတွေ့အကြုံဗဟုသုတများ အပြန်အလှန် ဖလှယ်မျှဝေနိုင်ခဲ့ကြပါသည်။ ဤရေဒီယိုညီလာခံကို ၂၀၁၂ ခုနှစ်က ကိုရီးယားနိုင်ငံ၌လည်းကောင်း၊ ၂၀၁၄ ခုနှစ်က သီရိလင်္ကာနိုင်ငံ၌လည်းကောင်း ကျင်းပခဲ့ကြောင်း သိရသည်။ ဤသို့ရေဒီယိုညီလာခံများ ကျင်းပနေခြင်းကပင် အသံလွှင့်မီဒီယာလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးလာအောင် ဆောင်ရွက်နေသည်ကို အထင်အရှားတွေ့ရမည် ဖြစ်ပါသည်။

ဖွံ့ဖြိုးဆဲနိုင်ငံတစ်နိုင်ငံဖြစ်သော မြန်မာနိုင်ငံအနေဖြင့် အသံလွှင့်မီဒီယာသည် သတင်းအချက်အလက်များရယူရန် အရေးကြီးသောအစိတ်အပိုင်းတစ်ခုအဖြစ် ရှိနေဆဲဖြစ်ပါသည်။ ၂၀၁၂ ခုနှစ်အတွင်း ပြည်သူများ၏မီဒီယာများမှ သတင်းအချက်အလက်ရယူမှုသည် တစ်နိုင်ငံလုံး၏ ၁၄ ဒသမ ၈ ရာခိုင်နှုန်းရှိရာမှ ပြုပြင်ပြောင်းလဲမှုများစတင်ပြီး နှစ်နှစ်အကြာ ၂၀၁၄ ခုနှစ်တွင် ၄၄ ဒသမ ၁ ရာခိုင်နှုန်းအထိ တိုးတက်လာကြောင်း သိရပါသည်။

မြန်မာနိုင်ငံတွင် ဤသို့မီဒီယာများ တိုးတက်မှုနှင့်အတူ မြန်မာ့အသံအပါအဝင် ရေဒီယိုအသံလွှင့် လုပ်ငန်းများလည်း တိုးတက်လျက်ရှိရာ လွန်ခဲ့သည့်နှစ်များအတွင်း တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် ဗဟိုပြုထုတ်လွှင့်သော **FM** ရေဒီယိုအသံလွှင့်လုပ်ငန်းများလည်း ဖွံ့ဖြိုးတိုးတက်လျက်ရှိပါသည်။ မြန်မာနိုင်ငံက အာရှရေဒီယိုညီလာခံကို အိမ်ရှင်အဖြစ်အောင်မြင်စွာကျင်းပနိုင်ခြင်းကပင် ရေဒီယိုအသံလွှင့်လုပ်ငန်းများကို လာမည့်နှစ်များအတွင်း ကျယ်ကျယ်ပြန့်ပြန့် ဖြန့်ကြက်ထုတ်လုပ်နိုင်အောင် ကြိုးပမ်းအားထုတ်ကြရမည် ဖြစ်ပါကြောင်း။ ။

နည်းပညာတက္ကသိုလ်နှင့် ကွန်ပျူတာတက္ကသိုလ်များ လုပ်ငန်းညှိနှိုင်းစည်းဝေး

နေပြည်တော် မေ ၃၀

နည်းပညာတက္ကသိုလ်၊ ကွန်ပျူတာတက္ကသိုလ်များ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန စုဝေးခန်းမ၌ မေ ၂၇ ရက် နံနက်က ကျင်းပရာ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကိုကိုဦးက နည်းပညာတက္ကသိုလ်၊ ကွန်ပျူတာတက္ကသိုလ်၊ မြန်မာနိုင်ငံလေကြောင်းနှင့် အာကာသပညာတက္ကသိုလ်နှင့် သတင်းအချက်အလက်နည်းပညာသင်တန်းကျောင်းတို့သည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် လူ့စွမ်းအားအရင်းအမြစ်များကို အဓိကထားမွေးထုတ်ပေးနေပြီး နိုင်ငံတော်တည်ဆောက်ရေးတွင် မရှိမဖြစ်လိုအပ်နေပါကြောင်း၊ နိုင်ငံတကာတက္ကသိုလ်များနှင့် ရင်ပေါင်တန်းနိုင်ရန် ပညာရေးနယ်ပယ်ကဏ္ဍများတွင် မျက်ခြည်မပြတ်အစဉ်လေ့လာကြိုးစား အားထုတ်ကြရန်နှင့် သုတေသနလုပ်ငန်းများကိုလည်း လုပ်ဆောင်ကြရန် လိုအပ်ကြောင်း ပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီး ဒေါက်တာဘရွှေက စီမံခန့်ခွဲမှုဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး ဒုတိယဝန်ကြီး ဒေါက်တာအောင်ကျော်မြတ်က သင်ကြားရေးဆိုင်ရာကိစ္စရပ်များနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်လာကြသော တက္ကသိုလ်များမှ ပါမောက္ခချုပ်များ၊ ပါမောက္ခချုပ်(တာဝန်)များနှင့် ကျောင်းအုပ်ကြီးများက သင်ကြားရေး၊ စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးတင်ပြကြသည်။

(သတင်းစဉ်)

ကျောင်းအပ်နှံရေးနေ့ အခမ်းအနားကျင်းပ

မန္တလေး မေ ၃၀

၂၀၁၅-၂၀၁၆ ပညာသင်နှစ် မန္တလေးတိုင်းဒေသကြီး ကျောင်းအပ်နှံရေးနေ့အခမ်းအနားကို ချမ်းအေးသာစံမြို့နယ် အမှတ်(၁၆) အခြေခံပညာအထက်တန်းကျောင်း ပညာရတနာခန်းမ၌ မေ ၂၉ ရက် နံနက် ၈ နာရီက ကျင်းပသည်။

အခမ်းအနားတွင် တိုင်းဒေသကြီးလူမှုရေးရာဝန်ကြီး ဒေါက်တာဝင်းလှိုင်က အမှာစကားပြောကြားပြီး ဆက်လက်၍ ဗလာစာအုပ်များနှင့် ကျောင်းဝတ်စုံများကို ပေးအပ်ရာ တိုင်းဒေသကြီးပညာရေးမှူး ဒေါက်တာစိုးမြင့်ထွန်းက လက်ခံယူသည်။

ထို့နောက် နိုင်ငံတော်က အခမဲ့ဖြန့်ဝေသည့် အထက်တန်းနှင့် အလယ်တန်းအဆင့် ကျောင်းသုံးပုံနှိပ်စာအုပ်များကို တိုင်းဒေသကြီး ပညာရေးမှူးက ပေးအပ်လှူဒါန်းရာ တိုင်းဒေသကြီးပညာရေးမှူးရုံး ဒုညွှန်စီမံဦးခင်မောင်မြင့်က လက်ခံယူပြီး ပညာရေးစေတနာရှင် အလှူရှင်များက

အလှူငွေများ ပေးအပ်လှူဒါန်းကြကြောင်း သိရသည်။

ထွန်းထွန်းနိုင်(ကျောက်ဆည်)

မြို့နယ်လုံးကျွတ် ကျောင်းအပ်နှံရေးနေ့ အခမ်းအနားကျင်းပ

ကျောက်မဲ မေ ၃၀

ရှမ်းပြည်နယ် (မြောက်ပိုင်း) ကျောက်မဲခရိုင် ကျောက်မဲမြို့နယ် နောင်ပိန်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်းတွင် မေ ၂၇ ရက် နံနက် ၉ နာရီက မြို့နယ်ကိုယ်စားပြု ကျောင်းအပ်နှံရေးနေ့ အခမ်းအနား ကျင်းပခဲ့သည်။

အလှူရှင်များက နောင်ပိန်ကျေးရွာအုပ်စုအတွင်းရှိ ဆင်းရဲနွမ်းပါးသည့် ကလေးငယ်များအတွက် ကျောင်းသုံးဗလာစာအုပ်များ၊ လွယ်အိတ်များနှင့် ကျောင်းသုံးပစ္စည်းများကို လှူဒါန်းကြရာ တာဝန်ရှိသူများက လက်ခံယူခဲ့ကြောင်း သိရသည်။ **သိန်းသန်း(iprd)**

ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း ၂၀-၅-၂၀၁၅

ရွှေဈေးနှုန်း(အောင်သမာဓိ)

ရန်ကုန်	၁၆ ပဲရည်	တစ်ကျပ်သား	ကျပ် ၇၁၄၀၀၀
ရန်ကုန်	၁၅ ပဲရည်	တစ်ကျပ်သား	ကျပ် ၆၇၄၄၀၀
မန္တလေး	၁၆ ပဲရည်	တစ်ကျပ်သား	ကျပ် ၇၁၆၅၀၀

စက်သုံးဆီဈေးနှုန်း(စက်သုံးဆီအသင်း)

ဓာတ်ဆီ	တစ်လီတာ	ကျပ် ၇၁၀
ဒီဇယ်	တစ်လီတာ	ကျပ် ၆၉၀
အောက်တိန်း ၉၂	တစ်လီတာ	ကျပ် ၇၄၀
အောက်တိန်း ၉၅	တစ်လီတာ	ကျပ် ၈၁၀
ပရီမီယံဒီဇယ်	တစ်လီတာ	ကျပ် ၇၄၀

သားငါးနှင့်ဟင်းချက်စရာဈေးနှုန်း(သား/ငါးဒိုင်များ)

၁။	ငါးကြင်း	တစ်ပိဿာ	၄၅၀၀-၆၀၀၀
၂။	ငါးမြစ်ချင်း	တစ်ပိဿာ	၃၀၀၀-၄၅၀၀
၃။	ငါးရံ့	တစ်ပိဿာ	၆၀၀၀-၈၀၀၀
၄။	ငါးဖယ်	တစ်ပိဿာ	၇၀၀၀-၁၂၀၀၀
၅။	ပုစွန် (ကျော့)	တစ်ပိဿာ	၆၀၀၀-၁၂၀၀၀
၆။	ပုစွန်တုပ်	တစ်ပိဿာ	၈၀၀၀-၂၅၀၀၀
၇။	ငါးသလောက်	တစ်ပိဿာ	၇၀၀၀-၁၈၀၀၀
၈။	ကြက်	တစ်ပိဿာ	၆၀၀၀-၁၂၀၀၀
၉။	ဝက်	တစ်ပိဿာ	၆၀၀၀-၉၀၀၀
၁၀။	အမဲ	တစ်ပိဿာ	၇၀၀၀-၉၀၀၀
၁၁။	ဆိတ်	တစ်ပိဿာ	၁၃၀၀၀-၁၈၀၀၀
၁၂။	ဘဲ	တစ်ပိဿာ	၆၀၀၀-၁၃၀၀၀

နိုင်ငံတကာသုံးငွေကြေးပေါက်ဈေး (ဗဟိုဘဏ်)

အမေရိကန်	တစ်ဒေါ်လာ	၁၀၉၀
ဥရောပ	တစ်ယူရို	၁၁၉၄.၇
စင်ကာပူ	တစ်ဒေါ်လာ	၈၀၉.၀၆
ထိုင်း	တစ်ဘတ်	၃၂.၂၈၇
အိန္ဒိယ	တစ်ရူပီး	၁၇.၀၆၄
တရုတ်	တစ်ယွမ်	၁၇၅.၇၇
မလေးရှား	တစ်ရင်းဂစ်	၂၉၉.၂၉

ဘုရင့်နောင်ကုန်စည်ဒိုင်ဈေးနှုန်း

နွေဆန် (အသစ်)	တစ်အိတ်	၁၈၅၀၀-၁၉၀၀၀
ပေါ်ကွဲ	တစ်အိတ်	၂၆၀၀၀-၂၇၅၀၀
ပေါ်ဆန်း (အသစ်)	တစ်အိတ်	၃၀၀၀၀-၃၅၀၀၀
မြေပဲဆီ	တစ်ပိဿာ	၅၀၀၀
စားအုန်းဆီ	တစ်ပိဿာ	၁၄၃၅
ဆိပ်ဖြူကြက်သွန်နီ (အသစ်)	တစ်ပိဿာ	၃၅၀-၄၅၀
ရှမ်းကြက်သွန်ဖြူ (အသစ်)	တစ်ပိဿာ	၁၄၅၀-၁၈၅၀
ကြက်သွန်ဖြူ(ကြိုကုတ်သစ်)	တစ်ပိဿာ	၁၈၀၀
အာလူး(ဟဲဟိုး)	တစ်ပိဿာ	၅၀၀-၆၇၀
ငရုတ်ရှည် (မိုးထောင်)	တစ်ပိဿာ	၂၉၀၀-၃၀၀၀
ငရုတ်ပွ (မြစ်ဝ)	တစ်ပိဿာ	၅၀၀၀
သကြား	တစ်ပိဿာ	၁၀၅၀-၁၀၇၀

ကုန်စည်ဒိုင်ဈေးနှုန်းဖြစ်ပြီး အချိန်နှင့်အမျှ အပြောင်းအလဲရှိနိုင်ပါသည်။

ခင်ရတနာ-စုစည်းသည်။ ခင်ဆိုင်-ဇေ့ငုတင်ပြသည်။

တပ်မတော်အနေဖြင့် နိုင်ငံတော်၏ ငြိမ်းချမ်းရေးဆောင်ရွက်မှုလုပ်ငန်းစဉ်တွင် အားသွန်ခွန်စိုက်ပါဝင်ဆောင်ရွက်နေ

နေပြည်တော် မေ ၂၀

၁၉၄၈ ခုနှစ် လွတ်လပ်ရေးရပြီး ချိန်မှစ၍ ၂၀၁၅ ခုနှစ် နှစ်ဆန်းပိုင်းထိ တပ်မတော်အနေဖြင့် မှတ်တမ်းတင်ထားသည့် တိုက်ပွဲကြီး ၁၅၅၇ ပွဲ၊ တိုက်ပွဲငယ် ၁၆၅၇၁ ပွဲရှိခဲ့ပါကြောင်း၊ ယင်းတိုက်ပွဲ ကြီးငယ်များစွာတွင် ထောင်သောင်းမကသော တပ်မတော်သားများ၏ အသက်သွေးချွေးများ ပေးဆပ်ခဲ့ရပါကြောင်း၊ ထိုသို့ ပေးဆပ်လုပ်ဆောင်မှုများကြောင့်လည်း မိမိနိုင်ငံနယ်နိမိတ် ပြောင်းလဲမှုမရှိအောင်၊ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲအောင် ကာကွယ် ထိန်းသိမ်းနိုင်ခဲ့ပြီး လက်ရှိနိုင်ငံတော်၏ အခြေအနေအတိုင်း ရှိနေခြင်းဖြစ်ပါကြောင်း၊ ယင်းအခြေအနေကို ထိခိုက်စေမည့် မည်သည့်ကိစ္စရပ်မျိုးကိုမဆို တပ်မတော်အနေဖြင့် ထိန်းသိမ်းကာကွယ်စောင့်ရှောက်သွားရမည်ဖြစ်ကြောင်းဖြင့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ယနေ့မွန်းလွဲပိုင်းတွင် ကျင်းပသော ၂၀၁၅ ခုနှစ် စစ်ဦးစီး၊ စစ်ရေး၊ စစ်ထောက်ညှိနှိုင်းအစည်းအဝေး၌ အမှာစကားပြောကြားရာတွင် ထည့်သွင်းပြောကြားသည်။

အဆိုပါ အစည်းအဝေးသို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)နှင့် တပ်မတော်အရာရှိကြီးများ၊ နိုင်ငံတော်ကာကွယ်ရေး တက္ကသိုလ်မှ နည်းပြများနှင့် သင်တန်းသားအရာရှိကြီးများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က တပ်မတော်သည် ပြည်သူကြားက ပေါက်ဖွားလာခြင်းဖြစ်၍ ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်စောင့်ရှောက်ရမည်ဖြစ်ကြောင်း၊ မိမိတို့ကိုင်ဆောင်ထားသည့် လက်နက်၊ ခဲယမ်းများမှာ တိုင်းပြည်နှင့်ပြည်သူက ယုံကြည်စွာ အပ်နှံထားခြင်းဖြစ်၍ ယင်းတို့ကို ကိုင်ဆောင်ပြီး တိုင်းပြည်ကို ကာကွယ်ရမည်ဖြစ်ကြောင်း၊ ထိုသို့ နိုင်ငံတော်နှင့်ပြည်သူကို ကာကွယ်စောင့်ရှောက်ရန် စွမ်းရည်ရှိသော တပ်မတော်ဖြစ်ရန်လိုကြောင်း၊ သို့ဖြစ်၍ တိုက်စွမ်းအားနှင့် တိုက်စွမ်းရည်မြှင့်တင်မှုများ မဖြစ်မနေလုပ်ဆောင်ရမည်ဖြစ်ကြောင်း၊ အခြေခံကျသည့် တပ်မတော်သားများ ပညာရည်မြှင့်တင်ရေးကိုလည်း မဖြစ်မနေလုပ်ဆောင်ရမည်ဖြစ်ကြောင်း၊ ယင်းအပြင် ရဲစွမ်းသတ္တိနှင့်စွန့်လွှတ်စွန့်စားသည့် စိတ်ဓာတ်များ (တပ်မတော်ချစ်စိတ်၊ တိုင်းပြည်ချစ်စိတ်များအား) ရှင်သန်နေအောင် လုပ်ဆောင်ရန် လိုအပ်ကြောင်း။

၂၀၁၁ ခုနှစ်မှ ၂၀၁၅ ခုနှစ်အတွင်း နိုင်ငံတော်အစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၏ ငြိမ်းချမ်းရေးတွေ့ဆုံဆွေးနွေးမှုများကြောင့် ပြည်ထောင်စုအဆင့် လက်မှတ်ရေးထိုးပြီးသည့်အဖွဲ့ ၁၂ ဖွဲ့၊ ပြည်နယ်အဆင့်လက်မှတ်ရေးထိုးထားသည့်အဖွဲ့နှစ်ဖွဲ့တို့နှင့် ငြိမ်းချမ်းရေးသဘောတူညီမှု ကတိကဝတ်များ ဆောင်ရွက်နိုင်ခဲ့ကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ ငြိမ်းချမ်းရေးဆောင်ရွက်မှုလုပ်ငန်းစဉ်တွင် အားသွန်ခွန်စိုက်ပါဝင်ဆောင်ရွက်နေကြောင်း၊ တပ်မတော်အနေဖြင့် တိုင်းရင်းသားများကို တိုက်ခိုက်နေခြင်းမဟုတ်ဘဲ တိုင်းပြည်၏အချုပ်အခြာအာဏာကို ထိပါးသောရန်သူ၊ တိုင်းပြည်၏ သယံဇာတများကို ခိုးထုတ်နေသော၊ ခိုးထုတ်မှုကို ကာကွယ်ပေးနေသော ရန်သူနှင့် တစ်ကမ္ဘာလုံးက လက်မခံသည့် မူးယစ်ဆေးဝါးထုတ်လုပ်နေသော ရန်သူများကိုသာ တိုက်ခိုက်နေခြင်းဖြစ်ကြောင်း၊ တပ်မတော်သားများသည် ရှေ့တန်းစစ်ဆင်ရေးတွင် အသက်သွေးချွေးပေးဆပ်ရုံသာမက သွားလာရေး ခက်ခဲသော၊ ရာသီဥတုဆိုးရွားသော အစွန်အဖျားနယ်စပ်ဒေသများတွင်လည်း နေထိုင်တာဝန်ထမ်းဆောင်နေကြရကြောင်း၊ နေထိုင်စားသောက်မှုဆင်းရဲခြင်း၊ ပင်ပန်းကြမ်းတမ်းစွာ တာဝန်ထမ်းဆောင်ရခြင်း၊ အသက်ခန္ဓာသွေးချွေးများစွာ စတေးရခြင်းတို့မှာ တပ်မတော်၏ ပေးဆပ်မှုများပင်ဖြစ်ကြောင်း ၊ ထိုသို့ ပေးဆပ်မှု၊ စတေးမှု များစွာဖြင့် တည်ဆောက်ခဲ့ရသော တိုင်းပြည်၏ အခြေအနေယိမ်းယိုင်သွား၍ မရကြောင်း၊ တွေ့ကြုံလာရမည့် နိုင်ငံရေး၊ စစ်ရေးအခြေအနေများအား ရင်ဆိုင်နိုင်သည့်စိတ်ဓာတ်များ ရှင်သန်နေရန် လိုအပ်ကြောင်း ။

လူတိုင်းလွတ်လပ်မှုကို လိုလားကြကြောင်း၊ သို့သော် စည်းကမ်းနှင့်အညီဖြစ်ရန် လိုကြောင်း၊ စည်းကမ်းကောင်းသော တပ်မတော်သားများဖြစ်ရန်လိုအပ်သကဲ့သို့ လိုက်လျောညီထွေရှိသည့် နေထိုင်မှုစနစ်နှင့်ဒီမိုကရေစီအလေ့အကျင့်များ ရရှိအောင် လုပ်ဆောင်သွားရန် လိုအပ်ကြောင်း၊ ရှိသည့်စွမ်းအားအပေါ် မူတည်ပြီး လူတစ်ဦးချင်း၏ စွမ်းအားမှသည် မိမိတပ်စွမ်းအား၊ တပ်မတော်၏ စွမ်းအားမြှင့်တင်နိုင်သည်အထိ၊ နိုင်ငံတော်ကို အကျိုးပြုနိုင်သည်အထိ တိုင်းပြည်အတွက် သစ္စာရှိရှိဖြင့် ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ ကြိုးစားလုပ်ဆောင်သွားရမည် ဖြစ်ကြောင်း၊ အရှေ့မြောက် တိုင်းစစ်ဌာနချုပ်နယ်မြေတွင် စစ်ဆင်ရေးတာဝန်ထမ်းဆောင်စဉ် အသက်စွန့်လွှတ်ခဲ့သူ၊ ထိခိုက်ဒဏ်ရာရရှိသူ အရာရှိ၊ စစ်သည်၊ မိသားစုများ၊ သက်ပြည့်အငြိမ်းစားယူသည့် အရာရှိ၊ စစ်သည်၊ မိသားစုများ နေထိုင်ရန်အတွက် အများစုနေထိုင်လိုသည့် တိုင်းစစ်ဌာနချုပ် နယ်မြေငါးခု၌ စစ်မှုထမ်းဟောင်းအိမ်ရာတိုက်ခန်း ၅၄၆ ခန်းအား ကျပ်ငွေ ၁၁ ဘီလီယံ အကုန်အကျခံ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း၊ ယခုနှစ်တွင်လည်း ကျပ်ငွေ ၆ ဘီလီယံ တန်ဖိုးရှိသည့် လိုင်းခန်းများကို အခြားတိုင်းစစ်ဌာနချုပ် နယ်မြေသုံးခုတွင် ထပ်မံဆောက်လုပ်သွားမည်ဖြစ်ကြောင်း၊ ယင်းစစ်မှုထမ်းဟောင်းအိမ်ရာ ဆောက်လုပ်ရေးနှင့်ပတ်သက်၍ ပူးပေါင်းပါဝင်ဆောင်ရွက်လိုသူများကိုလည်း လက်ခံဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ နိုင်ငံတော်မှဘတ်ဂျက်ခွဲဝေရရှိသည့်အခြေအနေအပေါ် မူတည်၍ စစ်မှုထမ်းဟောင်းအိမ်ရာစီမံကိန်းများကို ဆက်လက်တိုးချဲ့လုပ်ဆောင်သွားမည် ဖြစ်ကြောင်း ပြောကြားခဲ့သည်။

(မြဝတီ)

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၂၀၁၅ ခုနှစ် စစ်ဦးစီး၊ စစ်ရေး၊ စစ်ထောက်ညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ (မြဝတီ)

ကမ္ဘာ့ဖလားယူ-၂၀ ပြိုင်ပွဲဝင် မြန်မာဘောလုံးအသင်းယှဉ်ပြိုင်မှုပွဲစဉ်များ တိုက်ရိုက်ထုတ်လွှင့်ပြသနေခြင်းအပြင် ပြန်လည်ထုတ်လွှင့်ပြသပေး

ကမ္ဘာ့ဖလားယူ-၂၀ ဘောလုံးပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်နေသော မြန်မာဘောလုံးအသင်း၏ပွဲစဉ်များကို မြန်မာ့ရုပ်မြင်သံကြား၊ Sky Net၊ MNTV တို့မှ တိုက်ရိုက်ပြသပေးနေခြင်းများအပြင် တိုက်ရိုက်ပွဲစဉ် မကြည့်ရှုလိုက်ရသည့် ပရိသတ်များအတွက် ပြန်လည်ထုတ်လွှင့်ပြသပေးလျက်ရှိကြောင်း သိရသည်။

ကမ္ဘာ့အဆင့်ပြိုင်ပွဲကို တက်လှမ်းယှဉ်ပြိုင်နိုင်ခဲ့သည့် မြန်မာဘောလုံးအသင်း၏ သမိုင်းဝင်ပြိုင်ပွဲတစ်ခုဖြစ်သည့်အတွက်ကြောင့် မြန်မာပြည်သူလူထုဘောလုံးပရိသတ်များ တိုက်ရိုက်ကြည့်ရှုအားပေးနိုင်ရန် မြန်မာ့ရုပ်မြင်သံကြားမှ တိုက်ရိုက်ထုတ်လွှင့်ပြသနေပြီး ထပ်မံ၍ ည ၈ နာရီ သတင်းအပြီးတွင် မကြည့်ရှုလိုက်ရသည့် ဘောလုံးဝါသနာရှင်ပရိသတ်များအတွက် ပြန်လည်ထုတ်လွှင့်ပြသပေးခဲ့သည်။ ယင်းအပြင် ကမ္ဘာ့ဖလား ယူ-၂၀ ဘောလုံးပွဲစဉ်များကို တစ်ဦးတည်း ထုတ်လွှင့်ခွင့်ရရှိထားသည့် Sky Net ရုပ်သံလိုင်းမှလည်း မြန်မာ့ရုပ်မြင်သံကြားတွင် တိုက်ရိုက်ထုတ်လွှင့်နိုင်ရန် လွှဲပြောင်းပေးအပ်ခဲ့ပြီး Sky Net ရုပ်သံလိုင်း၏ Sport HD, Sport1, Sport 2 နှင့် MNTV တို့တွင် တိုက်ရိုက်ထုတ်လွှင့်ပြသနေသကဲ့သို့ ပြန်လည်ထုတ်လွှင့်ပြသလျက်ရှိကြောင်း သိရသည်။

"MNTV မှာ ည ၇နာရီ မိနစ် ၂၀၊ Sky Net Sport HD က ညနေ ၅ နာရီ၊ Sport 1 က ညနေ ၅နာရီ မိနစ် ၄၀ နဲ့ Sport 2 က ည ၇ နာရီ မိနစ် ၂၀ တို့မှာ ပြန်လည်ထုတ်လွှင့်ပြသပေးနေတယ်။ Sky Net မှာ မြန်မာအသင်းပွဲစဉ်တွေအပြင် အခြားအသင်းပွဲစဉ်တွေကိုလည်း ပြသပေးနေပါတယ်"ဟု Sky Net မှတာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

မြန်မာယူ-၂၀ အသင်း၏ အဖွင့်ပွဲစဉ်အဖြစ် မြန်မာဘောလုံးအသင်းနှင့် အမေရိကန်ယူ-၂၀ ဘောလုံးအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ပြီး မြန်မာအသင်း ၂-၁ ဂိုးဖြင့် ရှုံးနိမ့်ခဲ့သော်လည်း အင်တိုက်အားတိုက်ဖြင့် ယှဉ်ပြိုင်ကစားနိုင်ခဲ့သည့်အတွက် မြန်မာဘောလုံးပရိသတ်များက တစ်ခဲနက်အားပေးကြကြောင်း သိရသည်။ ဆက်လက်၍ မြန်မာဘောလုံးအသင်းအနေဖြင့် ဇွန် ၂ ရက် မြန်မာစံတော်ချိန် နံနက် ၇ နာရီတွင် ယူကရိန်းအသင်း၊ ဇွန် ၅ ရက် မြန်မာစံတော်ချိန် မွန်းလွဲ ၁ နာရီခွဲတွင် အိမ်ရှင် နယူးဇီလန်အသင်းနှင့် ယှဉ်ပြိုင်ကစားမည်ဖြစ်ရာ မြန်မာဘောလုံးဝါသနာရှင်များအနေဖြင့် အထက်ပါ ရုပ်သံလိုင်းများတွင် စောင့်မျှော်ကြည့်ရှုနိုင်ကြောင်းသိရသည်။ **(၀၀၁)**

မြန်မာ့လက်ရွေးစင် စားပွဲတင်တင်းနစ်အဖွဲ့ စင်ကာပူ၌ကျင်းပမည့် ဆီးဂိမ်းပြိုင်ပွဲသို့ထွက်ခွာ

ရန်ကုန် မေ ၂၀

(၂၈)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်မည့် မြန်မာ့လက်ရွေးစင် စားပွဲတင်တင်းနစ်အားကစားအဖွဲ့သည် ယနေ့ နံနက် ၈ နာရီ ၂၅ မိနစ်က ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ စင်ကာပူနိုင်ငံသို့ စတင်ထွက်ခွာသွားပြီဖြစ်သည်။အဆိုပါမြန်မာ့လက်ရွေးစင် စားပွဲတင်တင်းနစ်အားကစားအဖွဲ့တွင် အမျိုးသား၊ အမျိုးသမီးနှင့် အုပ်ချုပ်သူ၊ နည်းပြ၊ ဆေးအဖွဲ့အပါအဝင် ပြိုင်ပွဲဝင်မြန်မာအားကစားသမား စုစုပေါင်း ခုနစ်ဦးလိုက်ပါသွားကြပြီး အားကစားဝန်ကြီးဌာန အားကစားနှင့်ကာယပညာဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးသက်လွင်နှင့် တာဝန်ရှိသူများက ပို့ဆောင်နှုတ်ဆက်ကြသည်။

မင်းထက်

ကရင်နှင့် မွန်ပြည်နယ်ကို ဆက်သွယ်ပေးမည့် ဘီးလင်းမြစ်ကူးတံတား

ဘီးလင်း မေ ၂၀

မွန်ပြည်နယ်နှင့်ကရင်ပြည်နယ်ကိုဆက်သွယ်ထားသည့် ဘီးလင်း-နတ်ကြီး-လဝွန်းပျို-ကျောက်တောင်-ဖာပွန်ကားလမ်း ၇၅ မိုင်သည် ဆောက်လုပ်ရေးဝန်ကြီးဌာနပိုင် အရှေ့အနောက်၊ တောင်မြောက်လမ်းမကြီးများအနက်မှ တောင်မြောက်လမ်းမကြီး ၁၆ လမ်းတွင် ပါဝင်သော ပြည်ထောင်စုလမ်းမကြီးတစ်လမ်းဖြစ်သည်။

ထိုလမ်းမကြီး၏ ဘီးလင်းဘက်မှ အရှည် ၂၁ မိုင် ၄ ဖာလုံတွင် ဘီးလင်းမြစ်ကြီးရှိ၍ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့မှ ဒေသတွင်းရှိပြည်သူများမှာ သွားလာရေးအဆင်မပြေဖြစ်နေခဲ့ရသည်။ ထိုအခက်အခဲကို ပြေပျောက်စေရန်အတွက် မွန်ပြည်နယ်အစိုးရအဖွဲ့သည် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် ပြည်နယ်အစိုးရ၏ရန်ပုံငွေဖြင့် ဘီးလင်းမြစ်ကူးတံတားကြီးကို တည်ဆောက်ရန်ဆုံးဖြတ်ပြီး ဆောက်လုပ်ရေးဝန်ကြီးဌာန တံတားဦးစီးဌာနမှ တံတားဆောက်လုပ်ရေးစီမံကိန်းအထူးအဖွဲ့(၆)အား တည်ဆောက်ရန် တာဝန်ပေးခဲ့သဖြင့် တံတားအထူးအဖွဲ့(၆)သည် ၁၈-၅-၂၀၁၄ ရက်က စတင်ဆောက်လုပ်ခဲ့ရာ ယခုအခါ တံတားတစ်စင်းလုံး ၉၇ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်သည်။

တံတားကြီးမတည်ဆောက်ခင်က ဒေသတွင်းရှိပြည်သူများမှာ ဘီးလင်းမြစ်ကြီးကိုရရာလှေသမ္ဗန်၊ ဖောင်တို့ဖြင့် ဖြတ်သန်းကူးလူးသွားလာနေကြရသဖြင့် လူမှုရေး၊ ကျန်းမာရေးကိစ္စများနှင့် ပညာသင်ကြားနေကြရသော ကျောင်းသား ကျောင်းသူများအတွက်ဆိုပါမူ အသက်ဘေးအတွက် စိုးရိမ်နေကြရသော်လည်း ကူးသန်းသွားလာနေကြရကြောင်း၊ ဘီးလင်း-ဖာပွန် ခရီးမှာလည်း တံတားမရှိခင်က ဖာပွန်မှဘီးလင်းရောက်ရန် မိုင်ပေါင်း ၁၇၀ ခန့်ကွေ့ပတ်လာပြီးမှ ရောက်ရှိကြောင်း ဆောက်လုပ်ရေးစီမံကိန်းမှ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးစောမြင့်ကြည်က ပြောသည်။

အဆိုပါ မြစ်ကူးတံတားကြီး၏ စီမံကိန်းဆိုင်ရာ အချက်အလက်များမှာ အရှည်ပေ ၆၈၀၊ အကျယ်ပေ ၃၀ ယာဉ်သွား လမ်းအကျယ် ၂၄ ပေ၊ လူသွားလမ်းအကျယ်တစ်ဖက်လျှင် သုံးပေ၊ ရေလမ်း ကင်းလွတ်အမြင့် အမြင့်ဆုံး မြစ်ရေတက်ချိန်အထက် သုံးပေ၊ ရေလမ်းကင်းလွတ်အကျယ် ၈၈ ပေ၊ တံတားအမျိုးအစားမှာ သံကူကွန်ကရစ်တံတားဖြစ်ကြောင်း သိရသည်။

သတင်းနှင့်ဓာတ်ပုံ
ခရမ်းစိုးမြင့်

မောရစ်သျှ သမ္မတနုတ်ထွက်

ပို့စ်လူးဝစ် မေ ၃၀

မောရစ်သျှသမ္မတ ကိုင်လက်ရှ်ပူရယက်သည် သောကြာနေ့က ရာထူးမှ နုတ်ထွက်သွားကြောင်း သမ္မတ အိမ်တော်သတင်းထုတ်ပြန်ရေးအဖွဲ့က ပြောသည်။ သမ္မတ ပူရယက်အနေဖြင့် မောရစ်သျှ လွှတ်တော်ဥက္ကဋ္ဌထံသို့ နုတ်ထွက်လွှာတစ်စောင် ရေးသားပေးပို့ခဲ့ကြောင်း ထုတ်ပြန်ချက်တွင် ဖော်ပြသည်။

ပူရယက်အား ၂၀၁၂ ခုနှစ်က ဝန်ကြီးချုပ်ဟောင်း နာဗင်ရမ်ဂွန်းလမ်းလေဘာ ပါတီအစိုးရက သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခဲ့ခြင်းဖြစ်သည်။ သမ္မတ ပူရယက်အနေဖြင့် ၂၀၁၅ ခုနှစ် ဇန်နဝါရီလအတွင်း ရာထူးမှဆင်းပေးရန် ကြေညာထားသော်လည်း ယင်းဆုံးဖြတ်ချက်အပေါ် အကောင်အထည်ဖော်ရန် မအောင်မြင်ခဲ့၍ ငါးလကြာခဲ့သည်ဟုဆိုသည်။

ယင်းနိုင်ငံအကြီးအကဲမှ နုတ်ထွက်ပေးခြင်းသည် အကြီးအကဲဖြစ်လာရန် လူသိများသော သုတေသနနှင့် သိပ္ပံပညာရှင် အမီးနက် ဂူရစ်ဖာကင်အတွက် နေရာဖယ်ရှားပေးလိုက်ခြင်းဖြစ်သည်ဟု ဆိုသည်။

လာမည့် သီတင်းပတ်အတွင်း ပါလီမန်ခေါ်ယူပြီး ဂူရစ်ဖာကင်အား ၁၉၉၂ ခုနှစ်က လွတ်လပ်ရေးရလာသော ခြောက်ဦးမြောက် မောရစ်သျှ သမ္မတအဖြစ် ခန့်အပ်ဖွယ်ရှိကြောင်း တာဝန်ရှိသူများက ပြောသည်။

(ဆင်ဟွာ)

ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များကို ပိတ်ဆို့မှုမပြုရန် လွှတ်တော်အမတ်တစ်စုအား အိုဘားမားသတိပေး

ဝါရှင်တန် မေ ၃၀

လက်တစ်ဆုပ်စာအမတ်တစ်စုက ဥပဒေပြဋ္ဌာန်းမှု ပြုပြင်ပြောင်းလဲရေးလမ်းစဉ်တွင် ပိတ်ဆို့နေခြင်းကို မရပ်တန့်ပါက အမေရိကန်နိုင်ငံသားများအပေါ် တိုက်ခိုက်လာမှုများကို ကာကွယ်ရန် အသုံးပြုခဲ့သော စုံစမ်းထောက်လှမ်းလုပ်ပိုင်ခွင့်အာဏာကို မေ ၃၁ ရက် ညသန်းခေါင်တွင် ဆိုင်းငံ့သွားလိမ့်မည်ဟု အမေရိကန်သမ္မတ ဘားရက်အိုဘားမားက မေ ၂၉ ရက်က သတိပေးပြောကြားခဲ့သည်။

လွှတ်တော်ကအတည်ပြုခဲ့သော ဥပဒေမူကြမ်းကို လွှတ်တော်အမတ်များက လျင်မြန်စွာဆောင်ရွက်နိုင်ရန် အမေရိကန်သမ္မတက မျှော်လင့်ကြောင်း ရီပတ်ပလီကန်လွှတ်တော်အမတ်ခေါင်းဆောင် မက်ကောနဲနှင့် အခြားလွှတ်တော်အမတ်များကို ၎င်းက ပြောကြားခဲ့သည်။

ထိုဥပဒေမူကြမ်း၌ လုပ်ပိုင်ခွင့်အာဏာအချို့ကို အသစ်တစ်ဖန် ပြန်လည်အသက်သွင်းမည်ဖြစ်ပြီး တယ်လီဖုန်း အချက်အလက်အများအပြား စုဆောင်းခြင်းဆိုင်ရာ ပြုပြင်ပြောင်းလဲမှုလုပ်ငန်းစဉ်များကိုလည်း ပြုလုပ်နိုင်မည်ဖြစ်သည်။ မက်ကောနဲက တနင်္ဂနွေနေ့ လွှတ်တော်၌ ပုဒ်မ ၂၁၅ ပါဝင်သော မျိုးချစ်အက်ဥပဒေမှ ပြဋ္ဌာန်းချက် သုံးချက် သက်တမ်းကုန်ဆုံးခြင်းကို ကိုင်တွယ်ဖြေရှင်းရန်အတွက် အမေရိကန်လွှတ်တော်အမတ်များ ထောက်ခံမှုပေးရမည်ဖြစ်ကြောင်း တိုက်တွန်းလိုက်သည်။

သောကြာနေ့က အွန်လိုင်းတက်ကြွလှုပ်ရှားသူများက မျိုးချစ်အက်ဥပဒေကိုကာကွယ်သည့်အနေဖြင့် လွှတ်တော်ဆိုင်ရာဝက်ဘ်ဆိုက် ထောင်ပေါင်းများစွာကို ပိတ်ဆို့ခဲ့သည်။ ရီပတ်ပလီကန်အမတ်များက သက်တမ်းကုန်ဆုံးနေပြီဖြစ်သော မျိုးချစ်အက်ဥပဒေပါ ပြဋ္ဌာန်းချက်သုံးခုကို ကိုင်တွယ်ဖြေရှင်းရန် သဘောမတူပေ။ လွန်ခဲ့သော သီတင်းပတ်နှောင်းပိုင်းက လွှတ်တော်သည် အမေရိကန်ပြည်ထောင်စု လွတ်လပ်ခွင့်အက်ဥပဒေကို ပြဋ္ဌာန်းရန် ပျက်ကွက်ခဲ့သည်။ ယင်းလွတ်လပ်ခွင့်အက်ဥပဒေကို အမေရိကန်သမ္မတအိုဘားမားနှင့် အောက်လွှတ်တော်တစ်ခုလုံးက သောင်းသောင်းဖြဖြ လက်ခံကြိုဆိုထားကြောင်း သိရသည်။

(ရိုက်တာ)

အီတလီရေတပ်က ရွှေ့ပြောင်းနေထိုင်သူ ၂၁၇ ဦးကို ကယ်တင်

ရောမ မေ ၃၀

အီတလီရေတပ်က လစ်ဗျားကမ်းလွန်တွင် ရွှေ့ပြောင်းနေထိုင်သူ ၁၇ ဦး သေဆုံးနေသော စက်လှေပျက်တစ်စီးပေါ်မှ လူပေါင်း ၂၁၇ ဦးအား ကယ်တင်နိုင်ခဲ့ကြောင်း ဒေသဆိုင်ရာ သတင်းများက သောကြာနေ့ နှောင်းပိုင်းတွင် ဖော်ပြသည်။

အဆိုပါ ရေတပ်သင်္ဘောသည် ဂြိုဟ်တုဖုန်းဖြင့် ယင်းရွှေ့ပြောင်းနေထိုင်သူများနှင့် အဆက်အသွယ်ရပြီး အဆိုပါစက်လှေကို သွားရောက်ကယ်တင်ခဲ့ကြောင်း အေအင်န်အက်စ်အေ သတင်းအေဂျင်စီက သတင်းဖော်ပြသည်။ ယင်းစက်လှေသည် တိမ်းမှောက်ခြင်းမရှိဘဲ ရွှေ့ပြောင်း နေထိုင်သူအချို့ ဘာ့ကြောင့် သေဆုံးသည်ကို မသိရကြောင်း၊ အသက်ရှင်ကျန်ရစ်သူများအား အီတလီရဲတပ်ဖွဲ့က ချက်ချင်း မေးမြန်းစုံစမ်းမှုများ ပြုလုပ်မည်ဖြစ်ကြောင်း ယင်းသတင်းအေဂျင်စီက ထပ်လောင်းဖော်ပြသည်။

သောကြာနေ့က သေဆုံးသွားသော အဆိုပါရွှေ့ပြောင်းနေထိုင်သူများသည် နိုင်ငံမဲ့များဖြစ်ကြကြောင်း၊ ပြီးခဲ့သည့်နှစ်အတွင်း အီတလီမှတစ်ဆင့် ဥရောပသို့ဝင်ရောက်ရန် ကြိုးစားခဲ့သော အာဖရိကလူမျိုး ၃၅၀၀ ခန့် မြေထဲပင်လယ်ကို ဖြတ်ကျော်စဉ် အသက်ဆုံးရှုံးသေဆုံးခဲ့ရဖူးကြောင်း ကုလသမဂ္ဂ ဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး (UNHCR) က ပြောကြားသည်။

၂၀၁၅ ခုနှစ် မေလမှ စတင်ကာ အီတလီနိုင်ငံ၌ ရွှေ့ပြောင်းနေထိုင်သူ ၃၃၀၀၀ ကျော် ရောက်ရှိနေပြီး ယမန်နှစ် အလားတူကာလကထက် ၁၅ ရာခိုင်နှုန်းပိုသည်ဟု ဆိုသည်။

(ဆင်ဟွာ)

ဖိလစ်ပိုင်တောင်ပိုင်း၌ နှစ်ကြိမ်ဆက်တိုက်ဗုံးပေါက်ကွဲမှုဖြစ်

ဇန်ဘိုရန်ဂါ မေ ၃၀

ဖိလစ်ပိုင်တောင်ပိုင်းမြို့တော်ဂျိုလိုရဲဌာနချုပ်အနီး ခြံဝင်း၌ သောကြာနေ့ညက ပေါက်ကွဲမှုနှစ်ကြိမ်ဖြစ်ပွားခဲ့ရာ လူ ၁၈ ဦးထက်မနည်း ဒဏ်ရာရရှိခဲ့သည်ဟု လုံခြုံရေးအာဏာပိုင်များက စနေနေ့က ပြောကြားခဲ့သည်။

တိုက်ခိုက်မှုပြုလုပ်သည့် အဘူဆေရပ်ဖ်အဖွဲ့အား လုံခြုံရေးအာဏာပိုင်များက အပြစ်ဆိုလျက်ရှိသည်။ အဆိုပါ အုပ်စုသည်ပြီးခဲ့သည့်အပတ်ကရဲများ၏စစ်ဆင်ရေး၌ ၎င်းတို့အဖွဲ့ဝင်တစ်ဦးသေဆုံးခဲ့မှုအတွက် ပြန်လည်တုံ့ပြန်တိုက်ခိုက်သည်ဟု ယူဆရသည်။

လူတစ်ဦးက လက်ပစ်ဗုံးတစ်လုံးပစ်ခဲ့ပြီးနောက်တွင် ဂျိုလိုမြို့ရှိ ကာဆင်မ်စခန်းရှိ ဘာသာရေးအဆောက်အအုံအပြင်ဘက်၌ ည ၇ နာရီခွဲက ပထမပေါက်ကွဲမှုစတင်ခဲ့သည်ဟု ရဲကပြောသည်။ ပထမအကြိမ်ပေါက်ကွဲမှုတွင် အရပ်သားငါးဦး ဒဏ်ရာရခဲ့သည်။

ထိုသို့ပေါက်ကွဲပြီး ၁၀ မိနစ်အကြာတွင် ထိုနေရာ၌ပင် ပေါက်ကွဲမှုထပ်မံဖြစ်ပွားခဲ့သည်။ ပေါက်ကွဲမှုကြောင့် ရဲအရာရှိ ၁၁ ဦးထက်မနည်း ဒဏ်ရာရရှိခဲ့ပြီး အရပ်သား နှစ်ဦးကိုလည်း ထိမှန်ခဲ့သည်။

ဒဏ်ရာရသူများကို ဆူလူပြည်နယ်ဆေးရုံနှင့် စစ်ဆေးရုံများသို့ အမြန်ဆုံး ပို့ဆောင်ခဲ့သည်။ မည်သည့်အဖွဲ့၏ တိုက်ခိုက်မှုဖြစ်သည်ဟု အတိအကျ မဆိုနိုင်သေးသော်လည်း တပ်မတော်ပူးတွဲတပ်ဖွဲ့မှ အရာရှိ အလန်အာရိဂျာဒိုက ရဲတပ်ဖွဲ့သည် ပြီးခဲ့သည့်သီတင်း ပတ်က အဘူဆေရပ်ဖ် အဖွဲ့ဝင်တစ်ဦးကို ဂျိုလို၌ နှိမ်နင်းခဲ့သည်ဟု ဆိုသည်။

ပထမလက်ပစ်ဗုံးပေါက်ကွဲမှုသည် ရဲတပ်ဖွဲ့အား လက်တုံ့ပြန်ရန် ထောင်ချောက်ဆင်ခြင်းဖြစ်သည်ဟု ရဲတပ်ဖွဲ့က ယူဆသည်။ အဘူဆေရပ်ဖ်အဖွဲ့၏ လက်တုံ့ပြန်တိုက်ခိုက်မှုဖြစ်နိုင်သည်ဟု ဆူလူပြည်နယ် ရဲအရာရှိ အေဘရာဟမ် အော်ဗစ်တာက ဆိုသည်။

(ဆင်ဟွာ)

ပါကစ္စတန်တွင် သေနတ်သမားများက ဘတ်စ်ကားခရီးသည် ၂၀ကို သတ်ဖြတ်

ကွက်တာ မေ ၃၀

သောကြာနေ့ နှောင်းပိုင်းက ပါကစ္စတန်တွင် သေနတ်သမားများက လုံခြုံရေးအရာရှိများ ဟန်ဆောင်ကာ လူ ၂၀ ထက်မနည်း သတ်ဖြတ်ခဲ့ကြောင်း သိရသည်။ ကွက်အနောက်ပိုင်းမြို့တော် ကွက်တာမှ ကမ်းရိုးတန်းတောင်ဘက်ပိုင်းရှိ ကရာချိသို့အသွား ဘတ်စ်ကားခရီးသွားများကို တိုက်ခိုက်ခံခဲ့ရခြင်းဖြစ်ကြောင်း သက်ဆိုင်ရာက ပြောသည်။

အဆိုပါအမှုသည် ကွက်တာတောင်ပိုင်းမှ ကီလိုမီတာ ၄၀ အကွာရှိ မတ်စ်တန်းမြို့ရှိ မငြိမ်မသက်ဖြစ်နေသော ဘာလူချီစတန်နယ်၌ ဖြစ်ပွားခြင်းဖြစ်သည်။

၁၅ ဦးမှ ၂၀ ခန့်ရှိသေနတ်သမားများသည် လုံခြုံရေးအရာရှိဝတ်စုံများကိုဝတ်ဆင်ကာ ပစ်ကပ်သုံးစီးဖြင့် ခရီးသည် ၃၅ ဦးခန့်ကို ပြန်ပေးဆွဲသွားခဲ့သည်ဟု ဘာလူချီစတန်ပြည်ထဲရေးဝန်ကြီး ဆာဖာရက်ဘက်တီက ရိုက်တာသို့ ပြောသည်။

ခရီးသည် ၂၀ ၏ အလောင်းများကို နောက်ပိုင်းတွင် တောင်ခြေရှိ ကွက်တာ-ကရာချိ အမြန်လမ်းမကြီးမှ နှစ်ကီလိုမီတာအကွာတွင် တွေ့ရှိခဲ့ကြောင်း ၎င်းက ပြောသည်။

သေဆုံးမှုနှင့် ပတ်သက်ပြီး အတည်ပြုချက် ချက်ချင်းမရသေးဘဲ ကျူးလွန်သူများ၏ ရည်ရွယ်ချက်ကိုလည်း အတိအကျမသိရသေးပေ။

အဆိုပါ တိုက်ခိုက်မှုသည် ဝန်ကြီးချုပ် နာဝပ်ရှုရစ်(ဖ်)နှင့် အဓိကသက်ဆိုင်လိမ့်မည် ဖြစ်ကြောင်း၊ အဘယ်ကြောင့်ဆိုသော် ပါကစ္စတန်နိုင်ငံသည် တရုတ်နှင့် ဒေါ်လာဘီလီယံပေါင်းများစွာ ရင်းနှီးမြှုပ်နှံမှုကို ပြုလုပ်လိုပြီး အဓိကစီးပွားရေးလမ်းကြောင်းသစ်အပေါ် မေးခွန်းများစွာပေါ်ထွက်နေခြင်းလည်း ဖြစ်သည်။

ပြီးခဲ့သော ဧပြီလက တရုတ်သမ္မတ ရှီကျင့်ဖျင်သည် အရှေ့အနောက်လမ်းကြောင်း ပေါ်ပေါက်ရန် မြှင့်တင်ရေးအစီအစဉ်အဖြစ် ပါကစ္စတန်နိုင်ငံသို့ လာရောက်လည်ပတ်ခဲ့သည်။ ခွဲထွက်ရေးသမားများသည် ဆယ်စုနှစ်တစ်ခုကျော်အတွင်း ဘာလူချီစတန်ပြည်နယ်တွင် တိုက်ခိုက်မှုများကို ပြုလုပ်လျက်ရှိသည်။

၎င်းတို့သည် ပါကစ္စတန်အခြားဒေသရှိ လူများက ၎င်းတို့၏သယံဇာတအရင်းအမြစ်များအပေါ် ခေါင်းပုံဖြတ်ခြင်းကို အဆုံးသတ်ရန် တောင်းဆိုလျက်ရှိသည်။

(ရိုက်တာ)

ကမ္ဘာတစ်ဝန်း ရင်းနှီးမြှုပ်နှံမှုမြင့်တက်လာသည့် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ထုတ်လုပ်မှုနယ်ပယ်

ထွန်းတောက်

၂၀၁၄ ခုနှစ်တွင် နိုင်ငံတကာ၌ ကမ္ဘာကြီး ပိုမိုပူနွေးလာမှုကို လျှော့ချနိုင်ရန်အတွက် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင် (Renewable Energy) ထုတ်လုပ်မှုနယ်ပယ်တွင် အထူးသဖြင့် ဆိုလာစွမ်းအင်နှင့် လေစွမ်းအင်မှ လျှပ်စစ်စွမ်းအင် ထုတ်လုပ်မှုလုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံမှု ခြောက်ပုံတစ်ပုံအထိ တိုးတက်ကာ ငွေကြေးပမာဏအားဖြင့် ဒေါ်လာ ၂၇၀ ဘီလီယံအထိ မြင့်တက်လာသည်ဟု ဘန်စတိန်းသုတေသနအဖွဲ့၏ ထုတ်ပြန်ချက်ကို အီကော်နောမစ်မဂ္ဂဇင်းတွင် ဖော်ပြထားသည်။

အထူးသဖြင့် ကမ္ဘာ့စီးပွားရေးအင်အားကြီးမားနိုင်ငံများတွင် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ထုတ်လုပ်သည့် စက်မှုလုပ်ငန်းစီမံကိန်းများကို အစိုးရကိုယ်တိုင်က ငွေကြေးထောက်ပံ့ ကူညီမှုများပေးကာ အားပေးအားမြှောက်ပြုခြင်းများကြောင့် ထိုစက်မှုလုပ်ငန်းစီမံကိန်းများ မြင့်တက်လာရခြင်းဖြစ်သည်။

ဥပမာအားဖြင့် အမေရိကန်ပြည်ထောင်စုတွင် ဆိုလာစွမ်းအင်ထုတ်လုပ်မှု စီမံကိန်းများအတွက် ၃၀ ရာခိုင်နှုန်း အခွန်ပေးဆောင်ရန် ဆိုင်းငံ့ခွင့်ကို အစိုးရက ထိုစက်မှုလုပ်ငန်းရှင်များကို လိုက်လျောပေးသည်။

ထို့ပြင် အမေရိကန်နှင့် ဥရောပနိုင်ငံများတွင် ဆိုလာစွမ်းအင်ထုတ်လုပ်သည့် စက်ကိရိယာများကို တစ်နိုင်တစ်ပိုင်တပ်ဆင် အသုံးပြုသည့် မိသားစုများသည် အိမ်သုံးပိုမိုသော ဆိုလာလျှပ်စစ်စွမ်းအင်များကို အစိုးရဌာနသို့ ပြန်လည်ရောင်းချခွင့်ရရှိသည်။ ထိုသို့ရောင်းချရာတွင် အစိုးရလျှပ်စစ်ဌာနက သတ်မှတ်ထားသည့် တစ်ယူနစ်ခနှုန်းအတိုင်းပင် မိသားစုများက ပြန်လည်ရရှိခြင်းဖြစ်သည်ဟု သိရသည်။

ဘန်စတိန်း သုတေသနအဖွဲ့၏ ခန့်မှန်းသုံးသပ်ချက်တွင် လာမည့် ၂၀၁၉ ခုနှစ်တွင် အမေရိကန်နိုင်ငံ၌ ဆိုလာလျှပ်စစ်စွမ်းအင် အသုံးပြုမှုသည် တစ်ပြည်လုံး၏ လျှပ်စစ်စွမ်းအင်သုံးစွဲမှု၏ ၉ ဒသမ ၇ ရာခိုင်နှုန်း၏နေရာတွင် အစားဝင်ယူလာနိုင်မည်ဟု ဖော်ပြထားသည်။ ထိုသုံးစွဲမှုပမာဏသည် ယနေ့ ဆိုလာလျှပ်စစ်စွမ်းအင်သုံးစွဲမှုပမာဏထက် အဆ ၃၀ ပိုမိုများပြားသည်ဟု သိရသည်။

ကြီးမားသော ဆိုလာလျှပ်စစ်စွမ်းအင်ထုတ်လုပ်သည့်လုပ်ငန်းကြီးများတွင် ရင်းနှီးမြှုပ်နှံမှုသည် အကျိုးကျေးဇူးများသည့် ကုန်ကျစရိတ်ဖြစ်သည့်အတွက် ယနေ့အချိန်တွင် စီးပွားရေးအင်အားကြီးမားသည့် နိုင်ငံများတွင်သာမက စီးပွားရေးထွန်းသစ်စ နိုင်ငံများတွင်လည်း လေစွမ်းအင်နှင့် ဆိုလာစွမ်းအင်ထုတ်လုပ်သည့် စီမံကိန်းများ ဆောင်ရွက်လာကြသည်ကို တွေ့မြင်ရသည်။

၂၀၁၄ ခုနှစ်တွင် ကမ္ဘာတစ်ဝန်းလုံး၌ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ထုတ်လုပ်မှုစီမံကိန်း ရင်းနှီးမြှုပ်နှံမှု တစ်ဝက်ကျော်မှာ ထွန်းသစ်စ ဖွံ့ဖြိုးဆဲနိုင်ငံများတွင် ဆောင်ရွက်ကြသည်ကို တွေ့ရှိရသည်။

အထူးသဖြင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံသည် ၎င်း၏ကြီးထွားလာသော စက်မှုစီးပွားရေး လုပ်ငန်းများတွင် ကာဗွန်ဒိုင်အောက်ဆိုက် ထုတ်လွှတ်သည့် လောင်စာများကို အသုံးပြုနေရသည့်အတွက် လေထုညစ်ညမ်းပူနွေးလာမှုကြောင့် သဘာဝပတ်ဝန်းကျင် ထိခိုက်လျက်ရှိရာ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်စီမံကိန်းများကို မြှင့်တင်ဆောင်ရွက်လျက်ရှိသည်။

တရုတ်ပြည်သူ့သမ္မတနိုင်ငံသည် စွမ်းအင်လုံလောက်မှုရှိစေရန် အမြဲတမ်းစိုးရိမ်နေသကဲ့သို့ မြို့ကြီးများ၏ လေထုညစ်ညမ်းနေမှုများကို ရှင်းလင်းပစ်နိုင်ရန် အမြဲပင်ကြိုးပမ်းနေရသည်။

၂၀၁၁ ခုနှစ်တွင် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်စီမံကိန်းများ၌ ရင်းနှီးမြှုပ်နှံမှုငွေကြေးပမာဏသည် ၂၀၁၄ ခုနှစ် ရင်းနှီးမြှုပ်နှံမှု ငွေကြေးပမာဏထက် ပိုမိုများပြားသည် မှန်သော်လည်း ယနေ့နည်းပညာ တိုးတက်မှုအရ ရင်းနှီးမြှုပ်နှံသူများသည် ငွေကုန်သည်ထက် လျှပ်စစ်စွမ်းအင်ကို ပိုမိုရရှိနေသည်။

၂၀၀၅ ခုနှစ်မှ စတင်၍ ဆိုလာလျှပ်စစ်စွမ်းအင်ထုတ်လုပ်မှု စက်မှုလုပ်ငန်း၌ အဓိကအရေးပါသည့် ဘက်ထရီဆဲလ်များတွင် လျှပ်စစ်စွမ်းအင်သိုလှောင်သည့် ကုန်ကျစရိတ်မှာ ၆၀ ရာခိုင်နှုန်းသက်သာလာပြီဖြစ်သည်။

IHS နိုင်ငံတကာ သုတေသနအဖွဲ့၏ လေ့လာတွေ့ရှိချက်အရ ၂၀၀၀ ပြည့်နှစ်မှ စတင်ကာ ဆိုလာလျှပ်စစ်စွမ်းအင်ထုတ်လုပ်မှုလုပ်ငန်းတစ်ခု၏ စုစုပေါင်းကုန်ကျစရိတ်မှာ ၇၅ ရာခိုင်နှုန်း စရိတ်သက်သာလာပြီး ၂၀၂၅ ခုနှစ်တွင် စုစုပေါင်းကုန်ကျစရိတ်မှာ ၉၀ ရာခိုင်နှုန်းအထိ စရိတ်သက်သာလာမည်ဟု သုံးသပ်ဖော်ပြထားသည်။

Rocky Mountain သုတေသနအဖွဲ့၏ ဧပြီ ၇ ရက်နေ့တွင် ထုတ်ပြန်သည့် လေ့လာတွေ့ရှိချက်အရ ဆိုလာလျှပ်စစ်စွမ်းအင်ထုတ်လုပ်မှုလုပ်ငန်း ကုန်ကျစရိတ်အလွန်ကျဆင်းလာသည့်အတွက် ကောင်းကျိုးချမ်းသာ သိသာစွာပေါ်ထွက်လာနိုင်သည်ဟု သုံးသပ်ထားသည်-

ဥပမာအားဖြင့် နေခြည်ဖြာသော နယူးယောက်ဝင်ချက်စတာဒေသ၌ ၂၀၃၀ ပြည့်နှစ်တွင် အိမ်ထောင်စုတစ်ခုက အစိုးရဌာန၏ လျှပ်စစ်စွမ်းအင်ကို တစ်နှစ်သုံးစွဲခ ၃၅၇ ဒေါ်လာကုန်ကျချိန်၌ အိမ်တွင် ဆိုလာလျှပ်စစ်စွမ်းအင် ဘက်ထရီမှ ထုတ်ယူသုံးစွဲခမှာ ဒေါ်လာ ၂၆၈ မျှသာဖြစ်သည်ဟု ၎င်းသုတေသနအဖွဲ့က နှိုင်းယှဉ်ပြသည်။

ထို့ပြင်ယနေ့အချိန်တွင် အစိုးရလျှပ်စစ်ဌာနမှ ဖြန့်ဝေသည့် လျှပ်စစ်စွမ်းအင်ကိုသာ မှီခိုနေရသည့် စီးပွားရေးလုပ်ငန်းရှင်များသည် ၂၀၃၀ ပြည့်နှစ်တွင် လျှပ်စစ်ဌာနမှဖြန့်ဝေသော လျှပ်စစ်စွမ်းအင် ပမာဏ၏ လေးပုံတစ်ပုံကိုသာ မှီခိုရမည်ဖြစ်ပြီး ၂၀၅၀ ပြည့်နှစ်လောက်တွင် အစိုးရဌာန၏ လျှပ်စစ်စွမ်းအင် ငါးရာခိုင်နှုန်းမျှသာ မှီခိုရတော့မည်ဖြစ်သည်ဟု ၎င်းသုတေသနအဖွဲ့က ပြောသည်။

ယနေ့ ပစ္စုပ္ပန်ကာလ၌ ရေအားလျှပ်စစ်စွမ်းအင်များကို မထည့်သွင်းဘဲ ကမ္ဘာကြီးတစ်ခုလုံး၏ စုစုပေါင်းလျှပ်စစ်စွမ်းအင်ပမာဏတွင် ပြန်လည်ဖြည့်ဖြိုးမြဲလျှပ်စစ်စွမ်းအင်သည် ဆယ်ပုံတစ်ပုံမျှရှိသည်ဟု သိရသည်။

ယနေ့အချိန်တွင် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်စီမံကိန်းများကို မြှင့်တင်တည်ဆောက်လျက်ရှိရာ ၂၀၃၀ ပြည့်နှစ်လောက်ဆိုလျှင် ကမ္ဘာကြီးတစ်ခုလုံး၏ လျှပ်စစ်စွမ်းအင်ပမာဏတွင် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်သည် ငါးပုံတစ်ပုံမြင့်တက်ပါဝင်လာမည်ဖြစ်သည်။

ကမ္ဘာကြီးပူနွေးလာမှုကို ကန့်သတ်ထိန်းချုပ်နိုင်ရန်အတွက် ပြန်လည်ပြည့်ဖြိုးမြဲ စွမ်းအင်ထုတ်လုပ်မှုနည်းပညာများကို သမိုင်းမှတ်တိုင်တစ်ရပ် အောင်မြင်မှုရရှိသည်အထိ ယနေ့လူသားတို့ ကြိုးပမ်းဆောင်ရွက်ရန် လိုအပ်နေပေပြီ။

၂၀၁၄ ခုနှစ်တွင် ကမ္ဘာတစ်ဝန်းလုံး၌ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ထုတ်လုပ်မှုစီမံကိန်း ရင်းနှီးမြှုပ်နှံမှု တစ်ဝက်ကျော်မှာ ထွန်းသစ်စဖွံ့ဖြိုးဆဲနိုင်ငံများတွင် ဆောင်ရွက်ကြသည်ကို တွေ့ရှိရ

အပြောစကားပြေ အစဉ်အလာ(၆)

မောင်ခင်မင် (ဓနုဖြူ)

"မပြီးသေးသောပန်းချီကားကို ဆက်ဆွဲကြဖို့ လာကြပြန်ပြီဟေ့"

"လာကြဗျာ။ ကျွန်တော်လည်း ခင်ဗျားတို့ကို မျှော်နေတာပါ"

"မြန်မာစာအရေးအသားပေါ်စတုန်းကတော့ အရေးနဲ့အပြောကွဲပြားမှု မရှိသေးဘူးဆိုတဲ့အချက်ဟာ တော်တော်ရှင်းနေပါပြီ။ နောက်ပိုင်းမှာ ဘာကြောင့်ကွဲပြားလာရတယ်ဆိုတာလည်း သဘာဝကျကျစဉ်းစားကြည့်လို့ရပါပြီ။ ဒီတော့ -အဲဒီလို အရေးနဲ့ အပြောကွဲပြားတာ ဘယ်တုန်းကစပြီး ကွဲပြားတာလဲဆိုတာ ဆက်ပြီးစူးစမ်းရမှာပေါ့ကွာ"

"ဟုတ်ပါတယ်ဗျာ"

"အဲဒီလိုစူးစမ်းစရာအထောက်အထားတွေရှိတယ်မဟုတ်လား"

"ရှိပါတယ်ဗျာ။ ခေတ်အဆက်ဆက်ပေါ်ပေါက်တဲ့ စာပေတွေကို ကြည့်ရမှာပေါ့"

"ဘယ်လိုကြည့်မှာလဲဗျာ"

"ကဲ. . . . ဒီလိုကြည့်ရအောင်။ ဒီနေ့ ကျွန်တော်တို့အပြောစကားမှာ သုံးနေတဲ့ 'တယ်၊ မယ်၊ လို့၊ နဲ့၊ ဟို၊ ဒီ' စတဲ့စကားလုံးတွေကို အစောဆုံး ဘယ်ခေတ်ကစာတွေထဲမှာ အပြောစကားအဖြစ်သုံးတာတွေ့ရသလဲပေါ့။ အဲဒီလိုတွေ့ရတယ်ဆိုရင် အဲဒီခေတ်ဟာ အရေးနဲ့အပြောကွဲနေပြီလို့ အသေအချာပြောနိုင်တဲ့ခေတ် ဖြစ်မှာပေါ့ဗျာ"

"ဟုတ်တာပေါ့။ ဒီနေ့အပြောမှာပဲ သုံးတဲ့စကားမျိုးတွေကို စာထဲမှာ တွေ့နေရပြီဆိုရင် အဲဒီစာရေးတဲ့ခေတ်မှာ အပြောနဲ့အရေး ကွဲနေပြီဆိုတာ သေချာတာပေါ့ကွာ"

"ဒီလိုဆိုရင် ဘယ်ခေတ်မှာအစောဆုံးတွေ့သလဲဗျ"

"ပုဂံ၊ ပင်းယခေတ်တွေမှာ အပြောနဲ့အရေးသိသိသာသာကွဲပြားတာမျိုးမတွေ့ရပါဘူး။ အင်းဝခေတ်မှာတော့ အပြောနဲ့အရေးကွဲနေပြီဆိုတာကို ဖော်ပြတဲ့သက်သေ တစ်ခုစ နှစ်ခုစ တွေ့နေရပါပြီ"

"ပြောပြပါဦးကွာ"

"ရှင်မဟာသီလဝံသရေးတဲ့ 'ပါရာယနဝတ္ထု' မှာတွေ့ရတာဗျ။ အကြောင်းအရာက အာဠာဝကဘီလူးရဲ့ဗိမာန်ကို ဘုရားရှင်ဝင်ပြီးသီတင်းသုံးနေတာကို အာဠာဝကကြားတော့ စိတ်ဆိုးပြီးပြောတဲ့အကြောင်းပါ။ နတ်မင်းကြီးနှစ်ပါးက အာဠာဝကဗိမာန်မှာ ဘုရားရှင်သီတင်းသုံးနေကြောင်းကြားလို့ အာဠာဝကကိုဝမ်းသာစကားပြောတော့ စိတ်ဆိုးနေတဲ့ အာဠာဝကက ဘုရားဆိုတာသူမမြင်မသိကြောင်း နတ်မင်းကြီးတွေကို ပြန်ပြောတဲ့စကားပေါ့ဗျာ"

"ဘယ်လိုရေးထားသလဲ"

" 'အာဠာဝက ဘီလူးလည်း အမျက်ရှိရကား 'ငါမမြင်ပါဘူး' ဟူ၏' တဲ့ဗျ။ ကဲ. . . . 'ငါမမြင်ပါဘူး'ဆိုတာ ဒီနေ့အထိသုံးနေတဲ့အပြောစကား မဟုတ်လားဗျာ"

"ဟုတ်တာပေါ့"

"နောက်တစ်ခုရှိသေးတယ်။ အဲဒီပါရာယနဝတ္ထုမှာပဲ။ အရှင်သာရိပုတ္တရာ တရားဟောနေတုန်း လာဠုဒါယီဆိုတဲ့ ရဟန်းမိုက်ကြီးက . . . အဲ. . ကာဠုဒါယီမဟုတ်ဘူးနော်၊ လာဠုဒါယီတဲ့၊ အဲဒီရဟန်းမိုက်ကြီးက အရှင်သာရိပုတ္တရာကို မလေးမစားပြောလို့ ရှင်သာရိပုတ္တရာ တရားမဟောတော့ဘဲ ထသွားတယ်။ အဲဒီအကြောင်းကို ဘုရားရှင်ကြားတော့ အရှင်အာနန္ဒာကို အပြစ်တင်တယ်။ ဘုရားရှင် အပြစ်တင်ပုံကို ဒီလိုရေးထားတယ်ဗျ"

"ဘယ်လိုပါလိမ့်ကွာ"

"မထေရ်ကြီးကို 'ရှင်မိုက်ညှဉ်းဆဲသည်ကို ကိုယ်တို့လျစ်လျူရှုနေ အားစွတကား"ဟု ရှင်အာနန္ဒာကို ဘုရားမြတ်စွာ မိန့်တော်မူဖူး၏-တဲ့ဗျ"

"ဩော်"

"ဘုရားရှင်က ရှင်အာနန္ဒာကို ပြောတဲ့ 'ကိုယ်တို့' ဆိုတဲ့ စကားဟာကော အပြောစကားမဟုတ်လားဗျာ"

"အေး. . . ဟုတ်တာပေါ့"

"အင်းဝခေတ်မှာ 'ကိုယ်တို့'ဆိုတဲ့စကားဟာ ပြောတဲ့သူက နားထောင်တဲ့သူကို တိုက်ရိုက်ပြောတဲ့နာမ်စားအဖြစ် သုံးတယ်ဆိုတာ ဒီအသုံးအရ သိနိုင်ပါတယ်"

"ကျွန်တော်တို့ အဘွားရှိတုန်းက သူတို့အရွယ်အချင်းချင်း 'ကိုယ်က' 'ကိုယ်တို့က' ဆိုပြီးအပြန်အလှန်ပြောတာ မှတ်မိနေတယ်ဗျ"

"ဒီတော့ အဲဒီအသုံးတွေအရ အင်းဝခေတ်မှာ အရေးနဲ့အပြောကွဲနေပြီလို့ ကောက်ချက်ချနိုင်တာပေါ့ဗျာ။ ပုဂံခေတ် ၁၂ ရာစု အစပိုင်း မြန်မာစာပေါ်စတုန်းက မကွဲသေးပေမယ့် အင်းဝခေတ် ၁၅ ရာစုမှာတော့ ကွဲနေပြီလို့ဆိုရမှာပေါ့။ နှစ်သုံးရာလောက် ရှိသွားပြီကိုး"

"ဟုတ်တာပေါ့ကွာ"

"တစ်ခုရှိတာက အင်းဝခေတ်ကစာတွေထဲမှာ အဲဒီအပြောစကားတွေ နည်းနည်းပါးပါးပဲတွေ့ရတာကိုကြည့်ရင် ပြောင်းလာတဲ့ အပြောစကားအတိုင်း စာထဲထည့်ရေးဖို့ လက်တွန့်နေလေသလားလို့ တွေးစရာပေါ့ဗျာ။ မြန်မာစာအရေးအသားရဲ့ သက်တမ်းကလည်း နှစ်သုံးရာလောက်ရှိပြီဆိုတော့ ဩဇာအရှိန်အဝါကြီးမှာ အမှန်ပဲလေ။ ပြီးတော့ ပုဂံခေတ်ကတည်းက အစဉ်အလာဆိုတော့ လေးလေးစားစား ဆက်ပြီးထိန်းသိမ်းရတဲ့သဘောလည်း ရှိမှာပေါ့။ အထူးသဖြင့် ရေးတဲ့အကြောင်းအရာတွေက ဗုဒ္ဓစာပေတွေ၊ ဘုရင်အကြောင်းတွေဆိုတော့ အလေးအမြတ်ထားရတဲ့၊ လေးစားရတဲ့ သာဓကရှိမှာပေါ့။ 'စာတစ်လုံးဘုရားတစ်ဆူ'ဆိုသလို ဗုဒ္ဓအကြောင်းရေးတဲ့ စာအရေးအသားတွေကိုလည်း လေးလေးစားစားထိန်းသိမ်းရမယ့် အမွေအနှစ်တွေအဖြစ် သဘောထားမှာပေါ့ဗျာ"

"ဒီလိုဆိုရင် အင်းဝခေတ်မှာ အရေးနဲ့အပြောကွဲပြားနေပေမယ့် စာရေးတဲ့အခါကျတော့ ပုဂံခေတ်ကတည်းကရေးလာတဲ့ အစဉ်အလာအတိုင်း ဆက်ပြီးထိန်းသိမ်းလာတာမို့ ပြောင်းလာတဲ့ အပြောစကားတွေကို စာထဲက ထည့်ရေးဖို့ စိတ်မကူးကြဘူး လို့ဆိုနိုင်မယ်ထင်တယ်နော်"

"ဖြစ်နိုင်ပါတယ်။ ရှင်မဟာသီလဝံသဆိုရင် ပျို့ဆိုတဲ့ကဗျာရှည်ကြီးတွေကို စာသုံးစကားဟန်အတိုင်း ခံ့ခံ့ညားညားဖွဲ့တဲ့စာဆိုပါ။ ဒါပေမယ့် ခုနပြောသလို ဝတ္ထုစကားပြေထဲမှာ စကားပြောခန်းရေးတဲ့အခါကျတော့ အဲဒီခေတ်မှာ ပြောတဲ့အတိုင်း 'ငါမမြင်ဘူး' တို့ 'ကိုယ်တို့' ဆိုတဲ့အပြောစကားကလေးတွေ တစ်လုံးစနှစ်လုံးစ ပါသွားတာမျိုးဖြစ်မယ်လို့ ယူဆရတာပေါ့ဗျာ။ အပြောစကားတွေ စာထဲထည့်ရေးဖို့မရည်ရွယ်ပေမယ့် တွင်ကျယ်ပြီးသားစကားတွေ နည်းနည်းပါးပါးထည့်ရေးမိတာလို့ဆိုရမှာပေါ့"

"ဘာပဲဖြစ်ဖြစ် ဒီစကားလုံးတွေအရတော့ အင်းဝခေတ်မှာ အပြောအရေးကွဲပြားနေပြီလို့ ဆိုနိုင်တာပေါ့နော်"

"ဟုတ်ပါတယ်။ အပြောနဲ့အရေး သိသိသာသာကွဲပြားလာတဲ့ သာဓကတွေကိုတော့ ညောင်ရမ်းခေတ်မှာစတွေ့ရတာပဲ။ ၁၈ ရာစုဆိုတော့ နောက်ထပ်နှစ်သုံးရာလောက်အကြာမှာဆိုပါတော့ဗျာ"

"ဘယ်စာတွေမှာ တွေ့ရတာလဲကွ"

"ဝန်ကြီးပဒေသရာဇာရဲ့စာတွေမှာတွေ့ရတာပါ။ ဝန်ကြီးပဒေသရာဇာဟာ ပျို့တွေ၊ ချေင်းတွေ၊ ရတုတွေလည်းရေးတယ်။ တျာချင်းတွေ၊ နတ်သံတွေနဲ့သီချင်းတွေလည်းရေးတယ်ဗျ။ စိတ်ဝင်စားစရာကောင်းတာက ပျို့တွေ၊ ချေင်းတွေ၊ ရတုတွေရေးတဲ့အခါ စာသုံးစကားတွေနဲ့ပဲရေးပြီး တျာချင်းတွေ၊ နတ်သံတွေ၊ သီချင်းတွေကျတော့မှ အပြောစကားတွေ ပါလာတဲ့အချက်ပဲဗျ"

"ဘာကြောင့် - အဲဒီလိုဖြစ်တယ်ထင်သလဲ"

"ဩော်. . . . ပျို့တို့၊ ချေင်းတို့၊ ရတုတို့က ခံ့ခံ့ညားညားရေးလေ့ရှိတဲ့ စာမျိုးတွေလေ။ ဗုဒ္ဓစာပေထဲက အကြောင်းတွေ၊ ထီး၊ နန်းအကြောင်းတွေဆိုတော့ အဲဒီအကြောင်းအရာတွေကို ရေးတဲ့အခါ အစဉ်အလာအတိုင်း စာစကားနဲ့ပဲထိန်းသိမ်းပြီး ရေးတာပေါ့။ အဲ. . . တျာချင်းတို့၊ နတ်သံတို့၊ ပြီးတော့ဂီတသီချင်းတွေကျတော့ သာမန်ပြည်သူတွေရဲ့ အကြောင်းရေးတာရယ်၊ လတ်တလော အသံထွက်ပြီး သီဆိုရတာရယ်ကြောင့် -အဲဒီတုန်းက နေ့တိုင်းပြောဆိုနေတဲ့ အပြောစကားတွေပါလာတာဖြစ်မယ်လို့ သုံးသပ်နိုင်ပါတယ်"

"အပြောစကားဘယ်လိုပါတာလဲဗျ"

"ခင်ဗျားတို့ ကျွန်တော်တို့သိတဲ့ တျာချင်းတွေပဲကြည့်ပါဗျာ။ ကုန်ကူးသွားမယ့် လှေကြီးကို ရေနံ့သုတ်တဲ့အကြောင်းဖွဲ့တာ 'ရေနံ့သာအရွှဲသုတ်ပါလို့လေး'တဲ့၊ အပြောစကားတွေပါလာပြီလေ။ 'လို့' ဆိုတာ အပြောစကားပေါ့။ ကြိုးသီချင်းတွေမှာလည်း 'ရေပေါ်မှာနားပါလို့၊ ကြာဆံကိုစားပါလို့'ဆိုတာ စကားပြောနေသလိုပဲ မဟုတ်လား။ ပဒေသရာဇာရဲ့ ရွှေဖျင်းညီနောင်နတ်သံမှာကျတော့ 'လွမ်းရစ်တော့လေ နှမတွေတို့'တဲ့ဗျ"

"စကားပြောနေသလိုပဲနော်"

"ဒါပေါ့။ အဲဒီညောင်ရမ်းခေတ်မှာပဲ 'အိုင်ချင်း'ဆိုတဲ့ ကဗျာမျိုးလည်း ပေါ်လာတယ်။ ကျေးလက်တောရွာက မိန်းမပျိုကလေးတွေရဲ့ အချစ်ရေးကိစ္စတွေအဓိကဖွဲ့တာပေါ့။ တောင်တွင်းရှင်ငြိမ်းမယ်ရေးတာပေါ့။ မိန်းမပျိုလေးက 'ချစ်တဲ့သူငယ်လေ၊ သူငယ်ချင်းကောင်းယောက်မတို့လေး' လို့ အစချီပြီး သူငယ်ချင်းတွေကို သူ့အကြောင်းပြောပြနေတာလေ။ ပြောပြနေပုံဖွဲ့တာဆိုတော့ အပြောစကားတွေနဲ့ ဖွဲ့တာပေါ့ဗျာ"

"ဘယ်လိုအဖွဲ့တွေလဲဗျ"

"စစ်ချီသွားတဲ့ မောင်ကိုအိမ်မှာကျန်ခဲ့တဲ့ချစ်သူက စစ်မြေပြင်မှာ ချောချောလှလှ မိန်းကလေးတွေကိုတွေ့ရင် ယူမှာလားလို့မေးတော့ မောင်က မယူပါဘူးလို့ပြန်ဖြေတာကို ဖွဲ့ထားတာက 'စစ်မှာတစ်မူ နှမလေးပျို့ထက်ဖြူကို ယူမလို့လားတော်'တဲ့။ 'စစ်မှာတစ်မူ နှမလေးပျို့ထက်ဖြူကို မယူဘူးဗျာ' တဲ့။ အမေးနဲ့အဖြေလေ"

"အပြန်အလှန်စကားပြောနေသလိုပဲနော်"

"ပြစရာသာဓကတွေအများကြီးရှိပါတယ်။ ဒီတော့ ကျွန်တော်တို့ ကောက်ချက်ချ နိုင်တာက ၁၈ ရာစု၊ ညောင်ရမ်းခေတ်မှာ အခုခေတ်လိုပဲ အပြောနဲ့အရေး တော်တော်ကွဲပြားနေပြီဆိုတာပါပဲ။ စာရေးရာမှာလည်း စာစကားတွေနဲ့ခံ့ခံ့ညားညားရေးတဲ့ စာမျိုးတွေရှိသလို အပြောစကားနဲ့ ပေါ့ပေါ့ပါးပါးရေးတဲ့စာမျိုးတွေလည်းရှိနေပြီဆိုတာပါပဲဗျာ"

"ကဲ. . . မပြီးသေးသောပန်းချီကားကို ဆက်ဆွဲကြသေးတာပေါ့ကွာ"

> ""ဝန်ကြီးပဒေသရာဇာဟာ ပျို့တွေ၊ ချေင်းတွေ၊ ရတုတွေလည်းရေးတယ်။ တျာချင်းတွေ၊ နတ်သံတွေနဲ့ သီချင်းတွေလည်းရေးတယ်။ စိတ်ဝင်စားစရာကောင်းတာက ပျို့တွေ၊ ချေင်းတွေ၊ ရတုတွေရေးတဲ့အခါ စာသုံးစကားတွေနဲ့ပဲရေးပြီး တျာချင်းတွေ၊ နတ်သံတွေ၊ သီချင်းတွေကျတော့မှ အပြောစကားတွေ ပါလာတဲ့အချက်ပဲဗျ""

ပြန်ကြားရေးဝန်ကြီးဌာန Call Center တည်ထောင်ပြီး ပြည်သူများသို့ ဝန်ဆောင်မှုပေးရန် ဆောင်ရွက်လျက်ရှိ

ပြန်ကြားရေးဝန်ကြီးဌာနနှင့် Blue Ocean Operating Management Co., Ltd တို့ ပူးပေါင်း၍ "Call Center Hotline 1883" မှ ပြန်ကြားရေးဝန်ကြီးဌာနနှင့် ပတ်သက်သောသတင်းများ၊ မိုးလေဝသနှင့် ရာသီဥတုသတင်းများ၊ ပြည်တွင်းသတင်းများ၊ နောက်ဆုံးရသတင်းများ၊ ထူးခြားဖြစ်စဉ်သတင်းများကို (၁-၆-၂၀၁၅) ရက်နေ့မှစ၍ ၂၄ နာရီ ထုတ်လွှင့်ပေးခြင်းနှင့် ဖြေကြားဝန်ဆောင်မှုပေးခြင်းတို့ကို ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။

Call Center အသုံးပြုပုံမှာ 1883 Hot Line နံပါတ်ကို ခေါ်ဆိုပါ။ နံပါတ်(၁)တွင် နေ့စဉ်သတင်းများကို စက္ကန့် (၉၀) နားဆင်နိုင်သည်။

အဆိုပါနံပါတ်တွင် နံပါတ်ခွဲ(၃)ခုထားရှိကာ နံပါတ်(၁)တွင် ပြည်တွင်း သတင်း၊ နံပါတ်(၂)တွင် မိုးလေဝသ သတင်းနှင့် နံပါတ်(၃)တွင် နောက်ဆုံးရ ထူးခြားဖြစ်စဉ်သတင်းများကို နားဆင်နိုင်သည်။

ဝန်ကြီးဌာနနှင့်ပတ်သက်သည့် အချက်အလက်များကို သိလိုလျှင်၊ ကောလာဟလသတင်းများ၊ အင်တာနက်သတင်းများကို အတည်ပြုလိုလျှင် နံပါတ်(၂)ကိုနှိပ်ပါက Operator မှ ဖြေကြားပေးမည် ဖြစ်ပါသည်။

လက်ရှိအခြေအနေတွင် မြန်မာ့ဆက်သွယ်ရေး (MPT)ဖုန်းများသာ ဝန်ဆောင်မှုရရှိမည်ဖြစ်ပြီး မကြာမီတွင် အခြား Mobile ဖုန်း အော်ပရေတာများနှင့် ပူးပေါင်းပြီး ဝန်ဆောင်မှုရရှိစေရန် စီစဉ်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ပြန်ကြားရေးဝန်ကြီးဌာန

✪ *ကျောဖုံးမှ*

ပါဝင်ခဲ့သည်။ ယခုပွဲကို နယူးဇီလန်နိုင်ငံမှ မြန်မာပရိသတ်များ၊ မြန်မာနိုင်ငံမှ လိုက်လံအားပေးသည့်ပရိသတ်ရာဂဏန်းမျှ ကွင်းအတွင်း အားပေးခဲ့ကြပြီး မြန်မာနိုင်ငံတစ်ဝန်းမှ မြန်မာဘောလုံးပရိသတ်များကလည်း ရုပ်မြင်သံကြားမှတစ်ဆင့် စောင့်ကြည့်ခဲ့ကြသည်။

ကမ္ဘာ့ဖလားပြိုင်ပွဲကို မြန်မာအသင်းသည် ပထမဆုံးပွဲထွက်ကစားခွင့်ရခြင်းဖြစ်သော်လည်း ကစားသမားများမှာ ရှိန်မနေဘဲ ပွဲစကတည်းက အမေရိကန်အသင်းဘက်သို့ ဖိကစားနိုင်ခဲ့သည်။ ပွဲအစ ကိုးမိနစ်တွင် မြန်မာအသင်းဂိုးစရခဲ့ပြီး ထောင့်ကန်ဘောမှ ပြန်လှုံ့ထွက်လာသော ဘောလုံးကို တောင်ပံကစားသမား ရန်နိုင်ဦးက ပိတ်သွင်းယူခဲ့ခြင်းဖြစ်သည်။ ယင်းဂိုးမှာ ယခုနှစ် ယူ-၂၀ ကမ္ဘာ့ဖလားပြိုင်ပွဲ၏ ပထမဆုံးဂိုးဖြစ်ခဲ့ပြီး ကမ္ဘာ့ဖလားပြိုင်ပွဲတွင် မြန်မာအသင်း သွင်းယူခဲ့သည့် ပထမဆုံးဂိုးလည်း ဖြစ်ခဲ့သည်။ မထင်မှတ်ဘဲ ဂိုးပေးလိုက်ရသည့် အမေရိကန်အသင်း တိုက်စစ်အားမြှင့်လာခဲ့ပြီး ၁၆ မိနစ်တွင် တောလ်က ထောင့်ကန်ဘောမှတစ်ဆင့် ချေပဂိုးပြန်သွင်းခဲ့သည်။ ယင်းနောက်ပိုင်းတွင် ပွဲမှာ အပြန်အလှန်ရှိခဲ့ပြီး မြန်မာအသင်းသည် အမေရိကန်ခံစစ်ပိုင်းကို ခြိမ်းခြောက်နိုင်ခဲ့သည်။ ဒုတိယပိုင်းတွင် အမေရိကန်အသင်းက လူအပြောင်းအလဲပြုလုပ်ပြီး တိုက်စစ်အားမြှင့်လာချိန်တွင် မြန်မာအသင်းသည် ကစားအားကျသွား၍ အမေရိကန်အသင်းတရစပ်ဖိကစားခဲ့သည်။ ဒုတိယပိုင်းအစတွင် အမေရိကန်အသင်း အပိုင်ရနိုင်သည့် အခွင့်အရေးနှစ်ကြိမ်ရရှိခဲ့သော်လည်း လွဲချော်ခဲ့သည်။ ၅၅ မိနစ်တွင် အမေရိကန်အသင်း အနိုင်ဂိုးရခဲ့ပြီး တန်ပြန်တိုက်စစ်မှတစ်ဆင့် အီမာဆင်ဟတ်မန်းက သွင်းယူခဲ့သည်။

မြန်မာအသင်း၏ အဓိကကွင်းလယ်လူ ငြိမ်းချမ်းအောင် ဒဏ်ရာရနေသည့်အပြင် ကစားအားတင်ရမည့်အချိန်၌ အရန်ကစားသမားများမှာလည်းပွဲထွက်ကစားနိုင်ခဲ့သည့် အနေအထားမျိုးမရှိဘဲ လူစားတစ်ဦးမျှ လဲကစားခြင်းမရှိခဲ့ပေ။ မိနစ် ၈၀ နောက်ပိုင်းတွင် မြန်မာအသင်း တစ်ကျော့ပြန် ဖိကစားလာနိုင်ပြီး ၈၈မိနစ်တွင် မောင်မောင်လွင် အပိုင်ကန်သွင်းခွင့်ရသော်လည်း ကန်ချက်လွဲချော်သွားခဲ့၍ နစ်နာခဲ့ရသည်။

မြန်မာအသင်းပါဝင်သော အုပ်စု (က) အခြားပွဲစဉ်တွင် အိမ်ရှင်နယူးဇီလန်အသင်းနှင့် ယူကရိန်းအသင်းတို့ ဂိုးမရှိသရေကျခဲ့သည်။ အုပ်စု(ခ)ပွဲစဉ်များတွင် ပနားမားအသင်းက နာမည်ကြီး အာဂျင်တီးနားအသင်းနှင့် နှစ်ဂိုးစီ သရေကျခဲ့ပြီး ဂါနာအသင်းနှင့် ဩစတြီးယားအသင်းတို့ပွဲတွင်လည်း တစ်ဂိုးစီသရေကျခဲ့သည်။

မြန်မာအသင်းသည် အုပ်စု ဒုတိယပွဲအဖြစ် ဇွန် ၂ ရက်တွင် ယူကရိန်းအသင်းနှင့် ကစားရမည်ဖြစ်သည်။

ယူ-၂၀ ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲ ကြည့်ရှုသူများပြား

မတ္တရာ မေ ၃၀

နယူးဇီလန်နိုင်ငံတွင် အိမ်ရှင်အဖြစ် လက်ခံကျင်းပသော ယူ-၂၀ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ ပထမနေ့ အဖွင့်ပွဲစဉ်များကို မေ ၃၀ ရက်က စတင်ကျင်းပရာ မြန်မာအသင်းနှင့် အမေရိကန်အသင်းတို့ မြန်မာစံတော်ချိန် နံနက် ၁၀ နာရီခွဲက စတင်ယှဉ်ပြိုင်ကစားခဲ့သည်။ ရုပ်မြင်သံကြားမှ တိုက်ရိုက်ထုတ်လွှင့်ပြသသော အဆိုပါပွဲစဉ်ကို မတ္တရာမြို့မှ ဘောလုံးဝါသနာရှင်များ အားပေးကြည့်ရှုသူများပြားခဲ့သည်။ အဆိုပါပွဲစဉ်တွင် အမေရိကန်အသင်းက မြန်မာအသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိသွားသည်။

စိုးကျော်သူထွေး(မတ္တရာ)

❖ *ရှေ့ဖုံးမှ*

ဘိုးပိုင်တူးခြင်းလုပ်ငန်းများ ပြီးစီးနေပြီး တံတားတိုင်ပေါင်း ၂၈ တိုင်တွင် ၂၇ တိုင် တည်ဆောက်မှုပြီးစီးနေပြီဖြစ်သည်။ တံတားကြမ်းခင်းခြင်းလုပ်ငန်းများမှာလည်း တံတားအခန်းပေါင်း ၂၇ ခန်းအနက် ၁၄ခန်းပြီးစီးနေပြီဖြစ်ရာ ပြီးစီးမှုမှာ ၅၀ ရာခိုင်နှုန်းရှိနေသည်။

အင်းစိန်ခုံးကျော်တံတားသစ်၏ ရန်ကုန်ဘက်သို့သွားမည့်လက်တက်တံတား(တစ်လမ်းသွား)မှာ တံတားတိုင်များ တည်ဆောက်မှုအားလုံးပြီးစီးသွားပြီဖြစ်သည်။ လက်တက်တံတား(တစ်လမ်းသွား) အရှည်မှာ ပင်မတံတားအရှည် ၆၀၃ ပေရှိသည်။ လက်တက်တံတားပေါ်တွင် ယခုအခါ တံတားကြမ်းခင်းမှုမှာ P-19 မှ P-20 နှင့် P-20 မှ P-21၊ P-21 မှ P-22 အထိ အခန်းသုံးခန်းသာ ကြမ်းခင်းရန်ကျန်ရှိတော့သည်။

ထို့အတူ အင်းစိန်ခုံးကျော်တံတားသစ်၏ ပင်မတံတားအရှည်မှာ နှစ်လမ်းသွား ပေ ၁၅၅၇ ဖြစ်သည်။ တံတားတိုင်များ တည်ဆောက်မှုပြီးစီးနေပြီး တံတားကြမ်းခင်းလောင်းထားမှုမှာ အခန်းရှစ်ခန်းပြီးနေပြီဖြစ်သည်။ ကျန်ရှိသည့် တံတား ကြမ်းခင်းခြင်းလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

အင်းစိန် ခုံးကျော်တံတားသစ်သည် စော်ဘွားကြီးကုန်းဘက်လမ်းနှင့်ရန်ကုန်ဘက်သို့သွားသောလမ်းများသို့ တည်ဆောက်ထားသည့်အပြင် ပင်မတံတားတိုင် အမှတ်(၁၂)မှ ခွဲထွက်ပြီး မင်းကြီးလမ်းဘက်သို့လည်း လက်တက်တံတားတည်ဆောက်မည်ဖြစ်သည်။ မင်းကြီးလမ်းပေါ်သို့ ဖြတ်ကျော်တည်ဆောက်မည့် လက်တက်တံတားမှာ ဘဏ္ဍာငွေကြေးရရှိမှုအပေါ် ကြိုးစားဆောင်ရွက်သွားမည်ဖြစ်သည်။

အင်းစိန် ခုံးကျော်တံတားသစ်တည်ဆောက်မှုမှာ တဖြည်းဖြည်းရုပ်လုံးပေါ်လာပြီဖြစ်ရာ လာမည့်ဇူလိုင်လ ဒုတိယသီတင်းပတ်အတွင်း ပြီးစီးအောင် ကြိုးစားတည်ဆောက်လျက်ရှိသည်။

(မြန်မာ့အလင်း)

အသည်းဖောင်ဒေးရှင်းမှ အသည်းရောင်အသားဝါ(ဘီ)ပိုး ကာကွယ်ဆေးများ ထိုးနှံပေး

စစ်ကိုင်း မေ ၃၀

အသည်းဖောင်ဒေးရှင်း (LIVER FOUNDATION)က အသည်းရောင်အသားဝါ(ဘီ) ပိုး ကာကွယ်ဆေးများကို မေ ၂၈ ရက် မွန်းတည့် ၁၂ နာရီက စစ်ကိုင်းပညာရေးကောလိပ် ဇေယျာပညာစာသင်ဆောင်၌ ဆရာ ဆရာမ၊ ဝန်ထမ်းမိသားစုဝင်များနှင့် သင်တန်းသူများ စုစုပေါင်း ၁၂၆ ဦးကို ထိုးနှံပေးခဲ့ကြောင်း သိရသည်။

အဆိုပါ အသည်းဖောင်ဒေးရှင်းမှ ဒေါက်တာ ခင်ယုဝေ ဦးဆောင်သော ယင်းကျောင်းရှိ ဆရာ ဆရာမ၊ ဝန်ထမ်းမိသားစုများနှင့် သင်တန်းသူများ စုစုပေါင်း ၄၄၀ ကို မတ် ၂၉ ရက်က အခမဲ့စမ်းသပ်စစ်ဆေးပေးခဲ့ပြီး အသည်းရောင်အသားဝါ(ဘီ) ပိုး ကာကွယ်ဆေးများကို ယခုပထမအကြိမ် လာရောက်ထိုးနှံပေးသည်။ ဒုတိယအကြိမ်ကို လာမည့် ဇွန် ၂၈ ရက်တွင် လာရောက်ထိုးနှံပေးမည်ဖြစ်ပြီး တတိယအကြိမ်ထိုးနှံပေးခြင်းကို ဒုတိယအကြိမ်နှင့် ငါးလကြာမှ ထိုးနှံပေးမည်ဖြစ်ကြောင်း၊ ကာကွယ်ဆေးသုံးကြိမ် ထိုးနှံခြင်းအတွက် တစ်ဦးကုန်ကျစရိတ် ငွေကျပ် ၁၅၀၀၀ ဖြစ်ကြောင်းနှင့် ရောဂါမရှိသော်လည်း ကာကွယ်ဆေးကို တစ်ဦးချင်းသဘောဆန္ဒအလျောက် ထိုးနှံပေးခြင်းဖြစ်ကြောင်း ကာကွယ်ဆေးထိုးအဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

စစ်ကိုင်းပညာရေးကောလိပ်ကျောင်းအုပ်ကြီး ဒေါ်ငြိမ်းငြိမ်းနှင့်တာဝန်ရှိသူများက ကာကွယ်ဆေးများထိုးပေးရာတွင် လိုအပ်သည့်ကူညီဆောင်ရွက်မှုများပေးခဲ့ကြောင်းသိရသည်။

မျိုးဝင်း(စစ်ကိုင်း)

၂၀၁၄ ခုနှစ် ပြည်လုံးကျွတ်အဆင့် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းဆိုင်ရာ အချက်အလက်များ

❖ **၂၀၁၄ ခုနှစ် ပြည်လုံးကျွတ်အဆင့် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူမှုရလဒ်များမှ ဖော်ထုတ်ရရှိခဲ့သော သန်းခေါင်စာရင်းမှ ညွှန်းဆိုသည့် မြန်မာ့ပုံရိပ်အကျဉ်းချုပ်-**

❖ လူဦးရေဆိုင်ရာ ဝိသေသလက္ခဏာများ

- သန်းခေါင်စာရင်းမှ ကောက်ယူရရှိသော မြန်မာနိုင်ငံ၏ စုစုပေါင်းလူဦးရေ — ၅၁ ဒသမ ၄၉ သန်း၊
- ၄င်းအနက် အမျိုးသားဦးရေ — ၂၄ ဒသမ ၈၂ သန်း၊
- အမျိုးသမီးဦးရေ — ၂၆ ဒသမ ၆၆ သန်း၊
- အမျိုးသမီးဦးရေသည် အမျိုးသားဦးရေထက် ၁ ဒသမ ၈၃ သန်းပိုများပြီး
- အမျိုးသမီးဦးရေသည် စုစုပေါင်းလူဦးရေ၏ ၅၁ ဒသမ ၈ ရာခိုင်နှုန်း

❖ အဆိုပါ စာရင်းများမှာ လုံခြုံရေးအခြေအနေအရ စာရင်းမကောက်ယူနိုင်ခဲ့သော ကချင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တွင်းရှိ ဒေသအချို့အတွက် ခန့်မှန်းလူဦးရေ ၁ ဒသမ ၂၀ သန်းထည့်သွင်းတွက်ချက်ထားခြင်းဖြစ်သည်။

❖ မြန်မာနိုင်ငံ၏လူဦးရေ ကျား/မ အချိုးမှာ ၉၃ ဖြစ်ပါသည်။ အမျိုးသမီးဦးရေ ၁၀၀ တွင် အမျိုးသားဦးရေ ၉၃ ဦးဖြစ်သည်။ ကချင်ပြည်နယ်တွင် အမျိုးသမီး ၁၀၀ တွင် အမျိုးသား ၁၀၈ ဦးရှိပြီး ကယားပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် အမျိုးသားဦးရေနှင့် အမျိုးသမီးဦးရေ အချိုးတူညီမှုရှိသည်။

❖ လူဦးရေအများဆုံးမှာ ရန်ကုန်တိုင်းဒေသကြီးဖြစ်ပြီး စုစုပေါင်းလူဦးရေ၏ ၁၄ ရာခိုင်နှုန်းနှင့် လူဦးရေအနည်းဆုံးမှာ ကယားပြည်နယ်ဖြစ်၍ ၀ ဒသမ ၆ ရာခိုင်နှုန်းဖြစ်သည်။

❖ မြန်မာနိုင်ငံလူဦးရေသည် အာဆီယံအဖွဲ့ဝင်နိုင်ငံအားလုံး၏ ခန့်မှန်းလူဦးရေ ၆၁၅ သန်းတွင် ၈ ဒသမ ၄ ရာခိုင်နှုန်းပါဝင်ပြီး လူဦးရေအရွယ်အစားသည် အာဆီယံဒေသအတွင်း အဆင့် (၅)နေရာတွင်ရှိသည်။

❖ လူဦးရေသိပ်သည်းဆအနေဖြင့် ၁ စတုရန်းကီလိုမီတာတွင် ၇၆ ဦးနေထိုင်ပြီး ရန်ကုန်တိုင်းဒေသကြီးတွင် ၁ စတုရန်းကီလိုမီတာ၌ ၇၁၆ ဦးနေထိုင်ပြီး ချင်းပြည်နယ်တွင် ၁၃ဦးသာနေထိုင်သည်။

❖ ကျေးလက်၊ မြို့ပြ အချိုးအနေဖြင့် မြန်မာနိုင်ငံလူဦးရေစုစုပေါင်း၏ ၇၀ ရာခိုင်နှုန်းသည် ကျေးလက်ဒေသတွင် နေထိုင်ကြသည်။

❖ ရန်ကုန်တိုင်းဒေသကြီး၌ ၇၀ ရာခိုင်နှုန်းသည် မြို့ပြတွင်နေထိုင်ကြပြီး ဧရာဝတီတိုင်းဒေသကြီး၌ ၈၆ ရာခိုင်နှုန်းမှာ ကျေးလက်ဒေသတွင် နေထိုင်ကြသည်။

❖ လူဦးရေတိုးနှုန်းအနေဖြင့် ၀ ဒသမ ၈၉ ရာခိုင်နှုန်းရှိသည်။

❖ မြန်မာနိုင်ငံ၏ လူဦးရေအား လူဦးရေပိရမစ်ရေးဆွဲရာတွင် အိုးပုံပိရမစ်ဖြစ်ပေါ်လျက်ရှိသည်။ လူဦးရေပိရမစ်အရ မြန်မာနိုင်ငံတွင် မွေးဖွားနှုန်းကျဆင်းနေခြင်း၊ အလုပ်လုပ်နိုင်သည့် အသက်အပိုင်းအခြားဖြစ်သော ၁၅ နှစ်မှ ၆၄ နှစ်အကြား လူဦးရေများပြားနေခြင်းကြောင့် လူဦးရေဆုလာဘ် (Population Bonus) ရရှိနေသည်ကို တွေ့ရှိရသည်။ အလုပ်လုပ်နိုင်သော ဦးရေများပြားနေခြင်းသည် နိုင်ငံအတွက် အလားအလာကောင်းများဖြစ်ပေါ်နေသည်ဟု ဆိုရမည်ဖြစ်ပြီး ယင်းအကျိုးကျေးဇူးမှာ နောင်နှစ် ပေါင်း ၂၀ ခန့်အထိ ဆက်လက်အကျိုးခံစားနေရမည်ဖြစ်သည်။ ယင်းနောက်ပိုင်းတွင် သက်ကြီးရွယ်အိုများ များပြားလာပြီး သက်ကြီးရွယ်အိုစောင့်ရှောက်မှုလုပ်ငန်းများကို အလေးထားဆောင်ရွက်ရမည်ဖြစ်သည်။

❖ ၁၉၇၃ ခုနှစ်နှင့် ၁၉၈၃ ခုနှစ် သန်းခေါင်စာရင်းကာလများတွင် မြန်မာနိုင်ငံ၏ လူဦးရေသည် လူငယ်များစွာ ပါဝင်သည့်အတွက် လူဦးရေပိရမစ်များသည် အောက်ခြေကားသည့် ပုံစံဖြစ်ပြီး ၂၀၁၄ ခုနှစ် လူဦးရေပိရမစ်သည် အိုးပုံစံဖြစ်သဖြင့် နှစ် ၄၀ ကာလအတွင်း မြန်မာနိုင်ငံ၏ လူဦးရေဖွဲ့စည်းမှုပုံစံ သိသာစွာပြောင်းလဲခဲ့သည်။

❖ အသက်အရွယ်အမျိုးအစားအလိုက် ၁၅ နှစ်အောက် အုပ်စုတွင် အမျိုးသားဦးရေသည် အမျိုးသမီးဦးရေထက် ပိုမိုများပြားပြီး အသက် ၁၅ နှစ်အထက်တွင် အမျိုးသားဦးရေအချိုး စတင်ကျဆင်းလာကြောင်းသိရသည်။

❖ မှီခိုသူအချိုးအနေဖြင့် မြန်မာနိုင်ငံတွင် မှီခိုသူများဖြစ်သော အသက် ၁၅ နှစ်အောက်ကလေးများနှင့် အသက် ၆၅ နှစ်အထက် သက်ကြီးရွယ်အိုများ အချိုးကျဆင်းလျက်ရှိသည်။ မြန်မာနိုင်ငံ၏ စုစုပေါင်းမှီခိုမှုအချိုးသည် ၅၂ ဒသမ ၅ ဖြစ်သည်။

❖ အိမ်ထောင်စုအကြောင်းအရာများတွင် နောက်ဆုံးသန်းခေါင်စာရင်းကောက်ယူခဲ့သော ၁၉၈၃ ခုနှစ်နှင့် နှိုင်းယှဉ်ပါက ၂၀၁၄ ခုနှစ်အတွင်း အိမ်ထောင်စုအရေအတွက် ၆၇ ရာခိုင်နှုန်းတိုးတက်လာကြောင်း တွေ့ရှိရသည်။ ၁၉၈၃ ခုနှစ်တွင် အိမ်ထောင်စု ၆,၄၉၅၆၂၀ စုရှိပြီး ၂၀၁၄ ခုနှစ်တွင် အိမ်ထောင်စု ၁၀,၈၇၇၈၃၂ စုအထိ တိုးတက်လာခဲ့သည်။

❖ ပျမ်းမျှအိမ်ထောင်စုအရွယ်အစားအနေဖြင့် ၄ ဒသမ ၄ ဦးရှိသည်။ ယေဘုယျအားဖြင့် အိမ်ထောင်စုတစ်ခုတွင် လူလေးဦးကျော်ရှိသည်။ ကချင်ပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် ပျမ်းမျှအိမ်ထောင်စုအရွယ်အစား ၅ ဒသမ ၁ ဦးဖြင့် အများဆုံးဖြစ်ပြီး မကွေး၊ ဧရာဝတီနှင့် နေပြည်တော်တို့တွင် ၄ ဒသမ ၁ ဦးဖြင့် အနည်းဆုံးဖြစ်ပါသည်။

❖ အိမ်ထောင်စု ၇၀ ရာခိုင်နှုန်းခန့်သည် လူဦးရေ နှစ်ဦးမှ ငါးဦးအကြားတွင် ရှိကြသည်။

(ဆက်လက်ဖော်ပြပါမည်)

တိုင်းပြည်စီးပွားရေးနှင့်စားနပ်ရိက္ခာဖူလုံရေး လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကို အားစိုက်ဆောင်ရွက်

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် အခမ်းအနားသို့ တက်ရောက်လာသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ (ပြန်/ဆက်)

နေပြည်တော် မေ ၃၀

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ယနေ့နံနက် ၉ နာရီတွင် ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ မြို့တော်ခန်းမ၌ ကျင်းပသည့် ဧရာဝတီတိုင်းဒေသကြီးအတွင်း ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် လူမှုစီးပွားဘဝမြှင့်တင်ရေး အခမ်းအနားသို့ တက်ရောက် အမှာစကား ပြောကြားသည်။

အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီးများ၊ ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ တပ်မတော်အရာရှိကြီးများ၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ သမဝါယမအသင်းအဆင့်ဆင့်မှ အသင်းသားတောင်သူလယ်သမားများ၊ လပွတ္တာ၊ ဖျာပုံ၊ မအူပင်၊ မြောင်းမြ၊ ဟင်္သာတနှင့် ပုသိမ်ခရိုင်၊ မြို့ပေါ်ရပ်ကွက်များမှ သမဝါယမအသင်းသားများ၊ ဒေသခံပြည်သူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က အဖွင့်အမှာစကားပြောကြားရာ၌ ယနေ့ကျင်းပပြုလုပ်သည့် ဧရာဝတီတိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် လူမှုစီးပွားဘဝမြှင့်တင်ရေးအခမ်းအနားတွင် သမဝါယမဝန်ကြီးဌာနအနေဖြင့် သမဝါယမအသင်း ၃၆၅၄ သင်းက အသင်းသား ၃၂၉၈၄၁ ဦးကို အသေးစားအရင်းအနှီးချေးငွေကျပ် ၃၁၂၉၇ ဒသမ ၂၅ သန်း ထုတ်ချေးပေးမည်ဖြစ်ပြီး အရစ်ကျငွေချေစနစ်နှင့် လယ်ယာသုံး၊ လုပ်ငန်းသုံး စက်ကိရိယာများဝယ်ယူကြမည့် သမဝါယမအသင်း ၈၂၅ သင်းက အသင်းသား ၈၈၅၃ ဦးအတွက် စက်ကိရိယာစီးရေ ၈၈၄၉ စီး၊ တန်ဖိုးကျပ် ၃၇၆၀ ဒသမ ၇၂၇ သန်းကို ပံ့ပိုးပေးမည်ဖြစ်သကဲ့သို့ ယနေ့အခမ်းအနားတွင် စုစုပေါင်းသမဝါယမအသင်း ၄၄၇၉ သင်းက အသင်းသား ၃၃၈၆၉၄ ဦးအတွက် ချေးငွေပေါင်း ကျပ် ၃၅၀၅၇ ဒသမ ၉၇၇ သန်းကို ထုတ်ချေး၊ ပံ့ပိုးပေးအပ်သွားမည်ဖြစ်ကြောင်း။

မိမိတို့အစိုးရ စတင်တာဝန်ယူခဲ့သည်မှ လေးနှစ်ကျော်ကာလအတွင်း တိုင်းပြည်တည်ငြိမ်အေးချမ်းရေးနှင့် ပြည်သူလူထု၏လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် တစိုက်မတ်မတ် ဆောင်ရွက်ခဲ့ပါကြောင်း၊ ယခုလို ဆောင်ရွက်သည့်နေရာတွင် တိုင်းပြည် တည်ငြိမ်အေးချမ်းရေးအတွက် လွတ်လပ်ရေးရရှိချိန်မှစတင်ပြီး နှစ်ပေါင်းခြောက်ဆယ်ကျော် ရင်ဆိုင်နေခဲ့ရသည့် လက်နက်ကိုင်ပဋိပက္ခများချုပ်ငြိမ်းပြီး စစ်မှန်သော ထာဝရငြိမ်းချမ်းရေး ရရှိစေရန်အတွက် ကြိုးပမ်းလျက်ရှိပါကြောင်း၊ အမျိုးသားနိုင်ငံရေးအင်အားစု အားလုံးပါဝင်သည့် နိုင်ငံရေးဆွေးနွေးပွဲများကိုလည်း ကြိုးပမ်းဆောင်ရွက်ခဲ့ပြီး ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း။

နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကိုဆောင်ရွက်သကဲ့သို့ လူမှုစီးပွားဖွံ့ဖြိုးရေးအတွက် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးလုပ်ငန်း တာဝန်များကိုလည်း မဟာဗျူဟာချမှတ်ဆောင်ရွက်ခဲ့ရာ အတိုင်းအတာတစ်ခုအထိ အောင်မြင်မှုရရှိခဲ့ပါကြောင်း၊ စီးပွားရေးတိုးတက်မှုရရှိရန် ဆောင်ရွက်ရာတွင် ဈေးကွက်ဦးဆောင်မှု

ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်း သမဝါယမအသင်းများသို့ အသေးစား အရင်းအနှီးချေးငွေများ ထုတ်ပေးစဉ်။ (ပြန်/ဆက်)

ကို အဓိကမောင်းနှင်အားဖြစ်သည့် ပုဂ္ဂလိကစီးပွားရေးကဏ္ဍ ပြောင်းလဲတိုးတက်မှု ဖြစ်ပေါ်လာရန်အတွက် အစိုးရအခန်းကဏ္ဍမှလည်း ပံ့ပိုးဆောင်ရွက်ပေးလျက်ရှိသကဲ့သို့ ရင်းနှီးမြှုပ်နှံလိုသူ ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းရှင်များကိုလည်း လွယ်ကူချောမွေ့အောင် ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ တိုင်းပြည်၏ စီးပွားရေး၊ စားနပ်ရိက္ခာဖူလုံရေးအတွက် အဓိကကျသည့်လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးသည် အမှန်တကယ် အားစိုက်ဆောင်ရွက်ရမည့် လုပ်ငန်းလည်း ဖြစ်ပါကြောင်း။

မိမိတို့အစိုးရအနေဖြင့် အခြေခံလိုအပ်ချက်ဖြစ်သည့် နိုင်ငံသားအားလုံး၏ စားနပ်ရိက္ခာဖူလုံရေး၊ အေးချမ်းသာယာစွာ နေထိုင်နိုင်ရေးကို အစဉ်အမြဲ အလေးအနက်ထား ဆောင်ရွက်နေပါကြောင်း။

သမဝါယမစနစ်သည် အသင်းသားတစ်ဦးချင်းစီ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အားလုံးက ဝိုင်းဝန်းပူးပေါင်းကူညီ ဆောင်ရွက်ပေးရသည့်စနစ် ဖြစ်ပါကြောင်း၊ တစ်နိုင်ငံလုံး သမဝါယမအသင်းသားများ တိုးပွားလာသည်နှင့်အမျှ နိုင်ငံတော်အစိုးရအပေါ် လုံးလုံးလျားလျား မှီခိုအားထားမနေရတော့ဘဲ မိမိတို့စုဆောင်း ငွေအရင်းအနှီး၊ မိမိတို့ကိုယ်ပိုင် စက်ကိရိယာများနှင့် မိမိတို့ကိုယ်တိုင် တစ်ပိုင်တစ်နိုင် ရပ်တည်နိုင်ပြီး မိမိအကျိုးကိုသာမက အများအကျိုး၊ နိုင်ငံတော်အကျိုးကိုပါ တစ်ဖက်တစ်လမ်းက ပါဝင်ဆောင်ရွက်ပေးနိုင်ကြမည်ဖြစ်ပါကြောင်း။

လာမည့် ဇူလိုင်လပထမပတ် စနေနေ့တွင် ၂၀၁၅ ခုနှစ် အပြည်ပြည်ဆိုင်ရာ သမဝါယမနေ့အခမ်းအနားကို ကျင်းပတော့မည်ဖြစ်ပါကြောင်း၊ ယခုနှစ် အပြည်ပြည်ဆိုင်ရာ သမဝါယမနေ့၏ ဆောင်ပုဒ်သည် "သာတူညီမျှ သမဝါယမ" ဖြစ်ပါကြောင်း၊ မိမိတို့လူသားတိုင်းတွင် တူညီသည့်လေးစားမှုနှင့် တူညီသည့် ဂုဏ်သိက္ခာရှိမှုများကို ရရှိခံစားပိုင်ခွင့် ရှိပါကြောင်း။

သမဝါယမစနစ်တွင် အားလုံး တန်းတူညီမျှပိုင်ဆိုင်ခွင့်ရှိပြီး ဆင်းရဲချမ်းသာပဓာနမထားဘဲ အားလုံး ပူးပေါင်းပါဝင်နိုင်ပါကြောင်း၊ သမဝါယမများသည် ပြန်လည်ရရှိလာမည့်အကျိုးအမြတ်ထက် ၎င်းတို့အသင်းသားများ၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန် အဓိကထားသည့်စနစ် ဖြစ်ပါကြောင်း။

ယခုအခါ သမဝါယမဝန်ကြီးဌာန၏ ကြိုးပမ်းအားထုတ်မှုဖြင့် သမဝါယမအသင်းသား ပြည်သူများအတွက် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ယခင်ထုတ်ချေးပေးခဲ့သည့် ချေးငွေများအပြင် နိုင်ငံခြားချေးငွေအဖြစ် ပထမအကြိမ် ကျပ်သန်းပေါင်း ၅၁၅၃၆ ဒသမ ၀၃ သန်းကို ထုတ်ချေးခဲ့ပြီး ပြေကျေသည့်အတွက် ဒုတိယအကြိမ် ကျပ်သန်းပေါင်း ၅၇၁၂၂ ဒသမ ၂၄ သန်းကို ထုတ်ချေးခဲ့ပါကြောင်း၊ ထို့အပြင် ထပ်မံပြီး ကျပ်သန်းပေါင်း ၅၂၄၂၅ ဒသမ ၀၃ သန်းကိုလည်း ထုတ်ချေးပေးခဲ့သည့်အတွက် စုစုပေါင်း ထုတ်ချေးပေးထားငွေ ကျပ်သန်းပေါင်း ၁၀၉၅၄၆ ဒသမ ၂၇ သန်းရှိပါကြောင်း၊ ထုတ်ချေးပေးခဲ့သည့် ချေးငွေအားလုံးကို (၁၀၀%) ရာနှုန်းပြည့် ပြန်လည်ကောက်ခံရရှိသည့်အတွက် တာဝန်ကျေပွန်သည့် အသင်းသားပြည်သူများ၊ သမဝါယမအသင်းအဆင့်ဆင့်နှင့် သမဝါယမဝန်ကြီးဌာနကို အထူးပင် ကျေးဇူးတင်ပါကြောင်း၊ ယခုအစဉ်အလာကောင်းကို သမဝါယမမူဝါဒလုပ်ထုံး လုပ်နည်းများနှင့်အညီ လိုက်နာ ကျင့်သုံးကြပြီး ဆက်လက်ထိန်းသိမ်းသွားရန်လည်း တိုက်တွန်းမှာကြားလိုပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် သမဝါယမဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းက အသေးစားအရင်းအနှီး ချေးငွေများ၊ Hire Purchase လုပ်ငန်းများနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားရာတွင် ယနေ့အခမ်းအနားသည် ပြည်သူများလိုအပ်နေသည့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အိမ်တွင်းလုပ်ငန်းအတွက် အသေးစားအရင်းအနှီး ချေးငွေထုတ်ပေးခြင်း၊ လယ်ယာနှင့် အခြားလုပ်ငန်းသုံးပစ္စည်းများကို အရစ်ကျငွေချေစနစ်နှင့် ရောင်းချပေးခြင်း၊ သမဝါယမအသင်းများအဆင့်မြှင့်တင်ခြင်းစသည့် လုပ်ငန်းသုံးရပ်ကို အကောင်အထည်ဖော် ဆောင်ရွက်သည့် အခမ်းအနားဖြစ်ပါကြောင်း။

ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ စိုက်ပျိုးစရိတ်နှင့် မွေးမြူရေးစရိတ် ချေးငွေမရကြသေးသည့် သမဝါယမအသင်းသားသစ်များအတွက် ချေးငွေကျပ်သန်းပေါင်း ၂၃၇၅၈ သန်းကျော် တစ်နည်းအားဖြင့် ကျပ် ၂၃ ဘီလီယံကျော်နှင့် ချေးငွေရရှိပြီး အသင်းသားဟောင်းများအတွက် ထပ်မံတိုးမြှင့်ချေးပေးငွေကျပ်သန်းပေါင်း ၇၅၃၈ သန်းကျော် တစ်နည်းအားဖြင့် ကျပ် ၇ ဘီလီယံကျော်၊ စုစုပေါင်း ကျပ်သန်းပေါင်း ၃၁၂၉၇ ဒသမ ၂၅ သန်း တစ်နည်းအားဖြင့် ကျပ် ၃၁ ဘီလီယံကျော်ကို အတိုး တစ်လ ၁ ကျပ် ၁၅ ပြားနှုန်းဖြင့် ထုတ်ချေးသွားမည်ဖြစ်ပါကြောင်း၊ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ ပြည်သူများအတွက် ယခင် ထုတ်ချေးပေးထားသည့် ချေးငွေပေါင်း ကျပ် ၃၁၃၂၈ ဒသမ ၀၆၃ သန်းဖြစ်ပြီး ယခုချေးငွေသစ်ပါပေါင်းလျှင် စုစုပေါင်းထောက်ပံ့ချေးထားငွေ ကျပ်သန်းပေါင်း ၆၂၆၂၅ ဒသမ ၃၁၃ သန်း တစ်နည်းအားဖြင့် ကျပ် ၆၂ ဘီလီယံကျော်ဖြစ်ပါကြောင်း အတိုးနှင့်ပတ်သက်ပြီး အနည်းငယ်ရှင်းပြရလျှင် ယခင်ယူခဲ့သည့် ၁ ကျပ် ပြား ၅၀ တွင်ဖြစ်စေ ယခုယူမည့် ၁ ကျပ် ၁၅ ပြားတွင်ဖြစ်စေ တစ်ဝက်ဖြစ်သည့် ၇၅ ပြားသို့မဟုတ် ၅၅ ပြားကို ကျေးရွာသမဝါယမအသင်း၊ မြို့နယ်သမဝါယမအသင်းစုနှင့် တိုင်းဒေသကြီး/ပြည်နယ် သမဝါယမအသင်းစုချုပ်များအတွက် အချိုးကျခွဲဝေပြီး ပေးထားခဲ့ပါကြောင်း၊ တစ်နည်းအားဖြင့် ပြည်သူများကို ပြန်ပေးခဲ့ခြင်းဖြစ်ပါကြောင်း၊ သမဝါယမဥပဒေအရ နှစ်ချုပ်လိုက်သည့်အခါ သမဝါယမအသင်းစုချုပ်မြတ်လျှင် သမဝါယမအသင်းစုများ၊ သမဝါယမအသင်းစုများကမြတ်လျှင် အခြေခံသမဝါယမအသင်းများ၊ အခြေခံသမဝါယမအသင်းများကမြတ်လျှင် အသင်းဝင် အသင်းသားများကို ပြန်လည်ခွဲဝေပေးရခြင်း ဖြစ်ပါကြောင်း။

အတိုးငွေ၏ ကျန်တစ်ဝက်ဖြစ်သည့် ၇၅ ပြား သို့မဟုတ် ၅၅ ပြားကို ဗဟို သမဝါယမက ဒေါ်လာနှင့် ကျပ်ငွေ လဲလှယ်နှုန်းကွာခြားမှုအတွက် ကြားခံစရိတ်၊ သဘာဝဘေးဆုံးရှုံးမှုအတွက် ရန်ပုံငွေနှင့် ဗဟိုသမဝါယမလုပ်ငန်းများ၏ အသုံးစရိတ်အဖြစ် သုံးစွဲရပါကြောင်း၊ အသေးစားအရင်းအနှီးချေးငွေလုပ်ငန်းမှာငွေချေးသူက ငွေချေးတိုင်း ၁၀ ရာခိုင်နှုန်း စုဆောင်းစေသည့်စနစ်၊ ချေးငွေကို ထိရောက်စွာအသုံးပြုနိုင်အောင် ထိန်းကျောင်းစေသည့်စနစ်၊ ချေးငွေတဖြည်းဖြည်းတိုးမြှင့်ပေးမည့်စနစ်၊ ချေးငွေအပေါ် အတိုးယူသကဲ့သို့ ပြည်သူများ၏ စုဆောင်းငွေအပေါ် အတိုးပြန်ပေးသည့်စနစ် စာရင်းဇယား စနစ်တကျ ထိန်းသိမ်းသည့်စနစ်များ ထည့်သွင်းဆောင်ရွက်ထားပါကြောင်း။

အပြင်ကချေးလျှင် ငွေတစ်ရာကျပ်တွင် အတိုးနှုန်းပျမ်းမျှ ၁၀ ကျပ်ခန့်ရှိပြီး သမဝါယမအတိုးနှုန်းက ၁ ကျပ် ပြား ၅၀ သာရှိ၍

စာမျက်နှာ ၉ ကော်လံ ၁ သို့

စာမျက်နှာ ၈ မှ

တစ်ရာလျှင် ၈ ကျပ် ၅၀ ပြား သက်သာပါကြောင်း။

ထို့ကြောင့် ချေးငွေပေါင်း ၂၂၄ ဘီလီယံကျော်အပေါ်တွင် တစ်နိုင်ငံလုံး ပြည်သူများအနေနှင့် တစ်လလျှင် ကျပ် ၁၉ ဘီလီယံကျော် သက်သာလျက်ရှိပါကြောင်း၊ ထို့အတူ ဧရာဝတီတိုင်းဒေသကြီးပြည်သူများအတွက် ဆိုလျှင်လည်း ယခင်၊ ယခုချေးငွေနှစ်ရပ်ပေါင်း ကျပ်သန်းပေါင်း ၆၂၆၂၅ ဒသမ ၃၁၃ သန်းရှိ၍ တစ်လလျှင် ကျပ်သန်းပေါင်း ၅၃၂၂ သန်းကျော် သက်သာလျက်ရှိပါကြောင်း။

ဧရာဝတီတိုင်း ဒေသကြီးအတွင်းရှိ တောင်သူလယ်သမားများအတွက် တောင်ကိုရီးယားနိုင်ငံ Daedong လယ်ယာသုံးစက်ပစ္စည်း ၁၀၃ မျိုး၊ အခြားနိုင်ငံထုတ်လယ်ယာသုံး စက်ကိရိယာ ၂၅၈၄ မျိုးနှင့် သုံးဘီးဆိုင်ကယ်၊ ဆိုင်ကယ်၊ ဆိုက်ကား၊ အပ်ချုပ်စက်စသည့် လုပ်ငန်းသုံးပစ္စည်း ၁၀၅၄ မျိုး၊ ရေလုပ်ငန်းသုံးပစ္စည်း ၅၂၁၁ မျိုး၊ စုစုပေါင်းတန်ဖိုး ကျပ်သန်းပေါင်း ၆၄၄၅ ဒသမ ၁၁၃ သန်းကို အရစ်ကျငွေချေစနစ်နှင့် ထပ်မံရောင်းချပေးသွားမည်ဖြစ်ပါကြောင်း။

မိမိတို့အစိုးရသည် ပြည်သူများက ရွေးချယ်တင်မြှောက်ထားသည့် အစိုးရဖြစ်သည်နှင့်အညီ ပြည်သူများ၏အခက်အခဲတွေ့ကြုံနေရသည့် အရင်းအနှီးမရှိမှု၊ ရှိသော်လည်း မလုံလောက်မှုကိုကူညီရန် ပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်လာနိုင်စေရန်နှင့် ဆင်းရဲမှုကို လျှော့ချရန်အတွက် ယခု လုပ်ငန်းများကို ဆောင်ရွက်ပေးနေခြင်း ဖြစ်ပါကြောင်း။

အဆိုပါ သမဝါယမလုပ်ငန်းစဉ်များအောင်မြင်အောင် ဆောင်ရွက်မည်ဆိုလျှင် မိမိတို့အားလုံး၏ သမဝါယမစနစ်အပေါ် ယခင်က မှားယွင်းစွာထားရှိခဲ့သည့် သဘောထားအမြင်များကို ပြောင်းလဲကြရမည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် ယခင်က သဘောထားအမြင်များကို ပြောင်းပြီး သမဝါယမ၏အနှစ်သာရဖြစ်သည့် ကိုယ့်အားကိုယ်ကိုး ဆောင်ရွက်ခြင်း၊ ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် စည်းလုံးညီညွတ်ခြင်း၊ မျှတစွာ အကျိုးခံစားခွင့်ဆိုသည့် အချက်များနှင့်အညီ ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်းဖြင့် ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသိန်းအောင်က တိုင်းဒေသကြီးအတွင်း ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် လူမှုစီးပွားဘဝ မြှင့်တင်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဧရာဝတီတိုင်းဒေသကြီး၏ ကျေးလက်နေပြည်သူများ၏ အဓိကအသက်မွေးဝမ်းကျောင်းလုပ်ငန်းဖြစ်သည့် လယ်ယာကုန်ထုတ်လုပ်မှုကဏ္ဍ အမြန်ဆုံးဖွံ့ဖြိုးတိုးတက်လာအောင် လယ်ယာကုန်ထုတ်အသင်း ၂၂၄၉ သင်းကို အသင်းဝင် ဦးရေပေါင်း ၃ဒသမ ၈၉ သိန်းကျော် ပါဝင်လာအောင် စည်းရုံးဖွဲ့စည်းနိုင်ခဲ့ပါကြောင်း၊ ခေတ်မီအဆင့်မြင့် စက်မှုလယ်ယာစနစ်သုံး လယ်မြေဧက ၂၆၀၀ ကို ၂၀၁၄-၂၀၁၅ ခု ဘဏ္ဍာရေးနှစ်တွင် ဖော်ထုတ်ပြီးဖြစ်၍ ယခု ၂၀၁၅-၂၀၁၆ ခု ဘဏ္ဍာရေးနှစ်တွင်လည်း အဆင့်မြင့်စက်မှုလယ်ယာဧက ၅၂၀၀ ထပ်မံဖော်ထုတ်သွားမည်ဖြစ်ပါကြောင်း။

တိုင်းဒေသကြီးအတွင်း ၂၀၁၄ ခုနှစ်ကုန်တွင် သမဝါယမအသင်းပေါင်း ၃၉၃၂ သင်းရှိသည့်အနက် သမဝါယမဝန်ကြီးဌာန၏ကြိုးပမ်းအားထုတ်မှုကြောင့် ယနေ့ အသင်းပေါင်း ၆၅၅၀ အသင်းထိ တိုးတက်ဖွဲ့စည်းနိုင်ခဲ့ပြီး ဖွဲ့စည်းပြီး အသင်းအားလုံးသည်လည်း ရှင်သန်လည်ပတ်နိုင်ခဲ့ပါကြောင်း။

နှစ်ရှည်စက်မှုဇုန်လုပ်ငန်းများတွင် ရှိပြီးဖြစ်သော ပုသိမ်၊ ဟင်္သာတ၊ မြောင်းမြစက်မှုဇုန်များ တိုးတက်ရေးဆောင်ရွက်လျက်ရှိရာ ယခု ပုသိမ်စက်မှုဇုန်၌ စက်ရုံတစ်ရုံတွင် လုပ်သား ၂၀၀၀ ခန့် အလုပ်ပေးနိုင်မည့် အထည်ချုပ်စက်ရုံ သုံးရုံ ဖွင့်လှစ်ပြီးဖြစ်ပါကြောင်း၊ ယခုအခါ အဆိုပါအထည်ချုပ် စက်ရုံများတွင် မြန်မာအမျိုးသမီးလုပ်သား ၄၁၀၀ ခန့် စတင်အလုပ်ဝင်ရောက်လုပ်ကိုင်နေပြီ ဖြစ်ပါကြောင်းဖြင့် ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းနှင့် တိုင်းဒေသကြီးဝန်ကြီးချုပ်တို့က တိုင်းဒေသကြီးအတွင်းရှိ သမဝါယမအသင်းများသို့ ခရိုင်အလိုက် အသေးစားအရင်းအနှီး ချေးငွေများကိုထုတ်ပေးပြီး ဗဟိုသမဝါယမအသင်းနှင့် သမဝါယမဘဏ် လီမိတက်ဥက္ကဋ္ဌ ဦးခင်မောင်အေးက Hire Purchase စနစ်ဖြင့် ဝယ်ယူထားသော လယ်ယာလုပ်ငန်းသုံး၊ ရေလုပ်ငန်းသုံး ပစ္စည်းကိရိယာများနှင့် ပံ့ပိုးပစ္စည်းများကို ပေးအပ်သည်။

ယင်းနောက် တိုင်းဒေသကြီးအတွင်းရှိ သမဝါယမအသင်းသားများကိုယ်စား ကျုံပျော်မြို့နယ် သမဝါယမအသင်းလီမိတက် ဥက္ကဋ္ဌ ဦးဝင်းရွှေက ကျေးဇူးတင်စကား ပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ယနေ့အခမ်းအနားတွင် ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၆ မြို့နယ်၊ သမဝါယမအသင်းပေါင်း ၃၆၅၄ သင်းမှ အသင်းသား ၃၂၄၈၉၁ ဦးသို့ ငွေကျပ်သန်းပေါင်း ၃၁၂၉၇ ဒသမ ၂၅ သန်း ထုတ်ချေးပေးနိုင်ခဲ့ပြီး ငွေ ကျပ်သန်းပေါင်း ၃၇၆၀ ဒသမ ၇၂၇ သန်း တန်ဖိုးရှိ လယ်ယာသုံး စက်ကိရိယာများ၊ မော်တော်ဆိုင်ကယ်များ၊ ဆိုက်ကား၊ အပ်ချုပ်စက်နှင့် ရေလုပ်ငန်းသုံး ပစ္စည်းများအား မြို့နယ် ၂၆ မြို့နယ်ရှိ အသင်းပေါင်း ၈၂၅ သင်းသို့ ပံ့ပိုးပေးနိုင်ခဲ့ရာ ပစ္စည်းတန်ဖိုးအပါအဝင် စုစုပေါင်းငွေကျပ် သန်းပေါင်း ၃၅၀၅၇ ဒသမ ၉၇၇ သန်းကို ပံ့ပိုးပေးနိုင်ခဲ့ကြောင်း သိရှိရသည်။

အခမ်းအနား အပြီးတွင် နိုင်ငံတော်သမ္မတသည် အခမ်းအနားသို့ တက်ရောက်လာသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ပြီး သမဝါယမဝန်ကြီးဌာန၊ သမဝါယမအသင်းအဖွဲ့များနှင့် ကုမ္ပဏီများ၏ ကျေးလက်ဒေသဖွံ့ဖြိုးရေး ဆောင်ရွက်ပေးမှုဆိုင်ရာပြခန်းများ၊ သမဝါယမအသင်းသားများသို့ ပံ့ပိုးပေးသည့် လယ်ယာသုံးစက်ကိရိယာများနှင့် ရေလုပ်ငန်းသုံးပစ္စည်းများကို လှည့်လည်ကြည့်ရှုအားပေးသည်။

ထို့နောက် နိုင်ငံတော်သမ္မတသည် ပုသိမ်မြို့ ဖွံ့ဖြိုးစည်ပင်နေမှုကို မော်တော်ယာဉ်ဖြင့် လှည့်လည်ကြည့်ရှုခဲ့သည်။

(သတင်းစဉ်)

ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၆ မြို့နယ်၊ သမဝါယမအသင်းပေါင်း ၃၆၅၄ သင်းမှ အသင်းသား ၃၂၄၈၉၁ ဦးသို့ ငွေကျပ်သန်းပေါင်း ၃၁၂၉၇ ဒသမ ၂၅ သန်း ထုတ်ချေးပေးနိုင်ခဲ့ပြီး ငွေ ကျပ်သန်းပေါင်း ၃၇၆၀ ဒသမ ၇၂၇ သန်းတန်ဖိုးရှိ လယ်ယာသုံးစက်ကိရိယာများ၊ မော်တော်ဆိုင်ကယ်များ၊ ဆိုက်ကား၊ အပ်ချုပ်စက်နှင့် ရေလုပ်ငန်းသုံးပစ္စည်းများအား မြို့နယ် ၂၆ မြို့နယ်ရှိ အသင်းပေါင်း ၈၂၅ သင်းသို့ ပံ့ပိုးပေးနိုင်ခဲ့ရာ ပစ္စည်းတန်ဖိုးအပါအဝင် စုစုပေါင်းငွေကျပ် သန်းပေါင်း ၃၅၀၅၇ ဒသမ ၉၇၇ သန်းကို ပံ့ပိုးပေးနိုင်ခဲ့

ဒုက္ခသည်အများစု မြန်မာနိုင်ငံကမဟုတ် အိမ်နီးချင်းနိုင်ငံကသာဖြစ်ကြောင်း ထင်ထင်ရှားရှားဆွေးနွေးနိုင်၍ သူတို့သဘောပေါက်သွားကြပြီ

မြန်မာနိုင်ငံက လူသားချင်းစာနာထောက်ထားသည့်အနေဖြင့် ယာယီကယ်ဆယ်ရေးစခန်းတွင် ယာယီလက်ခံထားသည့် လှေစီးဒုက္ခသည်များကို ၎င်းတို့မိခင်နိုင်ငံများသို့ ပြန်လည်ပို့ဆောင်နိုင်ရန် နှစ်နိုင်ငံတာဝန်ရှိသူများက စီစဉ်ဆောင်ရွက်လျက်ရှိသည်။

အဆိုပါ ကိစ္စနှင့်စပ်လျဉ်း၍ အိန္ဒိယသမုဒ္ဒရာအတွင်း တရားမဝင် ရွှေ့ပြောင်းသွားလာသူများဆိုင်ရာ အထူးအစည်းအဝေးကို မေလ ၂၉ ရက်တွင် ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ကျင်းပခဲ့ရာ အစည်းအဝေးတက်ရောက်ခဲ့ကြသည့် မြန်မာကိုယ်စားလှယ်အဖွဲ့၏ ပြောကြားချက်များကို ပြန်လည်ရေးသားတင်ပြလိုက်ရပါသည်။

ဦးထင်လင်း
ခေတ္တညွှန်ကြားရေးမှူးချုပ်
အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများနှင့် စီးပွားရေးဦးစီးဌာန

ထိုင်းနိုင်ငံ ဗန်ကောက်မြို့မှာ မေလ ၂၉ ရက်နေ့မှာ အိန္ဒိယသမုဒ္ဒရာအတွင်း တရားမဝင်ရွှေ့ပြောင်းသွားလာသူများဆိုင်ရာ ဒေသတွင်း အစည်းအဝေးကို ကျွန်တော်ဦးဆောင်ပြီး တက်ရောက်ခဲ့ပါတယ်။

တက်ရောက်တာကိုကလည်း ပင်လယ်တွင်းမှာ လှေစီးဒုက္ခသည်တွေ ရှိနေတဲ့အချက်ကို နိုင်ငံတကာအဖွဲ့အစည်းများနဲ့အတူ စိုးရိမ်ပူပန်တယ်၊ သူတို့အတွက် ကယ်ဆယ်စောင့်ရှောက်မှုလုပ်ငန်းတွေ ဘယ်လိုများ တိုးတက်အောင် လုပ်လို့ရမလဲဆိုတဲ့ရှုထောင့်အရ တာဝန်သိတဲ့နိုင်ငံ တစ်နိုင်ငံအနေနဲ့ တက်ရောက်တာလည်း ဖြစ်ပါတယ်။ အစည်းအဝေးမှာ ရလဒ်နှစ်ခုပေါ်ထွက်ခဲ့ပါတယ်။ ကျွန်တော့်အနေနဲ့ သုံးသပ်တင်ပြရရင်တော့ အရင်တုန်းက လှေစီးဒုက္ခသည်တွေ မြန်မာနိုင်ငံဘက်ကနေပြီး အစပြုတယ်လို့ စွပ်စွဲပြောဆိုနေတာတွေ ရှိပါတယ်။ ကျွန်တော်တို့ဘက်က သတင်းတွေ နိုင်ငံတကာကို ကျယ်ကျယ်ပြန့်ပြန့် မရောက်နိုင်တဲ့အတွက် သူတို့က ယုံကြည်နေတဲ့ သဘောတွေ ရှိပါတယ်။ ဒီအစည်းအဝေးမှာတော့ ဒုက္ခသည်အများစုဟာ မြန်မာနိုင်ငံသားမဟုတ်ဘူး၊ အိမ်နီးချင်းနိုင်ငံတစ်ခုကသာဖြစ်တယ်လို့ ထင်ထင်ရှားရှားဆွေးနွေးနိုင်ခဲ့လို့ သူတို့ သဘောပေါက်သွားခဲ့ကြပါပြီ။

နောက်ပြီး လူသားချင်းစာနာထောက်ထားမှုအရသာ ယာယီကယ်ဆယ်ထားခြင်းဖြစ်တယ်။ ရေရှည်

ဦးထင်လင်း

လက်ခံထားဖို့မရှိဘူးဆိုတာကို သူတို့သိအောင် ထင်ထင်ရှားရှားပြောနိုင်ခဲ့ပါတယ်။ ရွှေ့လျှောက် လှေစီးဒုက္ခသည်တွေ ထွက်မလာအောင်၊ လူမှောင်ခိုကူးမှု လုပ်နေတဲ့သူတွေကို ထိထိရောက်ရောက် ပိတ်ပင်တားဆီး အရေးယူကြမလဲ ဆိုတာတွေကို ဆွေးနွေးနိုင်ခဲ့ပါတယ်။ လူကုန်ကူးမှုတွေကိုအရေးယူမယ်၊ သတင်းအချက်အလက်တွေကို ဘယ်လိုဖလှယ်ကြမလဲဆိုတာကို မြန်မာကိုယ်စားလှယ်အဖွဲ့ကို အဆိုပြုဆွေးနွေးကြတယ်။ လူမှောင်ခိုကူးတဲ့သူတွေရဲ့ ဖြားယောင်း သွေးဆောင်မှုတွေကြောင့် အပြစ်မဲ့တဲ့သူတွေ ဘယ်လိုဒုက္ခရောက်ကြသလဲဆိုတာ ကျယ်ကျယ်ပြန့်ပြန့်သိဖို့အတွက် မီဒီယာကနေတစ်ဆင့် အသိပေးခြင်းတွေလုပ်ဖို့ လိုအပ်တယ်လို့လဲ ဆွေးနွေးခဲ့ကြပါတယ်။ မီဒီယာကနေ အသိပေးတယ်ဆိုတာကလည်း လူမှောင်ခိုကူးတဲ့သူတွေကို ဘယ်လိုအပြစ်ပေးတယ်၊ လူကုန်ကူးခံရတဲ့သူတွေကလည်း ဘယ်လိုဒုက္ခရောက်တယ်ဆိုတာ သိအောင်

ရဲမှူးချုပ်ဝင်းနိုင်ထွန်း

ဆောင်ရွက်ရမယ်ဆိုတာဖြစ်ပါတယ်။ နောက်တစ်ချက်ကတော့ တရားမဝင် အလုပ်သွားလုပ်ကိုင်တဲ့သူတွေကို စေလွှတ်တဲ့နိုင်ငံကရော၊ လက်ခံတဲ့နိုင်ငံကပါ အစီအစဉ်တွေကို အခုထက်ပိုပြီး ဆောင်ရွက်သင့်တယ်လို့ ဆွေးနွေးနိုင်ခဲ့ပါတယ်။

ရဲမှူးချုပ်ဝင်းနိုင်ထွန်း၊ တပ်ဖွဲ့မှူး၊
လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့

ဒီဆွေးနွေးပွဲမှာ မြန်မာနိုင်ငံ ဟာ လှေစီးဒုက္ခသည်တွေရဲ့ မူရင်းနိုင်ငံ မဟုတ်ဘူးဆိုတာရယ်၊ Transit နိုင်ငံသာ ဖြစ်တယ်ဆိုတာရယ်ကို ကျွန်တော်တို့ ကိုယ်စားလှယ်အဖွဲ့ ခေါင်းဆောင်က ရှင်းပြနိုင်ခဲ့ပါတယ်။ တိုက်ရိုက်ပတ်သက်နေတဲ့ နိုင်ငံအချင်းချင်းကြားမှာ နားလည်မှု၊ ပူးပေါင်းဆောင်ရွက်မှုကို ရှေ့ဆက် ဆောင်ရွက်နိုင်မယ့်အစီအစဉ်တွေကို ဆွေးနွေးနိုင်ခဲ့ကြတယ်။ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းတွေ၊ ပင်လယ်ပြင်ရောက်သူတွေကို ချက်ချင်းကာကွယ်ပေးဖို့တွေ၊ လိုအပ်သလို ပူးပေါင်း

ဦးတင်ချယ်

ဆောင်ရွက်ဖို့တွေ၊ သတင်းအချက်အလက်ဖလှယ်ကြဖို့တွေ၊ လူမှောင်ခိုကူးမှုပုံမှန်မဟုတ်တဲ့ ရွှေ့ပြောင်းသွားလာမှုတွေနဲ့ပတ်သက်ပြီး ကာကွယ်တားစီးဖို့တွေကို အဓိကဆွေးနွေးနိုင်ခဲ့ကြပါတယ်။ ဒါကြောင့် ဒေသတွင်း နိုင်ငံတွေအတွက်များစွာအကျိုးရှိတဲ့အစည်းအဝေးလို့ ပြောလို့ရပါတယ်။

ကျွန်တော်တို့ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့အနေနဲ့လည်း အိမ်နီးချင်းနိုင်ငံတွေနဲ့သာမက ဒေသတွင်းနိုင်ငံတွေနဲ့ပါ ပိုမို ပူးပေါင်းဆောင်ရွက်သွားမှာဖြစ်ပါတယ်။

ဦးမိုးဟိန်း
ညွှန်ကြားရေးမှူး၊ ရခိုင်ပြည်နယ်
အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန

ဒီအစည်းအဝေးကို မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်တာ အများကြီးကောင်းပါတယ်။ အစည်းအဝေးမှာ နိုင်ငံပေါင်း ၁၇ နိုင်ငံပါဝင်ပြီး အမေရိကန်၊ ဆွစ်ဇာလန်နဲ့ ဂျပန်နိုင်ငံတွေကလေ့လာသူအဖြစ် တက်ရောက်ပါတယ်။ ကုလသမဂ္ဂအဖွဲ့အစည်းတွေလည်း တက်ရောက်ကြပါ

ဦးမိုးဟိန်း

တယ်။ လှေစီးဒုက္ခသည်တွေနဲ့ ပတ်သက်ပြီး နိုင်ငံတကာကစွပ်စွဲသလို သူတို့ဟာ မြန်မာနိုင်ငံက ညှင်းပန်းနှိပ်စက်လို့ ထွက်ပြေးလာကြသူတွေ မဟုတ်ဘူးဆိုတာ သက်သေအထောက်အထားတွေနဲ့ ရှင်းပြနိုင်ခဲ့တယ်။

ဒီလို ရှင်းပြနိုင်ခဲ့တဲ့အတွက် လှေစီးဒုက္ခသည်တွေဟာ မြန်မာနိုင်ငံက မဟုတ်ဘူးဆိုတာ ကမ္ဘာက သိသွားတယ်။ ကျွန်တော်တို့နိုင်ငံရဲ့ လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ ဆောင်ရွက်ချက်တွေကိုလည်း ရှင်းပြဆောင်ရွက်နိုင်ခဲ့ပါတယ်။ နောက်ပြီး လှေစီးဒုက္ခသည်တွေနဲ့ ပတ်သက်ရင် ကျွန်တော်တို့နိုင်ငံရဲ့ သဘောထားနဲ့ ရှေ့ဆက်လက် ပူးပေါင်းဆောင်ရွက်မယ့်အစီအစဉ်တွေကိုလည်း ရှင်းပြနိုင်ခဲ့တယ်။ တကယ်တော့ လှေစီးဒုက္ခသည်ကိစ္စဖြစ်ပေါ်လာတာဟာ လူပွဲစားတွေ၊ လူမှောင်ခိုဂိုဏ်းတွေက ခေတ်သစ် ကျေးကျွန်သဖွယ် ရောင်းဝယ်မှုတွေ လုပ်ဆောင်နေတဲ့အတွက် အားလုံးက ဝိုင်းဝန်း

ဒေါ်ယုယုဆွေ

တားဆီးရမှာဖြစ်ပါတယ်။ ပင်လယ်ပြင်မှာရှိတဲ့လူ မှောင်ခိုလမ်းကြောင်းတွေမှာ ချိတ်ဆက်နေတဲ့နိုင်ငံတွေ အားလုံးက ပူးပေါင်းဆောင်ရွက်သွားရမှာဖြစ်ပါတယ်။

ဒီကိစ္စတွေနဲ့ ပတ်သက်ပြီး ရခိုင် ပြည်နယ်အစိုးရအဖွဲ့အနေနဲ့လည်း အထူးအလေးထား ဆောင်ရွက်နေပါတယ်။ အများနည်းတူ စိုးရိမ်ပူပန်မှုတွေလည်း ရှိပါတယ်။

စာမျက်နှာ ၁၁ ကော်လံ ၅ သို့

ကလေးငယ်တို့၏ အပြုံးများနောက်ကွယ်မှ အပြုရောင်မီးအိမ်ရှင်များ(သို့မဟုတ်)
Myanmar Clown Doctor

ဆောင်းပါး-ရဲခေါင်ညွန့်၊ မြတ်သန္တာမောင်
ဓါတ်ပုံ-ဖိုးထောင်

ဖူးဖူးတစ်ယောက် မပျော်ပါ။ သူငယ်ချင်းများနှင့် ခွဲခွာပြီး ရက်ရှည်နေနေရသည်ကို မုန်းသည်။ ဆေးထိုး ဆေးသောက်ရသည်ကို မုန်းသည်။ အိမ်မှာနေခဲ့ရသော အချိန်များ၊ မူကြိုကျောင်းတွင် သူငယ်ချင်းများနှင့် ကစားခဲ့ရ၊ ပုံဆွဲခဲ့ရ၊ ကဗျာရွတ်ခဲ့ရသော အချိန်များကိုသာ ဖူးဖူးသတိရပါသည်။ ဖူးဖူး ဆေးရုံပေါ်မှာ မနေချင်တော့ပါ။ ဒီနေ့လို တနင်္ဂနွေနေ့မျိုးဆို ဖူးဖူး သူငယ်ချင်းတွေနဲ့ အိမ်ကိုပိုလွမ်းမိနေသည်။ ဖူးဖူးက သွေးလွန်တုပ်ကွေးဆိုသောရောဂါကြောင့် ရန်ကင်းကလေးဆေးရုံပေါ်မှာ အကြာကြီးနေနေရတာကို မပျော်ပါ။

လည်ဂုတ်နားအထိကျနေသည့် ရောင်စုံဆံပင်ကောက်ကောက်ကြီး ခေါင်းမှာစွပ်ထားပြီး မျက်နှာတစ်ဝက်ဖုံးနေသည့် ပန်းရောင်ကော်ကိုင်းမျက်မှန်၊ အနီရောင်နှာခေါင်းကြီးကြီးကိုတပ်ထားကာ ကာတွန်းရုပ်လေးများပါသည့်ဂျူတီကုတ်ကို ဝတ်ဆင်ထားသော ဆရာဝန်ကိုကိုတစ်ယောက် တနင်္ဂနွေနေ့တစ်ရက်တွင် ဖူးဖူးလှဲနေသည့် ဆေးရုံခုတင်အနီးသို့ရောက်လာခဲ့သည်။ သူငယ်ချင်းများနှင့် ခွဲနေရသည်မို့ရယ်စရာကောင်းသော ဆရာဝန်ကို ဖူးဖူးစကားပြန်မပြောချင်ပါ။ ဖူးဖူးလို ကလေးအများကြီးရှိပေမယ့် ငိုယိုဝမ်းနည်းနေသည့် ကလေးတွေ အများကြီးရှိသည့် ကလေးဆေးရုံဆိုသော နေရာကြီးမှာ ဖူးဖူးမနေချင်ပါ။ ရုတ်ခြည်းဆိုသလို ကုတ်အင်္ကျီ အဖြူအိတ်ကပ်ထဲမှ ဘယ်ဘက်လက်ကို ထုတ်လိုက်သည့်အခါတွင် ဆရာဝန်ကိုကို၏လက်တွင် ဖူးဖူးကိုပြောင်ပြနေသည့် အပြာရောင်မျောက်ရုပ်လေး ထွက်လာသည်။ အရုပ်ဆိုးဆိုး မျက်လုံးပြူးပြူး မျောက်ကလေးက ဖူးဖူးမျက်စိရှေ့တွင် တလှုပ်လှုပ်ဖြင့် ခေါင်းညိတ်ပြနေသည်။ မျောက်ရုပ်ကလေး ထွက်လာသော အိတ်ကပ်ထဲတွင်ပါလာသည့် အန်စာတုံးဘူးလေးများ၊ ဖဲချပ်လေးများကိုအသုံးပြုကာ မျက်လှည့်ကစားရင်း ဖူးဖူးကိုစကားတွေပြောနေသော ဆရာဝန်ကိုကိုကြောင့် ပျောက်ဆုံးနေသည့် ပျော်စရာကောင်းသော အချိန်များ ဖူးဖူးထံသို့ ပြန်လည်ရောက်ရှိလာခဲ့ပြီဖြစ်သည်။

ဆပ်ကပ်ထဲက လူရွှင်တော်များသဖွယ်ဆင်မြန်းကာ ဆရာဝန်များဝတ်ဆင်လေ့ရှိသည် ဂျူတီကုတ်အင်္ကျီအဖြူများဖြင့် သွားလာလှုပ်ရှားလျက်ရှိသည့် ပရဟိတလူငယ်အဖွဲ့လေးကိုတော့ ရန်ကုန်မြို့ရှိ ရန်ကုန်ကလေးဆေးရုံကြီးနှင့် ရန်ကင်းကလေးဆေးရုံကြီးတို့တွင် အပတ်စဉ်စနေနှင့် တနင်္ဂနွေနေ့တိုင်း တွေ့မြင်ရလိမ့်မည်ဖြစ်သည်။

Myanmar Clown Doctor (မြန်မာရုပ်ပြောင်ဆရာဝန်)များဟု အမည်ပေးထားသည့် အဆိုပါလူငယ်အဖွဲ့လေးသည် ၎င်းတို့အားလပ်သည့် စနေ၊ တနင်္ဂနွေပိတ်ရက်များတွင် ကလေးငယ်များ၏ နာကျင်မှုဝေဒနာ၊ စိတ်မပျော်ရွှင်မှု၊ ကလေးငယ်များ၏ စိတ်ဒဏ်ရာများကို လျော့ပါးသက်သာမှုရရှိစေရန်အတွက် အသံထွက်သော အရုပ်လေးများ၊ တီးမှုတ်ကိရိယာလေးများ၊ လက်ထိုးရုပ်လေးများ၊ ဆပ်ပြာပူဖောင်းလေးများ၊ မျက်လှည့်ပစ္စည်းများနှင့်အတူ ကလေးဆေးရုံများသို့ရောက်ရှိလာ၍ ကလေးငယ်များပျော်ရွှင်စေရန် ပျော်ရွှင်စရာလေးများ ဖန်တီးလုပ်ဆောင်ပေးနေကျပင်။

"ကျွန်တော်တို့ ဒီလိုမျိုးထူးခြားတဲ့ ပုံစံဝတ်ဆင်ဖြစ်တာက ကလေးတွေရဲ့စိတ်ဝင်စားမှုကို ဖမ်းစားနိုင်ဖို့၊ ကလေးတွေရဲ့စိတ်ကို သက်သာရာရစေဖို့ပါ။ ခြေထောက်မကောင်းတဲ့ ကလေးတစ်ယောက် လမ်းမလျှောက်နိုင်ဘူး။ ဒါပေမယ့် လက်တွေလှုပ်နိုင်တယ်။ လက်နဲ့အတူ ကစားရမယ့်အရာမျိုးတွေ လုပ်ပြပေး၊ သူ့ခံစားချက်ကိုသိအောင် စကားတွေပြောပေးနေရင် ကလေးက ခြေထောက်မကောင်းပေမယ့်လည်း စိတ်သက်သာရာရစေတာပေါ့ဗျာ။ ကျွန်တော့်ရဲ့ မှတ်မှတ်ရရ အတွေ့အကြုံတစ်ခုကိုပြောပြရရင် အော်တစ်ဇင်ဖြစ်ပြီး

မျက်စိမမြင်တဲ့ ကလေးလေးတစ်ယောက်ကို ကြုံဖူးတယ်။ သူ့ကိုအထိအတွေ့ခံစားမိအောင် ကျွန်တော့် နှာခေါင်းက ရော်ဘာတုံးလေးကို ကိုင်ခိုင်းတယ်။ နောက် အသံလေးတွေ လုပ်ပြတယ်။ ဒီအခါမှာ ကလေးက ရယ်တယ်။ သူ့မိဘက ပြောပြတယ်။ ကလေးက ၁၀နှစ်ရှိပြီ။ ဒီလိုတစ်ခါမှမရယ်ဖူးဘူးတဲ့။ ကျွန်တော်ထင်တာကတော့ လူတစ်ဦးတစ်ယောက်က ကိုယ့်ကိုလာပြီး ဂရုစိုက်နေတယ်ဆိုတဲ့အတွေးက စိတ်ကိုသက်သာရာရစေမယ်ထင်ပါတယ်"ဟု Myanmar Clown Doctor၏ အဖွဲ့ခေါင်းဆောင်ဖြစ်သူ ဒေါက်တာအရှည်ကြီးက ပြောသည်။

Clown Doctorဟုခေါ်သည့် ရုပ်ပြောင်ဆရာဝန်အဖွဲ့များသည် အမေရိကန်နိုင်ငံဆေးရုံများတွင် ၁၉၈၆ ခုနှစ်လောက်က စတင်ခဲ့ကြသည်။ Clown Doctor များသည် ဆေးရုံများပေါ်တွင် နာကျင်မှုကြောင့် ဝေဒနာခံစားနေရသည့် ကလေးငယ်များ ပျော်ရွှင်အောင် သွားရောက်၍ ဖန်တီးလုပ်ဆောင်ပေးကြသူများဖြစ်သည်။ မြန်မာနိုင်ငံတွင်မူ ၂၀၁၂ ဖေဖော်ဝါရီတွင် Myanmar Clown Doctor ဟူသော လူငယ်များပါဝင်သည့် ပရဟိတအဖွဲ့လေး ရန်ကုန်မြို့တွင် စတင်ပေါ်ပေါက်ခဲ့သည်။ မန္တလေးမြို့တွင်လည်း ၂၀၁၅ ဧပြီလအတွင်းက ထပ်မံဖွဲ့စည်းနိုင်ခဲ့သည်။ ရုပ်ပြောင်ဆရာဝန် Myanmar Clown Doctor ကိုဖွဲ့စည်းဖြစ်ရခြင်းမှာ ကလေးဆေးရုံများတွင် တက်ရောက်ကုသနေသည့် ကလေးငယ်လေးများသည် ရောဂါဝေဒနာအပြင် စိတ်ပိုင်းဆိုင်ရာထိခိုက်မှုနှင့် စိတ်ဓာတ်ကျဝမ်းနည်းမှုများ ခံစားရနိုင်သဖြင့် အဆိုပါ စိတ်ပိုင်းဆိုင်ရာဝေဒနာများ သက်သာလျော့ပါးကာ ပျော်ရွှင်စေနိုင်ရန်အတွက်ဖြစ်ကြောင်း ကိုထက်ပိုင်ခေါ် ဒေါက်တာအရှည်ကြီးက ပြောပြသည်။

ရန်ကင်းကလေးဆေးရုံသို့ မှော်ဘီမြို့မှနေ၍ လာရောက်ဆေးကုသသူ အသက်ခြောက်နှစ်အရွယ် မောင်အောင်၏ အမေဖြစ်သူက "ဆေးရုံကို ရောက်တာ နှစ်ရက်ရှိပြီ။ မနေ့ကဆို တော်တော်ငိုချင်တယ်။ သားက လူတစ်ကိုယ်လုံးယောင်နေတာ။ ကျောက်ကပ်မကောင်းဘူးလို့ ဆရာဝန်က ပြောတယ်။ ဒီနေ့တော့ သူတို့ကို တွေ့တော့ ကလေးကလည်းပျော်၊ အစ်မလည်းပျော်နေတာပေါ့"ဟုဆိုသည်။

ကလေးငယ်များ ပျော်ရွှင်စွာမှတ်မိစေရန် သူတို့ကိုယ်သူတို့ အမည်ပြောင်ပေးထားသည့် နာမည်အသီးသီးက ဒေါက်တာပြောင်ကြီး၊ ဒေါက်တာအီးတီ၊ ဒေါက်တာပလုပ်တုတ်၊ ဒေါက်တာဇီးကွက်၊ ဒေါက်တာအရှည်ကြီး၊ ဒေါက်တာစိန်ပေါက်ပါက်. . စသည်ဖြင့်။

Myanmar Clown Doctor အဖွဲ့သည် ဆရာဝန်များသက်သက်ဖြင့်သာ ဖွဲ့စည်းထားသည့်အဖွဲ့လေး မဟုတ်သော်လည်း တက္ကသိုလ်ကျောင်းသားများ၊ အချိန်ပိုင်းဝန်ထမ်းများပါဝင်သည့် ဆယ်ကျော်သက်လူငယ်လေးများဖြင့်ဖွဲ့စည်းထားသည်။ အသက် ၁၆ နှစ်အရွယ်မှ အသက် ၃၀ အရွယ်ရှိ လူငယ်လေးများဖြင့်သာဖွဲ့စည်းထားသော Myanmar Clown Doctor ပရဟိတအဖွဲ့လေးအား အဆိုပါအဖွဲ့၏ လူမှုကွန်ရက်စာမျက်နှာဖေ့စ်ဘွတ်ခ်တွင်တွေ့ရှိရာမှ ဝင်ရောက်ကြည့်ရှုပြီး အဖွဲ့ဝင် အဖြစ် ချိတ်ဆက်လာကြသူများလည်းရှိနေသည်။

"ကျွန်တော့်ဆံပင်တွေကကောက်ပြီး မျက်မှန်နဲ့ပုံစံကလည်းထူးဆန်းနေတော့ မြင်မြင်ချင်း ဝါးခနဲထငိုသွားတဲ့ ကလေးတွေလည်း ကြုံရဖူးတယ်။ အဲလိုအခါကျရင် ကျွန်တော့်နှာခေါင်းမှာတပ်ထားတဲ့ ရော်ဘာအလုံးလေးကို ကိုင်ကြည့်ခိုင်းတာမျိုး၊ မျက်လှည့်ပြတာမျိုး လုပ်ပြရင် ကလေးတွေနဲ့ အဆင်ပြေသွားရော"ဟု ဒေါက်တာပြောင်ကြီးက ကလေးဆေးရုံတွင် ကြုံခဲ့ဖူးသည့် သူ၏အတွေ့အကြုံကိုပြောသည်။

ရန်ကင်းကလေးဆေးရုံအုပ်ကြီး ဒေါက်တာသင်းသင်းအေးက "တကယ်တော့ ကျန်းမာရေးဆိုတာ စိတ်ကျန်းမာရေးရော၊ ကိုယ်ကာယကျန်းမာရေးပါ နှစ်ခုရှိတယ်။ ကလေးတွေကို Clown Doctor အဖွဲ့အနေနဲ့ စိတ်ကျန်းမာရေးအတွက် စိတ်တွေပျော်ရွှင်အောင်လာပြီးတော့ ဆောင်ရွက်ပေးတာဟာ တစ်ဖက်တစ်လမ်းကနေ ကျွန်မတို့ရဲ့ ဆေးကုသရေးကို ပိုပြီးတော့ အောင်မြင်အောင် ဝိုင်းဝန်းကုသပေးနေတာပဲ ဖြစ်ပါတယ်။ ကလေးဆိုတာက အရွယ်ချင်းတူမှပေါ့။ အတွေးအခေါ် အယူအဆတွေကလည်း အသက်အပိုင်းအခြားအလိုက်ကွာတယ်။ ကလေးအချင်းချင်းဆို အတူတူကစားချင်တယ်လေ။ အခုလည်း ဒီလိုလူငယ်လေးတွေလာတော့ မမတို့၊ ကိုကိုတို့ဆိုပြီး အလွန်ကို စိတ်ဝင်စားမှုရှိတယ်။ ဆေးရုံတက်နေတဲ့ ကလေးတွေနဲ့ ပရဟိတလူငယ်လေးတွေဟာ အသက်အရွယ်အုပ်စု ချင်းနီးစပ်တဲ့အတွက်ကြောင့်မို့ နားလည်မှုများတယ်။ Clown Doctor အဖွဲ့ရဲ့ စည်းရုံးရေးဖျော်ဖြေရေးကို ကလေးတွေက ပိုပြီးတော့ စိတ်ဝင်စားကြတယ်" ဟု ယင်းအဖွဲ့၏ ဆောင်ရွက်ချက်များအပေါ် ၎င်း၏ အမြင်ကို ပြောကြားသည်။

ကလေးငယ်များ ကြည်နူးပျော်ရွှင်လာစေရန်နှင့် လန်းလန်းဆန်းဆန်းဖြစ်လာစေရန် စေတနာ့ဝန်ထမ်းအဖြစ် ဆောင်ရွက်ပြုလုပ်ပေးနေသည့် ပျော်တော်ဆက်လူငယ်များ၏အလုပ်သည် လွယ်ကူလိမ့်မည်တော့မဟုတ်ပေ။ သို့သော်လည်း ဝေဒနာခံစားနေရသည့် ကလေးငယ်များကို ရယ်မောပျော်ရွှင်စေရန်၊ နောင်အနာဂတ်တွင် နိုင်ငံတစ်ခု၊ လူ့ဘောင်အဖွဲ့အစည်းတစ်ခု၏ပုံရိပ်ကို ဖန်တီးပေးမည့် အနာဂတ်ကလေးများ၏အပြုံးများ မပျောက်ပျက်စေရန် Myanmar Clown Doctor အဖွဲ့လေးက ပုံဖော်ထုဆစ်နေပေဦးမည်။

ဆေးရုံတက်ရသည့်ရက် ကြာမြင့်လာသဖြင့် မိသားစုနှင့်ပင် စကားပြောခြင်းနည်းပါးလာသည့် ဖူးဖူးတစ်ယောက် ဒေါက်တာအရှည်ကြီးထံမှရရှိသည့် ရော်ဘာ angry bird အရုပ်လေးအား သမံတလင်းတွင် ပစ်ချလိုက်၊ အရုပ်ကလေးမှာ ကြမ်းပြင်တွင် အပြားလိုက်ဖြစ်သွားကာ ချက်ချင်းပင် သရဲရုပ်ဖောင်းဖောင်းလေး ပြန်ဖြစ်လာလိုက်နှင့် ကစားရင်း ပြုံးရယ်လာသည်။ အခြားကလေးများထံသို့ သွားရန် ထွက်ခွာသွားကြသည့် Clown Doctor လေးများကို လေထဲတွင်လွင့်နေသော ဆပ်ပြာပူဖောင်းလေးများ အကြား ငေးကြည့်ရင်း နောက်အပတ်တွင်လည်း ဖူးဖူးထံလာကာ မျက်လှည့်ပြရင်း၊ ပူဖောင်းမှုတ်ရင်း ရောက်လာမည့် ဒေါက်တာပြောင်ကြီးနှင့် ဒေါက်တာအရှည်ကြီးတို့ကို မျှော်နေမိတော့မည်ပင်။

ဆေးထိုးအပ်၊ ဆေးနှင့် ဆရာဝန်၊ ဆရာဝန်မများကို ဖူးဖူးမကြောက်တော့ပါ။ ဆေးရုံသည် ဖူးဖူးအတွက် မုန်းစရာနေရာ မဟုတ်တော့ပါ။

အင်ဒိုနီးရှားမှပြန်လာသော မြန်မာရေလုပ်သားကိုးဦးကို မိသားစုနှင့်ပြန်လည်ပေါင်းစည်းပေး

ဘားအံ မေ ၃၀

အင်ဒိုနီးရှားနိုင်ငံမှ ရေလုပ်သားအဖြစ်ရောက်ရှိနေသော မြန်မာရေလုပ်သား ကရင်ပြည်နယ်သားများကို နိုင်ငံတော်အစီအစဉ်ဖြင့် တတိယအသုတ်မိသားစုထံ ပြန်လည်ပေါင်းစည်းပေးခြင်းကို မေ ၂၉ ရက်က ဘားအံမြို့ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနခန်းမ၌ ဆောင်ရွက်ပေးသည်။

ထို့နောက် ပြန်လည်ရောက်ရှိလာသော ရေလုပ်သားတစ်ဦးက မိမိတို့ကြုံတွေ့ခဲ့ရသော အခက်အခဲများကိုပြန်လည်ပြောပြရာ"ကျွန်တော်တို့ထိုင်းနိုင်ငံကနေ ရေလမ်းခရီးနဲ့ ၂၅ ရက်လောက်ကြာတယ်။ ခရီးဆုံးရောက်မှ အင်ဒိုနီးရှားနိုင်ငံရောက်မှန်း သိရတယ်။ အဲ့ဒီမှာ ပင်လယ်ထဲ ငါးလ၊ ခြောက်လကြာတစ်ခါ ရေလုပ်သားအနေနဲ့ ပင်ပန်းကြီးစွာ အလုပ်လုပ်ရတယ်၊ နံနက် ၃ နာရီထပြီး အလုပ်လုပ်ရတယ်၊ နည်းနည်းနောက်ကျရင်ကန်တယ်၊ လုပ်ခကျတော့လည်း အပြည့်အဝမရဘူး၊ အချိန်ရော လုပ်ခပါခေါင်းပုံဖြတ်ခံရတယ်၊ နောက်နောင် ကိုယ့်နိုင်ငံမှာပဲ မိသားစုအိုးမကွာအိမ်မကွာ လုပ်ကိုင်စားတော့မယ်လို့ ဆုံးဖြတ်တယ်"ဟု ပြောကြားခဲ့သည်။

အင်ဒိုနီးရှားနိုင်ငံမှ နိုင်ငံတော်အစီအစဉ်ဖြင့် ပြန်လည်ရောက်ရှိလာသော မြန်မာရေလုပ်သားများထဲမှ ရန်ကုန်မှတစ်ဆင့် ကရင်ပြည်နယ်သို့ ပြန်လည်ရောက်ရှိလာသော ကရင်ပြည်နယ်သားများမှာ ပထမအကြိမ်က ကိုးဦး၊ ဒုတိယအကြိမ် ၁၃ ဦးနှင့် ယခုတတိယအကြိမ်တွင် ကိုးဦးအား မိသားစုဆွေမျိုးသားချင်းများနှင့် ပြန်လည်ပေါင်းစည်းပေးခြင်းကို ပြည်နယ်လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန ဘားအံမြို့ လူကုန်ကူးမှုတားဆီးကာကွယ်ရေးအဖွဲ့၊ လူဝင်မှုကြီးကြပ်

ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေး ဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းတို့က တွေ့ဆုံကာ လိုအပ်သည်များ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

စိုင်ခင်

မြန်မာ့ရိုးရာလက်ဝှေ့ ရွှေခါးပတ်ချန်ပီယံ ကွာတားဖိုင်နယ်ပွဲစဉ်များ စတင်ယှဉ်ပြိုင်ထိုးသတ်

သတင်း- မောင်စိန်လွင်(မြန်မာ့အလင်း)
ဓာတ်ပုံ- တင်စိုး(မြန်မာ့အလင်း)

ရန်ကုန်   မေ   ၂၀

အားကစားဝန်ကြီးဌာန မြန်မာ နိုင်ငံရိုးရာ လက်ဝှေ့အဖွဲ့ချုပ်က ကြီးမှူးပြီး (H & S Group) နှင့် Color Boy တို့ ပူးပေါင်းစီစဉ်ကျင်းပ သည့် မြန်မာ့ရိုးရာ လက်ဝှေ့ရွှေခါးပတ် ချန်ပီယံ ၂၀၁၅ ပြိုင်ပွဲ ပထမနေ့ ကွာတားဖိုင်နယ်ပွဲစဉ်များကို ယနေ့ မွန်းလွဲ ၂ နာရီက ရန်ကုန်မြို့ သိမ်ဖြူ အားကစားလက်ဝှေ့ရုံ၌ ကျင်းပခဲ့ သည်။

ယနေ့ကွာတားဖိုင်နယ် ပထမ နေ့ပွဲစဉ်များ ယှဉ်ပြိုင်ထိုးသတ်ခဲ့ရာ ၅၁ ကီလိုတန်းတွင် နှစ်ပွဲ၊ ၅၄ ကီလို တန်းတွင် သုံးပွဲ၊ ၅၇ ကီလိုတန်းတွင် တစ်ပွဲနှင့် ၆၃ ဒသမ ၅ ကီလိုတန်းတွင် နှစ်ပွဲ စုစုပေါင်း ရှစ်ပွဲပါဝင်ယှဉ်ပြိုင် ထိုးသတ်ခဲ့သည်။

၅၁ ကီလိုတန်းနှစ်ပွဲတွင် တိမ်တိုက်(မုဒုံသား)နှင့် အောင်ထူးကျော် (ဘိလပ်မြေစက်ရုံ)တို့ပွဲတွင် တိမ်တိုက် မုဒုံသားက အမှတ်ဖြင့်လည်းကောင်း၊ ရှိုင်းထက်အောင် (အဖြူရောင်သွေး သစ်)နှင့် စောကြက်ရိုး(ခ)မိုက်မိုက် (STL) တို့ပွဲတွင် ရှိုင်းထက်အောင် (အဖြူရောင်သွေးသစ်) ငါးချီပြည့် အသာစီးထိုးနိုင်၍ အမှတ်ဖြင့် ဆီမီး ဖိုင်နယ်ပွဲစဉ်သို့ တက်လှမ်းသွားပြီ ဖြစ်သည်။ ၅၄ ကီလိုတန်းတွင် ရွှေချစ် သွေး (တိုက်ဂါး)နဲ့ ကျော်ဝင်းအောင် (T & T)တို့ပွဲတွင် ဒုတိယအချီ ၂ မိနစ် ၃၅ စက္ကန့်မှာပင် ရွှေချစ်သွေးက ဘယ်ဒူးတိုက်ချက်ဖြင့် ပွဲသိမ်းအနိုင် ယူခဲ့ပြီး မင်းထွဋ်(STL)နှင့် စောဖြိုး ဝေ(အဖြူရောင်သွေးသစ်)တို့ ပွဲတွင် စောဖြိုးဝေ(အဖြူရောင်သွေးသစ်)က ငါးချီအပြည့်တွင် အမှတ်ဖြင့်အနိုင် ယူခဲ့သည်။ ကိုကိုအောင်(မုဒုံသား) နှင့် ခွန်လင်းထက် (ဘိလပ်မြေစက်ရုံ) တို့ပွဲတွင် တတိယအချီ ၁ မိနစ် ၃၂ စက္ကန့်၌ ခွန်လင်းထက်က ဖြတ် တံတောင်နှင့် ပင့်လက်သီးတို့ကို သုံးကာ ပွဲသိမ်းအနိုင်ယူခဲ့သည်။

၅၇ ကီလိုတန်းတွင် ဂျစ်တူး (တိုက်ဂါး)နှင့် မိုက်ရိုင်း(ရွှေဖူး)တို့ ပွဲတွင် မိုက်ရိုင်း(ရွှေဖူး)သည် သမ္မာ ရင့် မာဂုဏ်မြင့် လက်ဝှေ့သမားကောင်း ဖြစ်သော်လည်း သတ်လုံးသတ်ကွက် ကောင်းပြီး ခြေကန်ချက်ပြင်းသည့် ဂျစ်တူး(တိုက်ဂါး)၏ ယှဉ်ပြိုင်ထိုးသတ် ဟန်ကြောင့် မိုက်ရိုင်းမှာ ဘယ်လိုမှ ရင်ဆိုင်ယှဉ်ပြိုင် ထိုးနိုင်စွမ်းမရှိ၍ ဒိုင်ပွဲရပ်ဖြင့် အရှုံးပေးခဲ့ရသည်။ ၆၃ ဒသမ ၅ ကီလိုတန်းနှစ်ပွဲတွင် နေရူဘီ (ဝါဆို) နှင့် စလူကာ (တိုက်ဂါး)ပွဲတွင် မာဂုဏ်မြင့် သမ္မာရင့်သည့် စလူကာ (တိုက်ဂါး)ကို နေရူဘီအစွမ်းရှိ သလောက် ရင်ဆိုင်ယှဉ်ပြိုင်ထိုးသတ် သော်လည်း ပထမအချီ ၂ မိနစ် ၃၇ စက္ကန့်မှာပင် နေရူဘီ အလဲထိုးဖြင့် အရှုံးပေးခဲ့ရပြီး မျိုးမာန်သစ်(STL) နှင့် အားမာန်(အဖြူရောင်သွေးသစ်) တို့ပွဲတွင် ပထမအချီနှင့် ဒုတိယအချီ တို့တွင် သူတင်ကိုယ်တင် ယှဉ်ပြိုင် ထိုးသတ်ခဲ့ကြသော်လည်း မာဂုဏ် မြင့်သည့်အားမာန်(အဖြူရောင်သွေး သစ်)၏ စုံလင်လှသည့် သတ်လုံး သတ်ကွက်ကို မျိုးမာန်သစ်(STL) ယှဉ်ပြိုင်နိုင်စွမ်းမရှိဘဲ ဒိုင်ပွဲရပ်ဖြင့် အရှုံးပေးခဲ့ရပြီး ကွာတားမှ ထွက်ခဲ့ ရသည်။

"ရွှေခါးပတ်ချန်ပီယံလုပွဲဆိုတော့ ဝိတ်တန်းတူတာနဲ့ မဲနှိုက်ပြီး ကိုယ်နဲ့ ကျတဲ့ သူနဲ့ထိုးရတာဆိုတော့ တချို့ ပွဲတွေက လက်ရည်မမျှပေမယ့် တချို့ ပွဲတွေက တော်တော်ကြည့်လို့ကောင်း ပါတယ်။ မနက်ဖြန်ပွဲတွေဆို ပိုပြီး ကြည့်ကောင်းမယ် ထင်တယ်။ မနက်ဖြန်က သမ္မာရင့်လက်ဝှေ့သမား တွေပါသလို ဆီမီးပွဲတွေလည်း ပါတယ်လို့သိရတယ်။ ဒီနှစ်ရွှေခါးပတ် ချန်ပီယံလုပွဲက အရင်နှစ်တွေကလို ပရိသတ်မများဘူး။ အရင်နှစ် ရွှေခါးပတ် ချန်ပီယံလုပွဲတွေကဆို ပရိသတ်က ရုံပြည့်ရုံလျှံနီးပါးပဲ။ အခုနောက်ပိုင်း ပြည်သူတွေက နိုင်ငံခြားပွဲစဉ်တွေကို ပိုပြီးစိတ်ဝင် စားလာတာများတယ်။ အဲဒီပွဲတွေဆို ရုံပြည့်ရုံလျှံပဲ"ဟု မြန်မာ့ရိုးရာ လက်ဝှေ့ပွဲတိုင်းသို့ အမြဲမပြတ် လာရောက်ကြည့်ရှုသည့် မင်္ဂလာ တောင်ညွန့်မြို့နယ်မှ ဦးတင့်လွင်က ပြောသည်။

၆၃ ဒသမ ၅ကီလိုတန်းတွင် ဆီမီးဖိုင်နယ်တက်သွားသည့် အားမာန် (အဖြူရောင်သွေးသစ်)၏ ခြေကန်ဒူးတိုက်ချက်။

ယနေ့ မေ ၃၁ ရက် မွန်းလွဲ ၂ နာရီတွင် အဆိုပါ သိမ်ဖြူအားကစား ရိုးရာလက်ဝှေ့ရုံ၌ ဒုတိယနေ့ ကွာတားဖိုင်နယ်နှင့် ဆီမီးဖိုင်နယ် ပွဲစဉ်များ ဆက်လက်ယှဉ်ပြိုင် ထိုးသတ်သွားမည်ဖြစ်ကြောင်း သိရ သည်။

(မြန်မာ့အလင်း)

လျှပ်စစ်ဓာတ်အားပြတ်တောက်သည့်အတွက် ရေအခက်အခဲဖြစ်ပေါ်မှုအပေါ် ရေပေးဝေ

ပျဉ်းမနား   မေ   ၂၀

နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့နယ် ကင်ပွန်းတန်း ကျေးရွာအုပ်စုအတွင်းရှိ ပျဉ်းမနား ဓာတ်အားခွဲရုံ၌ မေ ၂၆ ရက် နံနက် ၁၂ နာရီခွဲက 20KVA မှ Internal Fault ဖြစ်ပေါ်၍ ထရန်စဖော်မာဆီ များယိုဖိတ်ကာ မီးလောင်ကျွမ်းမှု ဖြစ်ပေါ်ခဲ့ပြီး နေပြည်တော်ကောင်စီ နယ်မြေတွင် နေ့အချိန်အခါ မီးပြတ် တောက်မှုဖြစ်ပေါ်ကာ ရေအခက်အခဲ ကြုံတွေ့ခဲ့ရသည့်အပေါ် နေပြည်တော် ကိုဗဟိုပြု၍ မြန်မာပြည်အနှံ့အပြားသို့ ကုန်းလမ်းခရီးဖြင့် ဖြန့်ကြက်ပြေးဆွဲ ပေးလျက်ရှိသည့် ဘောဂသီရိ အဝေး ပြေးကားဝင်းအတွင်းရှိ ကားဂိတ်၊ ပွဲရုံတန်း၊ စားသောက်တန်းယာဉ်ပြင် အလုပ်ရုံများသို့ အခမဲ့ရေပေးဝေမှု ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ထိုသို့ ဆောင်ရွက်ရာတွင် နေပြည်တော် စည်ပင်သာယာရေး ကော်မတီ (အခွန်ဌာန) ဘောဂသီရိ ကားကြီးဝင်း အုပ်ချုပ်ရေးမှူးရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးခင် မောင်သိန်း ဦးစီး၍ ဝန်ထမ်းများက မေ ၂၆ ရက်နှင့် ၂၇ ရက်များတွင် မွန်းလွဲ ၁ နာရီမှ ည ၇ နာရီအထိ အလှည့်ကျ ရေပေးဝေခဲ့ကြောင်း သိရ သည်။

မင်းမင်းလတ်(မန်းတက္ကသိုလ်)

မိုးလေဝသအခြေအနေ

နေပြည်တော်နှင့် မန္တလေးမြို့ တို့အနီးတစ်ဝိုက်တွင် ယနေ့နေရာ ကွက်ကျား မိုးထစ်ချုန်းရွာနိုင် သည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက် တွင်ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။

နောက်နှစ်ရက်အတွက် ခန့် မှန်းချက်မှာ မုတ်သုံလေ အား အနည်းငယ်မှ အားအသင့်အတင့် ရှိမည်။

ဘင်္ဂလားပင်လယ်အော် အခြေအနေမှာ ကပ္ပလီပင်လယ် ပြင်၊ ဘင်္ဂလားပင်လယ်အော် တောင်ပိုင်းနှင့် အရှေ့အလယ်ပိုင်း တို့တွင် မုတ်သုံလေ အားအနည်း ငယ်မှ အသင့်အတင့်ရှိနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေ သည်။

ပျဉ်းမနားမြို့၌ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများစစ်ဆေး

ပျဉ်းမနား မေ ၂၀

နေပြည်တော်ကောင်စီနယ်မြေ ဒက္ခိဏခရိုင် ပျဉ်းမနားမြို့နယ် အတွင်း လူစည်ကားသောနေရာ များ၊ မီးပွိုင့်များ၊ ယာဉ်မတော်တဆ ထိခိုက်မှုအဖြစ်များသော နေရာ များ၊ ရာဇဌာနီလမ်းပေါ်ရှိ နှင်းဆီအဝိုင်းနှင့် အဝိုင်းအနီး သတ်မှတ်ယာဉ်မရပ်ရ နေရာများ၌ ယာဉ်အန္တရာယ် ကင်းရှင်းရေးနှင့် မတော်တဆထိခိုက်မှု လျော့နည်း ရေးအတွက် တာဝန်ရှိအဖွဲ့များက နေ့စဉ်ဆောင်ရွက်စစ်ဆေးသည်။

ဆောင်ရွက်မှုတွင် ပျဉ်းမနား မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြို့နိုင်နှင့် ရပ်ကွက်အလိုက်အုပ်ချုပ်ရေးမှူး ရုံး ဝန်ထမ်းများ၊ ပျဉ်းမနားမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးတင်မိုးဦးနှင့် တပ်ဖွဲ့ ဝင်များ၊ နေပြည်တော် ယာဉ်ထိန်း တပ်ဖွဲ့စု (၆)ပျဉ်းမနားတာဝန်ခံ ဒုရဲ မှူးရဲလွင်နှင့် ယာဉ်ထိန်းတပ်ဖွဲ့ဝင်များ၊ မထသ(မြို့တွင်း) အတွင်းရေးမှူး ဦးကျော်ဦးနှင့် ဝန်ထမ်းများအဖွဲ့က ဆောင်ရွက်စစ်ဆေးလျက်ရှိသည်။

ယာဉ်အန္တရာယ် ကင်းရှင်းရေး နှင့်မတော်တဆထိခိုက်မှု လျော့နည်း စေရေးအတွက် တာဝန်ရှိအဖွဲ့ များ စစ်ဆေးဆောင်ရွက်ချိန်များ တွင်သာ ဒေသခံစီးနင်းမောင်းနှင် နေသူများအနေဖြင့် လိုက်လံဆောင် ရွက်မှု အနည်းငယ်သာတွေ့ရှိ နေရပြီး လိုက်နာဆောင်ရွက်မှု အားနည်းနေပါသောကြောင့် ဒေသခံ ယာဉ်မောင်းနှင် စီးနင်းသူများ အနေဖြင့် ယာဉ်စည်းကမ်း လမ်း စည်းကမ်းများ အထူးလိုက်နာကျင့် သုံးခြင်းဖြင့် ပါဝင်ကူညီသင့်ပါ ကြောင်း တွေ့မြင်ရသည်။

သတင်း-ကိုမျိုး(ရွှေပေါက္ကံ)
ဓာတ်ပုံ-ကောင်းကင်

စာမျက်နှာ ၉ မှ

လေ့စီးဒုက္ခသည်တွေကို ရှာဖွေကယ်ဆယ်မှုတွေလုပ်နေပါတယ်။ မေလ ၂၁ ရက်နေ့မှာတော့ လှေစီးဒုက္ခသည် ၂၀၈ ဦးပါတဲ့ လူမှောင်ခိုစက်လှေနှစ်စင်းကို ရှာဖွေတွေ့ရှိကယ်ဆယ်ခဲ့ပြီး လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူ အညီတွေကို အမြန်ဆုံးဆောင်ရွက်ပေးခဲ့ပါတယ်။ ပြည်နယ်ဝန်ကြီးချုပ် ကိုယ်တိုင်သွားရောက်ပြီး ယာယီလက်ခံနေရာချထားမှုတွေ ဆောင်ရွက် ပေးခဲ့တာပါ။ ပြီးတော့ အဆင့်ဆင့်စိစစ်မှုတွေလုပ်ပြီး သက်ဆိုင်ရာ မူရင်း နိုင်ငံတွေကို ပြန်လည်လွှဲပြောင်း စေလွှတ်သွားဖို့ ဆောင်ရွက်နေပါတယ်။

ဦးတင်ချယ်၊ ညွှန်ကြားရေးမှူး
လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန

ဒီအစည်းအဝေးမှာ ဒေသတွင်းနိုင်ငံအားလုံးမှာ ဖြစ်ပေါ်နေတဲ့ ကိစ္စ ဖြစ်တဲ့ လှေစီးဒုက္ခသည်ကိစ္စကို တက်ရောက်လာတဲ့ နိုင်ငံတွေက အမြင်မျိုးစုံ နဲ့ ဝိုင်းဆွေးနွေးကြပါတယ်။ အဓိက သက်ဆိုင်တဲ့နိုင်ငံတွေက ဒါမျိုးတွေ နောင်မဖြစ်ဖို့ ဘယ်လိုကာကွယ်သင့်တယ်၊ ဘယ်လို ပူးပေါင်းဆောင်ရွက် သင့်တယ်ဆိုတာတွေ ဆွေးနွေးကြပါတယ်။ လက်ရှိပင်လယ်ထဲမှာရှိတဲ့ လူတွေကိုလည်း လူသားချင်းစာနာပြီး ထောက်ပံ့လျက်ရှိပါတယ်။ နိုင်ငံ တကာကလည်း ၎င်းတို့နေရပ်မပြန်မီ လိုအပ်တဲ့အထောက်အပံ့တွေကို ဆက်လက်ကူညီဖို့ ပြောပါတယ်။

တက်ရောက်လာတဲ့ နိုင်ငံတွေရဲ့ ဆွေးနွေးချက်တွေထဲမှာ အရင်က ရခိုင်ပြည်နယ်မှာ ဘင်္ဂါလီကို ဖိနှိပ်ချုပ်ချယ်လို့ အခုလို လှေစီးဒုက္ခသည်အဖြစ် အခြားနိုင်ငံတွေကို ထွက်ပြေးတယ်ဆိုတဲ့ စွပ်စွဲချက်ကို မတွေ့ရတော့ဘူး။ ကျွန်တော်တို့ မြန်မာကိုယ်စားလှယ်အဖွဲ့ကလည်း စွပ်စွဲလာရင် ပြန်လည်ချေပ ဖို့ သေသေချာချာစီစဉ်သွားတာပါ။ နောက်ပြီးတော့ ပင်လယ်ပြင်ထဲက လှေစီးဒုက္ခသည်တွေ အများစုဟာ ဘင်္ဂလားဒေ့ရှ်နိုင်ငံက ဖြစ်တယ်ဆိုတာ အစည်းအဝေးအဖွင့်မှာကိုက မြန်မာကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်က အထောက်အထားနဲ့ အခိုင်အမာပြောခဲ့ပါတယ်။ နိုင်ငံတကာကလည်း သေချာသိသွားတော့ စွပ်စွဲမှုတွေ မရှိတော့ပါဘူး။

နောက်တစ်ခုက အစည်းအဝေးရဲ့ ရလဒ်ကို Statement လို့ သုံးချင် ကြတယ်။ ဒါဟာနိုင်ငံတကာစံနှုန်းနဲ့ မကိုက်ညီဘူးဆိုတာကိုလည်း အဖွဲ့ ခေါင်းဆောင်က ထောက်ပြဆွေးနွေးနိုင်ခဲ့တဲ့အတွက် နောက်ဆုံး Summary လို့ဆိုပြီး ပြောင်းသုံးခဲ့တာကလည်း မြန်မာနိုင်ငံရဲ့အောင်မြင်မှုလို့ ပြောလို့ ရပါတယ်။

မြန်မာနိုင်ငံက အဓိကဆွေးနွေးတဲ့အချက်(၃)ချက်ဖြစ်တဲ့ ပင်လယ် ပြင်ထဲက လှေစီးဒုက္ခသည်တွေကို လူသားချင်းစာနာစွာ ကယ်ဆယ်စောင့် ရှောက်ရေး၊ နောင်ဒီလိုမဖြစ်စေရန် တားဆီးကာကွယ်ရေးအတွက် နိုင်ငံ အားလုံးပူးပေါင်းဆောင်ရွက်ရေး၊ အဓိကအကြောင်းအရင်းဖြစ်တဲ့ (Root Cause) ကိုဖော်ထုတ်ပြီး ကြိုတင်ကာကွယ်ရေးတို့ကိုဆွေးနွေးခဲ့ပြီး မြန်မာ နိုင်ငံက လက်ရှိကာကွယ်တားဆီးနေတဲ့ အခြေအနေတွေ၊ သတင်းအချက် အလက်ဖလှယ်ရေးလုပ်ငန်းတွေနဲ့ ကာကွယ်တားဆီးရေးလုပ်ငန်းတွေကို အကြံပြုချက်ပေးနိုင်ခဲ့ပါတယ်။ နောက်တစ်ခုက အရင်က မြန်မာနိုင်ငံကို မူရင်းနိုင်ငံဆိုပြီး ပြောဆိုမှုတွေအပေါ် အခုဆွေးနွေးချေပနိုင်ခဲ့မှုကြောင့် Transit Country ပုံစံမျိုးတွေ ပြောဆိုလာတာတွေ့ရပါတယ်။

ဒေါ်ယုယုဆွေ၊ ညွှန်ကြားရေးမှူး၊ လူမှုဝန်ထမ်းဦးစီးဌာန

ဒီအစည်းအဝေးမှာ လူကုန်ကူးမှုနဲ့ပတ်သက်ပြီးတော့ ဆွေးနွေးတာ တွေရှိပါတယ်။ ကျွန်မတို့ဝန်ကြီးဌာနဟာ လူကုန်ကူးမှုတားဆီးကာကွယ် ရေးဗဟိုအဖွဲ့ရဲ့ လုပ်ငန်းအဖွဲ့တစ်ခုဖြစ်တဲ့ ပြန်လည်လက်ခံရေး၊ ပြန်လည် ဝင်ဆံ့ပေါင်းစည်းရေးနဲ့ ပြန်လည်ထူထောင်ရေးလုပ်ငန်းအဖွဲ့ကို တာဝန်ခံ ဆောင်ရွက်တာဖြစ်လို့ ဝန်ကြီးဌာနလုပ်ငန်းတွေကို ထည့်သွင်းဆွေးနွေးနိုင်ဖို့ အဖွဲ့ခေါင်းဆောင်ကိုပံ့ပိုးပေးနိုင်ခဲ့ပါတယ်။ ဒီဆွေးနွေးပွဲမှာလှေစီးဒုက္ခသည် တွေဟာ မြန်မာနိုင်ငံက မဟုတ်ဘူးဆိုတာကို အချက်အလက်နဲ့ ဆွေးနွေးနိုင် ခဲ့တဲ့အတွက် အောင်မြင်တယ်လို့ပြောလို့ရပါတယ်။

ရန်ကုန်မြို့ နေပြည်တော်ရုပ်ရှင်ရုံတွင် ဇွန် ၂ ရက်မှ ၃ ရက်အထိ အခမဲ့ပြသမည့် ဂန္ထဝင်ရုပ်ရှင်ဇာတ်ကားများ

June 2				
9:00 AM	The Lady from Shangai, 1947, by Orson Welles (USA)	87 mn	English	HALL 1
11:00 AM	The Housemaid, 1960, by Kim Ki-young (Korea)	111 mn	Korean with English subtitles	HALL 1
01:30 PM	The Young Ones, 1970, by Li Hsing (Taiwan)	110 mn	Mandarin with English subtitles	HALL 1
04:00 PM	Black Narcissus, 1947, by Emeric Pressburger & Michael Powell (UK)	101 mn	English with English subtitles	HALL 1
06:00 PM	They Called Her... Cleopatra Wong, 1978, by Bobby A. Suarez (Singapore), in presence of Marrie Lee	111 mn	English	HALL 1
June 3				
9:00 AM	The Lonely Wife, 1964, by Satyajit Ray (India)	107 mn	Bengali with English subtitles	HALL 1
11:30 AM	Moon Over Malaya, 1957, by Chun Kim (Malaysia-Singapore)	91 mn	Cantonese with English subtitles	HALL 1
13:30 PM	Stage Sisters, 1964, by Xie Jin (China)	116 mn	Mandarin with English subtitles	HALL 1
04:00 PM	Not Wanted, 1949, by Ida Lupino (USA)	91 mn	English	HALL 1
06:00 PM	A Man Vanishes, 1967, by Shōhei Imamura (Japan)	130 mn	Japanese with English subtitles	HALL 1
June 4				
9:00 AM	Insiang, 1976, by Lino Brocka (Philippines)	95 mn		HALL 1
01:00 PM	Hiroshima My Love, 1959, by Alain Resnais (France)	90 mn	French with English subtitles	HALL 1
03:00 PM	Gilda, 1946, by Charles Vidor (USA)	110 mn	English with English subtitles	HALL 1
05:30 PM	Dolce Vita, 1960, by Federico Fellini (Italy)	174 mn	Italian with English subtitles	HALL 1
08:45 PM	Madame Freedom, 1956, by Han Hyeong-mo (South Korea)	125 mn	Korean with English subtitles	HALL 1

နေပြည်တော် မေ ၃၀

၂၀၁၅ ခုနှစ် ဇွန် ၂၆ ရက်တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင် ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ကို အထူးအလေးထားလျက် မေ ၂၆ ရက်မှ ဇွန် ၂၆ ရက်အထိ ပြည်သူ့ဗဟိုပြု လူထုလှုပ်ရှားမှုအသွင်ဖြင့် မူးယစ်ဆေးဝါးတိုက်ဖျက်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ပြည်သူများ ပူးပေါင်း ပါဝင်နိုင်ရေးအတွက် ပြည်ထဲရေးဝန်ကြီးဌာန မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့က အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

စိတ်ကြွရူးသွပ်ဆေးပြားနှင့် လက်နက်ခဲယမ်းများ ဖမ်းဆီးရမိ

တာချီလိတ်

ရှမ်းပြည်နယ် (အရှေ့ပိုင်း) တာချီလိတ်မြို့နယ် ဝမ်လုံအုပ်စု လွယ်စတုံကျေးရွာနှင့် မကာဟိုခမ်း ရပ်ကွက် ဘုရင့်နောင်လမ်းတို့တွင် မူးယစ်ဆေးဝါးသတင်းအရ ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြားများ၊ မက်အက်ဖီတမင်း(အိုက်စ်)ဟုယူဆရသော အဖြူရောင်ပုံဆောင်ခဲ၊ ကျောက်စိမ်း အရိုင်းတုံးဟုယူဆရသော ကျောက်တုံးများနှင့် လက်နက်ခဲယမ်းများကို မေ ၂၆ ရက်က ဖမ်းဆီးရမိသည်။

ဖြစ်စဉ်မှာ မေ ၂၆ ရက် နံနက် ၈ နာရီက မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့၊ တပ်ဖွဲ့စု (၁၀၄) နေပြည်တော်မှ ရဲအုပ် အောင်ဇော်ဟိဏ်း ဦးစီးအဖွဲ့နှင့် အဖွဲ့ဝင်များ တာချီလိတ်မြို့နယ် ဝမ်လုံအုပ်စု လွယ်စတုံ(အပေါ်ရွာ)၊ အမှတ် (၄၃)ရှိ လီရှာ၏နေအိမ်ကို ဝင်ရောက်ရှာဖွေခဲ့ရာ စိတ်ကြွရူးသွပ်ဆေးပြား ၄၅၄၆ ပြား၊ ကာလတန်ဖိုး ငွေကျပ်သိန်းပေါင်း ၁၁၃ ဒသမ ၆၅ သိန်းနှင့် အိုက်စ်အလေးချိန် ၄၃ ဂရမ်၊ ကာလတန်းဖိုး ငွေကျပ် ၁၀ ဒသမ ၇၅ သိန်းအား သိမ်းဆည်းရမိသည်။

ဆက်လက်၍ နံနက် ၁၀ နာရီခွဲတွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့၊ တပ်ဖွဲ့စု(၁၀၄)နေပြည်တော်မှ တပ်ဖွဲ့စုမှူးနှင့် ဦးစီးအဖွဲ့သည် တာချီလိတ်မြို့ မကာဟိုခမ်းရပ်ကွက် ဘုရင့်နောင်လမ်း အိမ်အမှတ် (၂/၁၀၀)ရှိ ကျော်ဝင်း(ခ)အားဆူ၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ် ဆေးပြား ၃၅၆၀၀ ကာလတန်ဖိုး ငွေကျပ် သိန်းပေါင်း ၈၉၀ ခန့်အား လည်းကောင်း၊ ဩစတြေးလျနိုင်ငံလုပ် Glock အမျိုးအစား ၉ မမ ပစ္စတိုသေနတ် နှစ်လက်၊ ကျည်အိမ်လေးခု၊ ၎င်းကျည် ၂၀ တောင့်အား လည်းကောင်း၊ ဂျာမနီနိုင်ငံလုပ် Gas လေသေနတ်အတို တစ်လက်၊ ၎င်းကျည်ကတ်တစ်ခုအား လည်းကောင်း၊ ပွိုင့် ၃၂ ကျည် ၅၀ တောင့်၊ ပွိုင့် ၄၅ ကျည် ၈ တောင့်၊ ၅ ပွိုင့် ၅၆ ကျည် ၁၅ တောင့်၊ ပွိုင့် ၂၂ ကျည် လေး တောင့်နှင့် AK-47 ကျည် တစ်တောင့်အား လည်းကောင်း၊ အလေးချိန် ၆ ကီလိုခန့်ရှိ ကျောက်စိမ်းအရိုင်းတုံး တစ်တုံးနှင့် ၄ ကီလိုခန့်ရှိ ကျောက်စိမ်းဟု ယူဆရသော အရိုင်းတုံးတစ်တုံး တို့အားလည်းကောင်း တွေ့ရှိသိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

မြင့်မိုရ်(တာချီလိတ်)

အမည်မှန်

ဦးလှမျိုးသန့်၏သမီး တပ်ကုန်းမြို့နယ် ၊ အိုင့်ကျယ် အထက(၇) စတုတ္ထတန်းမှ မနှင်းသန့်စင်အေး၏ အမည်မှန်မှာ မနှင်းသန့်ဇင်အေး ဖြစ်ပါကြောင်း။

မနှင်းသန့်ဇင်အေး

ဖခင်အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာမြို့ အထက(၅) ရှမ်းတဲ နဝမတန်းမှ မယမင်းထိုက်၏ ဖခင်အမည်မှန်မှာ ဦးကိုကိုလေး ၉/တသန(နိုင်)၀၀၈၀၄၀ ဖြစ်ပါသည်။

ဦးကိုကိုလေး

CLAIMS DAY NOTICE

M.V VIKING CORAL VOY:NO(31A)

Consignees of cargo carried by M.V VIKING CORAL VOY: NO. (31A) are here by notified that the vessel will arrive on about 2-6-15 and cargo will be discharged into the premises of Yangon port.

Damaged cargo will be surveyed daily from 08:00 AM to 11:20 AM and 12:00 NOON to 4:00 PM to claims day now declared as the third day after final discharge of cargo from the vessel.

No claims against this vessel will be admitted after the Claims Day.

မော်တော်ယာဉ်ပိုင်ရှင်များအနေဖြင့် သင်္ဘောမှချပြီးချိန်တွင် မိမိတို့၏ မော်တော်ယာဉ်ပါ ပစ္စည်းများကို ORIGINAL BILLS OF LADING များ ယူဆောင်လျက် လာရောက်ကြည့်ရှုစစ်ဆေးရန် အသိပေးအပ်ပါသည်။

သင်္ဘောဆိုက်ကပ်မည့် အချိန်နှင့် တံတားနေရာတို့ကို အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်-

- ၂၃၀၁၁၉၁၊ ၂၃၀၁၁၇၈၊

ကိုယ်စားလှယ်လုပ်ငန်းဌာန
မြန်မာ့ဆိပ်ကမ်းအာဏာပိုင်

လူပျောက်ကြော်ငြာ

ဖော်ပြပါဓာတ်ပုံရှင်သည် ကာမိုင်းမြို့နယ်၊ နန့်ယားကျေးရွာနေ ဦးမြင့်ဗိုလ်- ဒေါ်ကြည်ဝင်းတို့၏သမီး မထွန်းမြမြအေး အသက် (၁၆)နှစ်ဖြစ်ပြီး ဆံပင်နက်(ရှည်)နဖူးကျဉ်း၊ မျက်ခုံးပါး၊ မျက်လုံးကျယ်၊ အသားဖြူ၊ ကိုယ်လုံးတုတ်၊ စကားပြောအေးသူသည် ၁၈-၅-၂၀၁၅ရက် နံနက် ၉နာရီတွင် လယ်တောမှနေအိမ်သို့ပြန်သွားရာ လမ်းတွင် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိကအကြောင်းကြားပေးပါရန် ကျေးဇူးဆပ်ပါမည်။ သွေးဆောင်ဖြားယောင်း လက်ခံထားသူအား ဥပဒေအရအရေးယူသွားပါမည်။

ဦးမြင့်ဗိုလ်၊ ဆက်သွယ်ရန် ဖုန်း-၀၉-၄၇၀၀၅၃၉၀၊ ၀၉-၄၇၀၅၃၅၅၀

ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး၌ ယာဉ်တိမ်းမှောက်မှုဖြစ်ပွား

နေပြည်တော် မေ ၃၀

နေပြည်တော်ကောင်စီနယ်မြေ ဥတ္တရသီရိမြို့နယ် ပိုတက်ကျေးရွာအနီး ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး မိုင်တိုင် ၂၂၇/၅ နှင့် ၂၂၇/၆ ကြားတွင် ယနေ့နံနက် ၆နာရီခွဲက ယာဉ်တိမ်းမှောက်မှုတစ်ခုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ နေပြည်တော်မှ မန္တလေးဘက်သို့ ယာဉ်မောင်း ဦးကျော်ဝင်း အသက် (၆၁)နှစ် မောင်းနှင်လာသော 8D/ ----- လိုက်ထရပ် အဖြူရောင်ယာဉ်မှာ ဝဲဘက် နောက်ဘီး ကျွတ်ထွက်ပြီး တိမ်းမှောက်သွားခဲ့၍ ယာဉ်ပေါ်တွင် ပါရှိသူ ၂၁ ဦးအနက် နေပြည်တော် ပုဗ္ဗသီရိမြို့နယ် ညောင်ပင်ကြီးစု ကျေးရွာတွင် နေထိုင်သူ ဒေါ်စန်းပို (၅၀)နှစ်မှာ အခင်းဖြစ်နေရာတွင် သေဆုံးပြီး ဒဏ်ရာရရှိသူ လူနာ ၁၄ ဦးအား ဘုရားတောင်အမြန်လမ်းမကြီး ရဲစခန်းမှ ရဲအုပ်စိန်ဝင်းနှင့်အဖွဲ့က နေပြည်တော်ခုတင် (၁၀၀၀)ဆေးရုံသို့ ပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

(၄၀၆)

သရက်မြို့နယ် ငလှိုင်ခြုံကျေးရွာအနီး ငါးခူအိုင်ရေနံမှော်အတွင်း မီးလောင်မှုဖြစ်ပွား

သရက် မေ ၃၀

သရက်မြို့နယ် ငလှိုင်ခြုံကျေးရွာအနီးရှိ ငါးခူအိုင်ရေနံမှော်အတွင်း စွမ်းအင်ဝန်ကြီးဌာန၏ ခွင့်ပြုချက်မရှိဘဲ ယာမြေအတွင်း တရားမဝင် ရေနံမှော်တူးဖော်နေသော ရေနံတွင်းမှ မီးလောင်မှုဖြစ်ပွားခဲ့ရာ ရေနံခပ်ပစ္စည်းများ မီးလောင်ဆုံးရှုံးခဲ့ပြီး လူတစ်ဦးဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မေ ၂၉ ရက် နံနက် ၁၀ နာရီက ကျော်သူရ (၃၃ နှစ်) ငါးခူအိုင်၏ယာမြေအတွင်း တရားမဝင် ရေနံတွင်းမှ ရေနံခပ်ယူနေစဉ် ခပ်ခွက်နှင့်ရေနံတွင်းကာပိုက်ပွတ်တိုက်မိရာမှ မီးလောင်မှုဖြစ်ပွားခဲ့ရာ ကလပ်ခုံ၊ အင်ဂျင်စက်နှစ်စုံနှင့် ရေနံခပ်ပစ္စည်းများ၊ ခပ်ယူပြီး ရေနံစိမ်းပီပါ လေးပီပါတို့ မီးလောင်ဆုံးရှုံးခဲ့သည်။ ရေနံခပ်ယူသူ တွင်းပိုင်ရှင် ဦးကံသွယ် (၃၉ နှစ်)မှာ မီးလောင်ဒဏ်ရာများရရှိသဖြင့် ခရိုင် ပြည်သူ့ဆေးရုံကြီးသို့ တင်ပို့ခဲ့ရကြောင်း သိရသည်။

(၁၈၂)

ကြို့ပင်ကျေးရွာ၌ အမျိုးသမီးအချင်းချင်း ဓားခုတ်မှုဖြစ်

အောင်လံ မေ ၃၀

မကွေးတိုင်းဒေသကြီး သရက်ခရိုင် အောင်လံမြို့နယ် ကြို့ပင်ကျေးရွာတွင် ယမန်နေ့ ညနေ ၆ နာရီခွဲက အမျိုးသမီးအချင်းချင်း ဓားခုတ်မှု ဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ ဓားဖြင့်ခုတ်ခံရသူ မဝင်းအေး (၃၂နှစ်) ကြို့ပင်ကျေးရွာနေသူသည် ဖခင်ဖြစ်သူနေအိမ်မှ ပြန်လာစဉ် ရွာလယ်လမ်း၌ တစ်ရွာတည်းနေ မခိုင်ဝင်းမော် (၂၈ နှစ်)နှင့် တွေ့ဆုံပြီး ထိုနေ့ ညနေပိုင်းက မဝင်းအေး၏အစ်မ မယဉ်အေးကို မခိုင်ဝင်းမော်က ၎င်း၏ ခင်ပွန်းနှင့် စွပ်စွဲပြောဆိုစကားများသည့်အတွက် မဝင်းအေးက မကျေမနပ်ဖြစ်၍ အပြန်အလှန် စကားများကြရာမှ မခိုင်ဝင်းမော်က အသင့်ပါလာသော အသွား ခြောက်လက်မ၊ အရိုး ငါးလက်မခွဲခန့်ရှိ ဝါးရိုးတပ် ဓားဦးချွန်ဖြင့် ထိုးခုတ်ရာ မဝင်းအေး ဒဏ်ရာရရှိခဲ့သဖြင့် အောင်လံမြို့မ ရဲစခန်းက အမှုဖွင့် အရေးယူထားကြောင်း သိရသည်။

သိန်းလွင်(iprd)

မေ ၂၉ ရက် ည ၉ နာရီခန့်က ဆူးလေမှ မြောက်ဒဂုံသို့အပြန် ခရီးသည်တင် အဓိပတိ အဝါယာဉ် တစ်စီး ရန်ကုန်မြို့ သဃ်န်းကျွန်းမြို့နယ် ငမိုးရိပ် တံတားပေါ်တွင် မီးလောင် နေ သည် ကို တွေ့ရစဉ်။

(မင်းသစ်)

အမျိုးသမီးငယ်တစ်ဦး ရေနစ်သေဆုံး

ကျောက်ကြီး မေ ၃၀

တောင်ငူခရိုင် ကျောက်ကြီးမြို့နယ်တွင် မေ ၂၇ ရက် နံနက် ၈ နာရီခွဲက အမျိုးသမီးငယ်တစ်ဦးရေနစ်သေဆုံးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ နတ်သံကွင်းနယ်မြေရဲစခန်းအပိုင် သပြေကုန်းကျေးရွာတွင် အမျိုးသမီးတစ်ဦး ရေနစ်သေဆုံးကြောင်း သတင်းအရ တာဝန်ရှိသူများက သွားရောက်စစ်ဆေးခဲ့ရာ မနော်အယ်ခူဖော (၁၃နှစ်) နတ်သံကွင်း၊ တံခွန်တိုင် ၃(က) ရပ်ကွက်နေသူသည် သပြေကုန်းကျေးရွာနေ သူငယ်ချင်းဖြစ်သူထံအလည်အပတ်သွားရောက်ခဲ့ပြီး စစ်တောင်းမြစ်ဆိပ်၌ ရေဆင်းချိုးရာမှ ရေနစ်သေဆုံးသွားကြောင်း သိရ၍ နတ်သံကွင်းနယ်မြေရဲစခန်းက အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သိရသည်။

ကိုလွင်(ဆွာ)

နိုင်ငံဘက်စုံ တည်ဆောက်ရေး
မှန်မှန်ကန်ကန်အခွန်ပေး

အမည်မှန်

ကချင်ပြည်နယ်၊ ရွှေကူမြို့၊ (၄)ရပ်ကွက်၊ ဘောဂဗလရပ်နေ ဦးဝင်းသိန်း၏သား အထက(၁) အဋ္ဌမတန်း(A)မှမောင်ကောင်းခန့်ထက်၏ အမည်မှန်မှာ မောင်မင်းကောင်းစံနှင့် စတုတ္ထတန်း(A)မှ မောင်ဇေညီညီထက်၏ အမည်မှန်မှာ မောင်သန့်ညီသစ်ဖြစ်ပါကြောင်း။

ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး ထားခြင်း

ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် ၆ဃ/၉၃၁၃၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊
ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)

ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 9E-4466 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး(ရန်ကုန်တောင်ပိုင်း)
သန်လျင်မြို့

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ
စက်သုံးဆီ (ဒီဇယ်)အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း

၁။ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ ဌာနများရှိ ယာဉ်/ယန္တရားများ အသုံးပြုရန်အတွက် ပရီမီယံဒီဇယ်ဆီ ဂါလန် ၁၀၀၀၀၀ အား အိတ်ဖွင့်တင်ဒါ (Open Tender)ဖြင့် တင်သွင်းနိုင်ပါသည်-

(က) **အိတ်ဖွင့်တင်ဒါတင်သွင်းရက်** - ၂၉-၅-၂၀၁၅ရက်မှ ၄-၆-၂၀၁၅ရက်အထိ
(ခ) **အိတ်ဖွင့်တင်ဒါပိတ်မည့်ရက်/အချိန်** - ၄-၆-၂၀၁၅ရက် မွန်းတည့် ၁၂နာရီ
(ဂ) **အိတ်ဖွင့်တင်ဒါဖွင့်မည့်ရက်/အချိန်/နေရာ** - ၄-၆-၂၀၁၅ရက် မွန်းလွဲ ၁ နာရီ အစည်းအဝေးခန်းမ(၂)၊ မြို့တော်ခန်းမ၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ
မှတ်ချက်။ ။ တင်ဒါတင်သွင်းသူများ တက်ရောက်ပါရန်။

၂။ သတ်မှတ်ကာလထက်ကျော်လွန်သောတင်ဒါများကို ထည့်သွင်းစားမည်မဟုတ်ပါ။
၃။ တင်ဒါပုံစံနှင့်စည်းကမ်းချက်များကို အောက်ပါလိပ်စာတွင် လာရောက်စုံစမ်း ထုတ်ယူနိုင်ပါသည်။ **ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ စက်ရုံနှင့်မော်တော်ယာဉ်ဌာန (၆၈) ရပ်ကွက်၊ ဒဂုံဆိပ်ကမ်းမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၄၂၁၁၁၃၈၀၃**

ကျန်းမာရေးဝန်ကြီးဌာန
ကုသရေးဦးစီးဌာန
ပြည်သူ့ဆေးရုံကြီး၊ မြိတ်မြို့
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

(၁) တနင်္သာရီတိုင်းဒေသကြီး၊ ပြည်သူ့ဆေးရုံကြီး၊ မြိတ်မြို့တွင် တက်ရောက်ကုသလျက်ရှိသော လူနာများအားကုသပေးရန် လိုအပ်သော FDA အသိအမှတ်ပြုဆေးဝါးများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါများပေးသွင်းရန် ခေါ်ယူအပ်ပါသည်။
(၂) **ဈေးနှုန်းတင်သွင်းလွှာပုံစံများ စတင်ထုတ်ယူရမည့်ရက်** - ၁-၆-၂၀၁၅ရက်(တနင်္လာနေ့)
တင်ဒါပိတ်မည့်ရက်နှင့်အချိန် - ၃၀-၆-၂၀၁၅ရက်(အင်္ဂါနေ့) ညနေ ၄နာရီ
(၃) တင်ဒါစည်းမျဉ်းစည်းကမ်းချက်များနှင့် ဆေးပစ္စည်းစာရင်းအသေးစိတ်ကို ၁-၆-၂၀၁၅ရက်မှ ၃၀-၆-၂၀၁၅ရက်အထိ နေ့စဉ်ရုံးချိန်အတွင်း ဆေးရုံအုပ်ကြီးရုံးခန်းတွင် လာရောက်ထုတ်ယူနိုင်ပါသည်။

ဆေးရုံအုပ်ကြီးရုံး
ပြည်သူ့ဆေးရုံကြီး၊ မြိတ်မြို့
ဖုန်း-၀၅၉-၄၂၀၃၃၊ ၀၅၉-၄၁၀၁၅

ဖခင်အမည်မှန်

ပြည်မြို့၊ ရွှေဟင်္သာအရှေ့ပေါက်၊ အမှတ် ၇၄ အဋ္ဌမတန်းအောင်မှ မောင်ကောင်းထက်မင်းဆွေ၏ဖခင်အမည်မှန်မှာ ဦးတင်မိုး ၇/ပမန(နိုင်)၁၀၅၃၃၉ ဖြစ်ပါကြောင်း။

ဦးတင်မိုး

ဖခင်အမည်မှန်

အမက(၁၃) လှိုင်သာယာမြို့ ပဉ္စမတန်းမှ မဖူးမြတ်သွယ်၏ ဖခင် အမည်မှန်မှာ ဦးစိန်ဝင်းခိုင် ၁၂/ကမတ(နိုင်) ၀၇၁၁၈၃ ဖြစ်ပါကြောင်း။

ဦးစိန်ဝင်းခိုင်

ရန်ကုန်မြို့တွင် လျှပ်စစ်ဓာတ်အားပိုမိုဖြန့်ဖြူးရန် ဂျပန်ချေးငွေ ယန်းသန်းပေါင်း ၂၅၀၀၀ ကျော်သုံးမည်

ရန်ကုန် မေ ၃၀

ရန်ကုန်မြို့တော်တွင် လျှပ်စစ်ဓာတ်အား အပြည့်အဝ ဖြန့်ဖြူးပေးနိုင်ရန်အတွက် ယခုဘဏ္ဍာနှစ်အတွင်း ဂျပန်နိုင်ငံမှ ချေးငွေယန်းသန်းပေါင်း ၂၅၀၀၀ကျော် ရယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့ တာဝန်ရှိသူတစ်ဦးထံမှ သိရသည်။

"ရန်ကုန်မြို့တော်လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့အနေနဲ့ ပြီးခဲ့တဲ့ ၂၀၁၄ ခုနှစ်အတွင်းမှာ ရန်ကုန်မြို့တော်မှာ ဓာတ်အားပိုမိုဖြန့်ဖြူးပေးနိုင်ဖို့ မြို့နယ်အလိုက် ထရန်စဖော်မာအဟောင်းတွေကို အစားထိုးလဲလှယ်ခြင်း၊ အသစ်တိုးချဲ့တပ်ဆင်ခြင်း၊ ဓာတ်အားလိုင်းသစ်တွေ တိုးချဲ့တည်ဆောက်ခြင်းနဲ့ ဓာတ်အားခွဲရုံသစ် တိုးချဲ့တည်ဆောက်ခြင်းတွေ ဆောင်ရွက်ခဲ့ပါတယ်။ ဒါပေမယ့် တိုးတက်လာတဲ့ လူဦးရေနဲ့ များပြားလာတဲ့ စီးပွားရေးဆိုင်ရာ အဆောက်အအုံတွေကြောင့် ဓာတ်အားလိုအပ်ချက်ကလည်း ထပ်မံမြင့်တက်လာပါတယ်။ ဒီအတွက် JICA မှ ဂျပန်ယန်း ၂၅၈၈၈ သန်းချေးယူပြီး ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းများကို ဒီနှစ်ထဲမှာ တိုးမြှင့်ဆောင်ရွက်သွားမှာဖြစ်ပါတယ်"ဟု အဆိုပါ တာဝန်ရှိသူက ပြောသည်။

ရယူမည့် ချေးငွေများဖြင့် ရန်ကုန်မြို့တွင် မူလရှိပြီးသည့် ၆၆ ကေဗွီနှင့် ၃၃ ကေဗွီ ဓာတ်အားလိုင်းများ၊ ဓာတ်အားခွဲရုံများ၊ ၁၁ ကေဗွီဓာတ်အားလိုင်းနှင့် ၁၁/၀၄ ကေဗွီ ထရန်စဖော်မာများ၊ ၄၀၀ ဗို့ဓာတ်အားလိုင်းများကို တိုးချဲ့ခြင်း၊ ပြုပြင်ခြင်း၊ အစားထိုးအသစ်လဲလှယ်ခြင်းများကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

လက်ရှိအချိန်တွင် ရန်ကုန်မြို့သည် လူဦးရေ ၇ ဒသမ ၃ သန်းခန့်အထိရှိလာပြီး လူနေအထပ်မြင့်အဆောက်အအုံများ တိုးချဲ့ဆောက်လုပ်လာခြင်း၊ အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ တိုးချဲ့လာခြင်းနှင့် ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံမှုကုမ္ပဏီများ တိုးလာခြင်းတို့ကြောင့် ရန်ကုန်မြို့၏ လျှပ်စစ်ဓာတ်အားလိုအပ်ချက်မှာလည်း မြင့်တက်လာလျက်ရှိသည်။ အဆိုပါဓာတ်အားလိုအပ်ချက်များကို ဖြည့်ဆည်းပေးလာနိုင်သည်နှင့်အမျှ မြန်မာနိုင်ငံ၏ စီးပွားရေးမြို့တော်ဖြစ်သော ရန်ကုန်မြို့၏ စီးပွားရေးလုပ်ငန်းများလည်း ပိုမိုဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း သိရသည်။

သတင်း-ကြံတိုင်းအောင်၊ ဓာတ်ပုံ-သဏ္ဍ

သာကေတမြို့နယ်မှ ဆောက်လုပ်ဆဲဓာတ်အားခွဲရုံတစ်ရုံကို တွေ့ရစဉ်။

စီးပွားရေးပညာသင်ကျောင်းသား ၅၀ ကို ပညာသင်ဆုပေးမည်

ရန်ကုန် မေ ၃၀

စီးပွားရေးပညာဘာသာရပ်တွင် သင်ကြားမည့် မြန်မာကျောင်းသားကျောင်းသူ ၅၀ ကို မြန်မာနိုင်ငံ၌ ဘဏ်ခွဲဖွင့်လှစ်ခွင့်ရရှိထားသည့် ဂျပန်အခြေစိုက် Mizuho ဘဏ်က ပညာသင်ဆုများ ချီးမြှင့်ပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။

ကျောင်းသားတစ်ဦးလျှင် တစ်နှစ်စာအတွက် အမေရိကန်ဒေါ်လာ ၃၀၀ ကို ပေးအပ်သွားမည်ဖြစ်ကာ ကျောင်းတက်စာသင်နှစ်များအားလုံး ဆက်တိုက်ပေးရန် ရည်ရွယ်ကြောင်း Mizuho ဘဏ် ရန်ကုန်ရုံးခွဲမှ အကြီးတန်းကိုယ်စားလှယ် Mr.Tetsuro Nonaka က ပြောသည်။

ပညာသင်ဆုများကို ရန်ကုန်စီးပွားရေးတက္ကသိုလ်နှင့် မုံရွာစီးပွားရေးတက္ကသိုလ်တို့မှ ကျောင်းသားများကို ပေးအပ်သွားရန် ရည်ရွယ်ထားကြောင်း သိရသည်။

"ပြီးခဲ့တဲ့နှစ်ကတည်းက ရန်ကုန်စီးပွားရေးတက္ကသိုလ်မှာ ပညာသင်ဆု ပေးအပ်ခဲ့ပါတယ်။ ဒီနှစ်မှာ ထပ်တိုးပြီး မုံရွာစီးပွားရေးတက္ကသိုလ်ကို တိုးချဲ့ပညာသင်ဆု ပေးအပ်တာဖြစ်ပါတယ်။ တက္ကသိုလ်တစ်ခုစီက ကျောင်းသား ၂၅ ဦးစီကို ပေးအပ်မှာဖြစ်ပါတယ်။ ရန်ကုန်စီးပွားရေးတက္ကသိုလ်က မနှစ်က ပညာသင်ဆုပေးထားတဲ့ ကျောင်းသား ၂၅ ဦးကတော့ ယခုနှစ်မှာ ဆက်လက်ပြီး ပညာသင်ဆုရရှိမှာပါ။ မုံရွာစီးပွားရေးတက္ကသိုလ်က ကလေးတွေကိုတော့ အခုမှရွေးချယ်မှာ"ဟု Mr.Tetsuro Nonaka က ဆက်လက်ပြောကြားသည်။

စီးပွားရေးဘာသာရပ်သည် နိုင်ငံတကာတွင် ခေတ်စားသည့် ဘာသာရပ်တစ်ခုဖြစ်ပြီး စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးကို အလေးထားဆောင်ရွက်ရသည့် တိုင်းပြည်တစ်ခုတွင် ငွေကြေးစနစ်၊ ဘဏ်လုပ်ငန်းနှင့် စီးပွားရေးနည်းဗျူဟာများအပါအဝင် စီမံခန့်ခွဲမှုပညာရပ်များ တတ်မြောက်ရန်အရေးကြီးသဖြင့် ယခုကဲ့သို့ ပံ့ပိုးကူညီရခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါပညာသင်ဆုကို ဂျပန်နိုင်ငံအခြေစိုက် Charitable Trust Mizuho Asian Fund မှ ပေးအပ်ခြင်းဖြစ်ကာ မုံရွာတက္ကသိုလ်တွင် E-Library စနစ် တပ်ဆင်ပေးထားပြီးဖြစ်ကြောင်းလည်း သိရသည်။

ခင်ရတနာ

ကိုးကန့်ဒေသမှ ကျောင်းအများစု စာသင်နှစ်အမီဖွင့်မည်

ရန်ကုန် မေ ၃၀

ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသမှ စာသင်ကျောင်းအများစုအနေဖြင့် ကျောင်းဖွင့်ရက်အမီ သင်ကြားနိုင်ရန် အဆင်သင့်ဖြစ်နေပြီဖြစ်ကြောင်း ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ သတင်းထုတ်ပြန်ချက်များအရ သိရသည်။

"နယ်မြေအေးချမ်းလာတဲ့အတွက် ကိုးကန့်ဒေသက ကျောင်းတွေကို အခြားဒေသတွေနည်းတူ ဖွင့်ဖို့ပြင်ဆင်ရခြင်းဖြစ်ပါတယ်။ မော်ထိုက်မြို့နယ်ခွဲထဲက ကျောင်းအချို့ကတော့ ကျောင်းဖွင့်ရက်နောက်ကျနိုင်ပါတယ်"ဟု ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ဖေဖော်ဝါရီလအတွင်းက ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများ၌ တိုက်ပွဲများဖြစ်ပွားခဲ့ခြင်းကြောင့် ဒေသခံပြည်သူများနှင့် အစိုးရဝန်ထမ်းများ အဆိုပါနယ်မြေမှ တိမ်းရှောင်ခဲ့ရသည်။ ယခုအခါ နယ်မြေအေးချမ်းလာပြီဖြစ်သလို ကျောင်းဖွင့်ချိန်နှင့် စိုက်ပျိုးချိန်ရောက်ရှိလာခြင်းကြောင့် ဒေသသို့ ပြန်လည်ရောက်ရှိလာကြသည်ကို တွေ့ရသည်။ လတ်တလော၌ ဖွင့်ရန်အခက်အခဲရှိနေသေးသည့် မော်ထိုက်မြို့နယ်ခွဲမှ ကျောင်းအချို့ကို အခြားအခြေခံပညာကျောင်းများနှင့်တွဲဖက်ကာ ဖွင့်လှစ်ပေးမည်ဖြစ်ကြောင်း သိရသည်။

ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် အခြေခံပညာသင်ကြားနေသူ ကျောင်းသား ကျောင်းသူဦးရေ ၁၀၀၀၀ ကျော်ရှိနေကြောင်းနှင့် ၈၀ ရာခိုင်နှုန်းမှာ မူလတန်းသင်ကြားနေသူများဖြစ်ကြောင်း သိရသည်။ **သွန်းဝသန်**

နို့ထုတ်လုပ်ငန်းများတိုးတက်ရေး နို့ပေါင်းစက်တပ်ဆင်

ရန်ကုန် မေ ၃၀

နို့စားနွားမွေးမြူရေးလုပ်ငန်းများ တိုးတက်လာပြီး နို့ထုတ်လုပ်မှုမြင့်မားလာသည်နှင့်အမျှ နို့များကို ပေါင်းစက်ဖြင့်အအေးခံပြီး သန့်ရှင်းလတ်ဆတ်စွာ ကြာရှည်ထားနိုင်ရန်အတွက် ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၌ နို့ပေါင်းစက်သစ်ကို တပ်ဆင်ထားကြောင်း သိရသည်။

ထိုနို့ပေါင်းစက်ကို မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနက စက်တန်ဖိုးငွေကျပ် ၂၅၂၆၄၀၀၀ နှင့် အဆောက်အအုံတန်ဖိုး ငွေကျပ် ၁၇၁ သိန်း အကုန်အကျခံ တပ်ဆင်ခဲ့ခြင်းဖြစ်သည်။ နို့စားနွားမွေးမြူရေးလုပ်ငန်းများက ထုတ်လုပ်သည့် နွားနို့များမှ ပိုလျှံသောနွားနို့များကို ကြာရှည်ခံနို့အေးအဖြစ် ထုတ်လုပ်နိုင်ရန် တပ်ဆင်ပေးခြင်းဖြစ်ကြောင်း သိရ သည်။

အဆိုပါနို့ပေါင်းစက် တပ်ဆင်အသုံးပြုနည်းသင်တန်းကိုလည်း မေ ၂၆ ရက်က ဖွင့်လှစ်ခဲ့ပြီး သင်တန်းတွင် အိန္ဒိယနိုင်ငံ Vimal ကုမ္ပဏီလီမိတက်မှ ကျွမ်းကျင်ပညာရှင် Mr.San Kar နှင့် Mr.Ragu တို့က နို့ပေါင်းစက်တပ်ဆင်နည်းနှင့် အသုံးပြုနည်းများကို လက်တွေ့သင်ကြားပို့ချခဲ့ကြောင်း သိရသည်။

ထွန်းလှိုင်(မြိုင်)

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ချင်းပြည်နယ်၊ စိုက်ပျိုးရေးဦးစီးဌာန၏ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်အတွင်း အောက်ဖော်ပြပါ လုပ်ငန်းများဆောင်ရွက်/ဝယ်ယူရန်ရှိပါသဖြင့် လုပ်ငန်းရှင်/ကုမ္ပဏီများထံမှ အိတ်ဖွင့်တင်ဒါများတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၁။	ရေသွယ်ခြင်းနှင့်ရေသန့်ပြုလုပ်ခြင်း (လုံပီး၊ စိုက်ပျိုးရေးသိပ္ပံကျောင်း)	
၂။	လျှပ်စစ်မီးသွယ်တန်းခြင်း (လုံပီးစိုက်ပျိုးရေးသိပ္ပံကျောင်း)	
၃။	ဓာတ်ခွဲခန်းသုံးပစ္စည်း(၁၃၆)မျိုးဝယ်ယူခြင်း	
၄။	(၅၀×၃၀×၁၂)ပေ သွပ်မိုး၊ အုတ်မိုး၊ အုတ်ညှပ်ကာ၊ ကွန်ကရစ်ခင်းဆောက်လုပ်ခြင်း၊	၁ လုံး
၅။	(၁၆×၁၂×၈)ပေ၊ အုတ်ရေကန်ဆောက်လုပ်ခြင်း	၃ လုံး
၆။	(၁၂×၁၀×၈)ပေ၊ အုတ်ရေကန်ဆောက်လုပ်ခြင်း	၁ လုံး
၇။	ဘက်ထရီ (၁၅၀၀W)GS ဝယ်ယူခြင်း	၄ လုံး
၈။	ကွန်ပျူတာနှင့်ဆက်စပ်ပစ္စည်းများဝယ်ယူခြင်း	၉ စုံ
၉။	လက်တွန်းထွန်စက် (Gona Dong 18 HP)	၄ စီး
၁၀။	မော်တော်ဆိုင်ကယ် (Kenbo R-125)	၁၄ စီး
၁၁။	ပရိဘောဂများ၊ ဗီရို(၁၀)လုံး၊ စားပွဲ(၂၀)လုံး၊ကုလားထိုင်(၆၀)လုံး၊ဖိုင်စင်(၆)ခု	

တင်ဒါလျှောက်လွှာစတင်လက်ခံမည့်ရက် - ၁-၆-၂၀၁၅ ရက်
တင်ဒါပိတ်မည့်ရက် - ၂၆-၆-၂၀၁၅ ရက်
တင်ဒါတင်သွင်းမည့်နေရာ ပြည်နယ်ဦးစီးမှူးရုံး၊ ချင်းပြည်နယ်၊ ဟားခါးမြို့။

၂။ အသေးစိတ်သိရှိလိုပါက ဖုန်း-၀၇၀-၂၁၀၂၆၊ ၀၉-၂၄၅၀၄၇၄ တို့သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ

ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 3G/ 7230၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး (ရန်ကုန်တောင်ပိုင်း)၊ သန်လျင်မြို့

ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ ပျဉ်းမနားမြို့နယ်၊ ရွာကောက်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ပေါင်းလောင်း ၂၊ ၁၅လမ်း၊ မြေကွက်/ဦးပိုင်အမှတ် ၁၄၅၄ မြေကွက်အား ဦးနေမျိုးနိုင်၊ ဦးကျော်သက်ဦး၊ (ဘ) ဦးညိုဦး၊ ဦးတင်ညွန့်၊ ၁/မညန (နိုင်)၀၂၈၃၃၆၊ ၅/ရဘန (နိုင်)၀၀၀၁၃၃ မှ ပိုင်ဆိုင်ကြောင်း အထောက်အထားများတင်ပြ၍ မြေငှားစာချုပ်သစ် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ယနေ့မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာလိုက်သည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
နေပြည်တော်စည်ပင်သာယာရေးကော်မတီ



မြန်မာ့ဝေဟင်ကို စိုးမိုးလာဦးမည့် သားကောင်းသမီးမွန်လေးများ

နိုင်ငံတစ်နိုင်ငံ၏ သယ်ယူပို့ဆောင်ရေးကဏ္ဍတွင် လေကြောင်းပို့ဆောင်ရေးသည် အရေးပါသောကဏ္ဍမှ ပါဝင်လျက်ရှိသည်။ လေကြောင်းပို့ဆောင်ရေးကဏ္ဍတွင်လည်း ဘေးအန္တရာယ်ကင်းရှင်းစွာဖြင့် သွားလာနိုင်ရေးသည် လေယာဉ်မှူးများပေါ်တွင် အဓိကမူတည်လျက်ရှိပေသည်။ မြန်မာနိုင်ငံ၏ လေကြောင်းပို့ဆောင်ရေးကဏ္ဍအတွက် လိုအပ်သော လေယာဉ်မှူးများကို ယခင်က တပ်မတော်(လေ) မှ သီးသန့်အဖွဲ့လိုက် လေ့ကျင့်ပေးခြင်းဖြင့် လည်းကောင်း၊ တပ်မတော်(လေ)မှ လေသူရဲများကို လွှဲပြောင်းတာဝန်ထမ်းဆောင်စေသောနည်းဖြင့် လည်းကောင်း ဆောင်ရွက်ခဲ့သည်။ နောက်ပိုင်းတွင် တစ်နေ့တခြား ဖွံ့ဖြိုးတိုးတက်လာနေသော လေကြောင်းလိုင်းများ၊ လေယာဉ်များအတွက် အချို့သော ငွေကြေးတတ်နိုင်သည့် မြန်မာလူငယ်များသည် မလေးရှား၊ ဖိလစ်ပိုင်စသည့်နိုင်ငံများရှိ အရပ်ဘက်လေယာဉ်မောင်းသင်ကျောင်းများသို့ သွားရောက်သင်ကြားကြပြီး ပြန်လည်ရောက်ရှိသည့်အခါ လေကြောင်းလိုင်းများတွင် တာဝန်ထမ်းဆောင်လာကြသည်။ မိမိနိုင်ငံတွင် အရပ်ဘက်လေယာဉ်မောင်းသင်ကျောင်းမရှိသည့်အတွက် ပြည်ပသို့သွားရောက်သင်ကြားကြရခြင်းဖြစ်သဖြင့် နိုင်ငံ၏လိုအပ်ချက်ကို ဖြည့်ဆည်းရန် နိုင်ငံတော်သမ္မတ၏ လမ်းညွှန်ချက်ဖြင့် မြန်မာနိုင်ငံ၏ ပထမဆုံး အရပ်ဘက် လေယာဉ်မောင်းသင်ကျောင်းဖြစ်သည့် မြန်မာလေကြောင်းအကယ်ဒမီပေါ်ပေါက်လာခဲ့သည်။

မြန်မာလေကြောင်း အကယ်ဒမီမှ တာဝန်ရှိသူအချို့အား မြန်မာ့အလင်းသတင်းအဖွဲ့က ဆက်သွယ်မေးမြန်းခဲ့ပုံကို တင်ပြလိုက်ပါသည်-

ဦးထွန်းမြင့် (အမှုဆောင်အရာရှိချုပ်)

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတရဲ့ လမ်းညွှန်ချက်အပေါ်အခြေခံပြီး Htoo Group of Companies ဥက္ကဋ္ဌ တာဝန်ပေးအပ်ချက်အရ မြန်မာလေကြောင်းအကယ်ဒမီ (Myanmar Aviation Academy) ကို MAA Chairman ဦးကြည်ဝင်းဦးဆောင်ပြီး ၂၀၁၁ ခုနှစ် နိုဝင်ဘာလမှာ စတင်ကြိုးစားအကောင်အထည်ဖော်ခဲ့ပါတယ်။ ကျောင်းဖွင့်လှစ်ခွင့်အမိန့်ကို ၂၀၁၂ ခုနှစ် ဒီဇင်ဘာလ ၁၂ ရက်နေ့မှာ ရရှိခဲ့ပါတယ်။ နိုင်ငံတကာလေယာဉ်မောင်းသင်ကျောင်းများတွင် ပျံသန်းရေးနှင့် မြေပြင်ဘာသာရပ်ပို့ချမှု အတွေ့အကြုံရှိ နည်းပြများ၊ အတွေ့အကြုံပြည့်ဝသော လေယာဉ်ပြင်ဆင်ရေး အင်ဂျင်နီယာများ၊ တပ်မတော်(လေ)မှ အငြိမ်းစားဝါရင့်နည်းပြဆရာများ၊ အင်ဂျင်နီယာများကို အောင်မြင်စွာ စုစည်းခဲ့ပါတယ်။

ဦးသန့်ဇော်(ကျောင်းအုပ်)

လေယာဉ်မောင်းလိုင်စင်ရအောင် သင်ပေးတဲ့ကျောင်းပါ။ လေကြောင်းလိုင်းတွေမှာ လေယာဉ်မှူးအဖြစ် လျှောက်ထားချင်တယ်ဆိုရင် အနိမ့်ဆုံး CPL (Commercial Pilot Licence) လို့ခေါ်တဲ့ လေယာဉ်ပျံသန်းခွင့်လိုင်စင်ရှိထားဖို့ လိုအပ်ပါတယ်။ သူ့ထက်မြင့်တာ ATPL (Airline Transport Pilot Licence) ဆိုတာလည်း ရှိပါသေးတယ်။ လိုင်စင်တစ်မျိုးချင်းအတွက် စာတွေ့လက်တွေ့လိုအပ်ချက်တွေရှိပါတယ်။ အဲဒီလိုအပ်ချက်တွေကို ICAO (International Civil Aviation Organization) က ချမှတ်ထားပါတယ်။ ICAO က ချမှတ်ထားတဲ့မူပေါ်မှာ ပို့ဆောင်ရေးဝန်ကြီးဌာနအောက်မှာရှိတဲ့ လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန (Department of Civil Aviation- DCA) က အသေးစိတ်အချက်အလက်တွေ ထုတ်ပြန်ထားပါတယ်။ မြန်မာလေကြောင်း အကယ်ဒမီက ATPL အတွက် လိုအပ်တဲ့သီအိုရီတွေရယ်၊ CPL အတွက် လိုအပ်တဲ့ လက်တွေ့ပျံသန်းမှုတွေရယ် သင်ပေးလိုက်မှာ ဖြစ်ပါတယ်။ သင်တန်းပြီးဆုံးရင် DCA က စာတွေ့လက်တွေ့စစ်ဆေးပြီး အောင်မြင်လို့ရှိရင် CPL, ATPL (Frozen) ဆိုတဲ့ လိုင်စင်ထုတ်ပေးမှာ ဖြစ်ပါတယ်။ လောလောဆယ်သင်တန်းနှစ်ခု ပို့ချနေပါတယ်။ ပထမအသုတ်မှာ သင်တန်းသား ၁၇ ဦး၊ သင်တန်းသူ ခုနစ်ဦး၊ စုစုပေါင်း ၂၄ ဦးရှိပြီး ဒုတိယအသုတ်မှာ သင်တန်းသား ၂၀ နဲ့ သင်တန်းသူနှစ်ဦး စုစုပေါင်း ၂၂ ဦး ရှိပါတယ်။ ဒီထဲမှာ ထူးဖောင်ဒေးရှင်းရဲ့ Scholarship နဲ့ တက်ရောက်နေတဲ့ သင်တန်းသား သင်တန်းသူ ၉ ဦးလဲ ပါဝင်ပါတယ်။ ဘာတွေ့ရသလဲဆိုတော့ ကျွန်တော်တို့ မြန်မာအမျိုးသမီးလေးတွေ ကမ္ဘာပေါ်က တခြား အမျိုးသမီးတွေထက် မညံ့ဘူး။ သူတို့လုပ်နိုင်တယ်ဆိုတာ တွေ့ရပါတယ်။

သင်တန်းသား သင်တန်းသူတချို့ကလည်း အခုလို ဖြေကြားခဲ့ပါသည်-

မမြင့်ဇာခြည်မွန်

ကျွန်မက မြန်မာလေကြောင်းအကယ်ဒမီ အမှတ်စဉ် (၁) မြို့ပြလေယာဉ်မှူးသင်တန်းမှ သင်တန်းသူ မမြင့်ဇာခြည်မွန်ဖြစ်ပါတယ်။ အဖ ဦးဌေးဝင်း အမိဒေါ်မြမွန်တို့က စစ်ကိုင်းတိုင်းဒေသကြီး ဆားလင်းကြီးမြို့နယ် နှောကူးတို့ရွာမှာ မွေးဖွားခဲ့ပါတယ်။ သူငယ်တန်းကနေ အဋ္ဌမတန်းထိကို ရွာမှာရှိတဲ့အလယ်တန်းကျောင်းမှာ တက်ရောက်ခဲ့ပြီး နဝမတန်းနဲ့ ဒသမတန်းကို ACA ပညာရိပ်ငြိမ်မှာ တက်ရောက်ပညာသင်ကြားခဲ့ပါတယ်။ ဆေးဝါးတက္ကသိုလ် ပထမနှစ်တက်ရောက်နေရင်း မြန်မာနိုင်ငံရဲ့ ပထမဦးဆုံး အရပ်ဘက်လေယာဉ်မောင်းသင်ကျောင်း ဖွင့်မယ့်သတင်းနဲ့ ပညာသင်စရိတ် မတတ်နိုင်သူများအတွက် ပညာသင်ဆုပေးမယ်ဆိုတာကို သတင်းစာမှာတွေ့လို့ လျှောက်ခဲ့ပါတယ်။ အရည်အချင်းစစ်ဆေးမှုအဆင့်ဆင့်ကို ဖြတ်ကျော်အောင်မြင်ခဲ့ပြီး Htoo Foundation က ပေးတဲ့ ပညာသင်ဆုကိုရရှိခဲ့လို့ အခုလို လေယာဉ်မှူးဘဝကို အခြေအနေနဲ့ အခွင့်အရေးရရှိခဲ့ခြင်း ဖြစ်ပါတယ်။ အဲဒီအတွက် စိတ်ကူးယဉ်အိပ်မက်ကို လက်တွေ့ဖြစ်အောင် ကူညီပံ့ပိုးပေးတဲ့ Htoo Foundation နဲ့ မြန်မာလေကြောင်း အကယ်ဒမီတို့ကို လှိုက်လှဲစွာကျေးဇူးတင်ကြောင်း ပြောကြားလိုပါတယ်။

မောင်ဖြိုးသန့်

ကျွန်တော်ကမောင်ဖြိုးသန့်ပါ။ ၂၀၁၀ပြည့်နှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲကို ပဲခူးတိုင်းဒေသကြီး ပထမအဆင့်ဖြင့် ပဲခူးမြို့၊ အမှတ်(၃) အစိုးရအထက်တန်းကျောင်း (အမျိုးသားကျောင်း)မှ အောင်မြင်ပြီး ကုန်သွယ်ရေကြောင်းကောလိပ်မှ Nautical cadet သင်တန်းအောင်မြင်ခဲ့ပါတယ်။ နိုင်ငံခြားသင်္ဘောလိုင်းမှာအလုပ်လုပ်ဖို့ စောင့်ဆိုင်းနေရင်း MAA ရဲ့ သင်တန်းတက်ရောက်ခွင့်နဲ့ ထူးဖောင်ဒေးရှင်းရဲ့ ပညာသင်ဆုစာမေးပွဲကို အောင်မြင်ခဲ့ပါတယ်။ ကျယ်ပြန့်တဲ့ကောင်းကင်ပြင်ကြီးလို လွတ်လပ်လိုတဲ့ ကျွန်တော်ရဲ့အတွေးအမြင်တွေကို အားတက်စေမယ့် လေယာဉ်မှူးဘဝကိုရရှိခဲ့လို့ အလွန်ပျော်မိပါတယ်။ နိုင်ငံရပ်ခြားကို တကူးတကသွားပြီး မသင်ယူရခြင်း၊ မိမိ၏ပညာသင်စရိတ်အတွက် မပူပင်ရခြင်း၊ တိုင်းပြည်နဲ့ ထူးချွန်လူငယ်တို့အတွက် အတွေ့အကြုံရင့်ကျက်ပြီး စေတနာအပြည့်နဲ့ တာဝန်ကျေပွန်ကြတဲ့ ဆရာများထံမှာ သင်ကြားခွင့်ရခြင်းတို့အတွက် MAA မှ တာဝန်ရှိသူများနဲ့ Htoo Foundation မိသားစုအား အထူးပဲကျေးဇူးတင်ရှိပါကြောင်း ပြောကြားလိုပါတယ်။

မမြတ်သက်နိုး

ကျွန်မက မြန်မာလေကြောင်းအကယ်ဒမီ မြို့ပြလေယာဉ်မှူး သင်တန်း first batch မှာ လေယာဉ်မောင်းပညာတွေကို သင်ကြားနေပါတယ်။ ဖေဖေက လေယာဉ်မှူးတစ်ယောက်ဖြစ်တာကြောင့် ကျွန်မကလေးဘဝကတည်းက Military Pilot တစ်ယောက်ဖြစ်ဖို့ ရူးသွပ်ခဲ့ပါတယ်။ ဒါပေမယ့် ကျွန်မတို့ အမျိုးသမီးတွေမှာ အခွင့်အရေးမရှိခဲ့ပါဘူး။ အခုဆိုရင် ကျွန်မတို့ PPL (Private Pilot Licence) ရပြီးလို့ CPL (Commercial Pilot Licence), ATPL (frozen) အတွက် ကျွန်မတို့ရဲ့ ဆရာတွေရော ကျွန်မတို့ ကျောင်းသား ကျောင်းသူတွေအားလုံးပါ အကောင်းဆုံးကြိုးစားနေကြပါတယ်။

ဒီစီအီးနင့်အဖွဲ့ (မန်းကိုယ်ပွား)

မမိုးဝေဖြာ

ကျွန်မက မြန်မာလေကြောင်းအကယ်ဒမီ အမှတ်စဉ်(၁) မြို့ပြလေယာဉ်မှူးသင်တန်းမှ မမိုးဝေဖြာ ဖြစ်ပါတယ်။ အခြေခံပညာအထက်တန်းအောင်မြင်ပြီး ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်မှာ ဂျာမန်ဘာသာအထူးပြု လေ့လာခဲ့ပါတယ်။ ငယ်စဉ်ကတည်းက လေယာဉ်နဲ့ ခရီးသွားခြင်းကို နှစ်သက်တဲ့အပြင် လေယာဉ်မှူးဖြစ်ချင်တဲ့ ဆန္ဒရှိတဲ့အတွက် စီးပွားရေးပညာတွေ လေ့လာဆည်းပူးပြီးနောက် Asian Wings Airways မှာ ဝင်ရောက်လုပ်ကိုင်ခဲ့ပါတယ်။ မြန်မာလေကြောင်းအကယ်ဒမီမှာ တက်ရောက်ရန်ရွေးချယ်ခြင်းခံရတဲ့အခါ ငယ်စဉ်ကတည်းက ဖြစ်ချင်ခဲ့တဲ့ဆန္ဒကို အကောင်အထည်ဖော်ခွင့်ရရှိတဲ့အတွက် ဂုဏ်ယူဝမ်းမြောက်မိပါတယ်။ မြန်မာနိုင်ငံလေကြောင်းကဏ္ဍရဲ့ အနာဂတ်ပိုမိုကောင်းမွန်စေရန်နဲ့ လေယာဉ်မှူးကောင်းတစ်ယောက်ဖြစ်လာနိုင်

အောင် အကောင်းဆုံးကြိုးစားသွားပါမယ်။

မနန်းစန္ဒီမွန်း

ကျွန်မနာမည် နန်းစန္ဒီမွန်းလို့ခေါ်ပါတယ်။ ရန်ကုန်ကပါ။ အရင်ကတော့ NGO တစ်ခုမှာ အလုပ်လုပ်ပါတယ်။ အခုကတော့ MAA 1st Batch မှာ Htoo Foundation Scholarship Program နဲ့ တက်ရောက်နေပါတယ်။ ငယ်ငယ်လေးကတည်းက လေယာဉ်မှူး ဖြစ်ချင်ခဲ့ပါတယ်။ ဒါပေမယ့် အခြေအနေအကြောင်းအမျိုးမျိုးကြောင့် ဖြစ်ချင်တာတစ်ခုကိုစွန့်လွှတ်ခဲ့ပြီး ကွန်ပျူတာတက္ကသိုလ်မှာပဲ ပညာသင်ကြားခဲ့ပါတယ်။ တစ်နေ့ကျတော့ သူငယ်ချင်းတစ်ယောက်က Scholarship Program ဆိုတာရှိကြောင်းနဲ့ ကျွန်မက လေယာဉ်မောင်းချင်တယ်ဆိုတော့ အဲဒီ Program ကို လျှောက်သင့်ကြောင်းလာပြောပါတယ်။ ပြီးတော့ MAA ရဲ့ Scholar စာမေးပွဲကိုဖြေဆိုခဲ့ပြီး အရွေးချယ်ခံခဲ့ရပါတယ်။ Career က လုံးဝပြောင်းလဲသွားတော့ စစချင်းမှာ အခက်အခဲတွေ အများကြီးရှိခဲ့ပါတယ်။ Zero Aviation Knowledge နဲ့ဆိုတော့ တော်တော်လိုက်ယူရပါတယ်။ ဆရာတွေနဲ့သူငယ်ချင်းတွေကလည်း ကျွန်မကို လက်တွဲခေါ်ခဲ့တဲ့အတွက် ကျေးဇူးတင်ပါတယ်။ အခုတော့ ကျွန်မချစ်တဲ့ကောင်းကင်မှာ ပျံသန်းနေပါပြီ။ ကျွန်မဘဝတစ်လျှောက်လုံးလည်း အခွင့်အရေးရှိသရွေ့ ဆက်ပြီးပျံသန်းနေပါဦးမယ်။ ကောင်းကင် ကြီးကြီးမားကျယ်ပြန့်သလို သင်ယူစရာတွေက အများကြီးကျန်နေပါသေးတယ်။ ဆက်လက်သင်ယူနေပါဦးမယ်။ ကျွန်မရဲ့ အိပ်မက်တစ်ခု ဒီလိုအမှန်တကယ်ဖြစ်လာဖို့ ကူညီဖေးမပေးကြတဲ့ Myanmar Aviation Academyက ဆရာသမားများအားလုံးနဲ့ Htoo Foundation ရယ် ကျွန်မမိသားစုရယ်ကို အထူးကျေးဇူးတင်ပါတယ်။

စာမျက်နှာ ၁၆ သို့

စာမျက်နှာ ၁၅ မှ

မောင်အောင်ကျော်ဖြိုး (သင်တန်းသား)

ကျွန်တော်က MAA မှာ ပညာသင်ကြားနေတဲ့ Cadet Pilot တစ်ဦးပါ။ ကျွန်တော် ၂၀၁၂ ခုနှစ်မှာ နည်းပညာတက္ကသိုလ် (လှိုင်သာယာ) WYTU ကနေ B.E (CIVIL)ဘွဲ့ရရှိခဲ့ပါတယ်။ ကျွန်တော် ငယ်စဉ်ကတည်းက အဖြစ်ချင်ဆုံး အိပ်မက် တစ်ခုရှိခဲ့ပါတယ်။ လေယာဉ်မှူးတစ်ဦး ဖြစ်ချင်ခဲ့တာပါ။ ဒါကြောင့်လည်း ၂၀၁၃ ခုနှစ်မှာ မြန်မာနိုင်ငံရဲ့ ပထမဦးဆုံး လေကြောင်းအကယ်ဒမီဖြစ်တဲ့ Myanmar Aviation Academy (MAA) ကို စတင်ဖွင့် လှစ်မယ်လို့ မိတ်ဆက်တဲ့အချိန်မှာ ကျွန်တော့်ရဲ့ အဖေ အမေတို့နဲ့ တိုင်ပင်ပြီး မိဘနှစ်ပါးရဲ့ ခွင့်ပြုချက်နဲ့ ရည်မှန်းချက် အိပ်မက်ကို အကောင်အထည်ဖော်ခဲ့ပါတယ်။ လေကြောင်းပညာရပ် ကိုသင်ယူရာမှာ ခက်ခဲပင်ပန်းမှုရှိပေမယ့် အတွေ့အကြုံရှိ ဝါရင့်မြေပြင်၊ ဝေဟင်(ပျံသန်းရေး) နည်းပြဆရာများရဲ့ တပည့်များအပေါ် စေတနာ၊ မေတ္တာထားပြီး အပင်ပန်းခံ သင်ကြားပေးမှု၊ ခေတ်မီ အဆင့်မြင့်ပျံသန်းရေး လေယာဉ်များ၊ လေယာဉ် တု(Simulator) နဲ့ အခြားသော သင်ထောက် ကူပစ္စည်းများကြောင့် အောင်မြင်ပျော်ရွှင်စွာနဲ့ အဖိုးတန် ပညာရပ်များကို သင်ယူနိုင်ကြပါတယ်။ သင်ကြားပေးသော ဆရာများ၊ လေကြောင်းပညာကို စိတ်ဝင်စားတဲ့ မြန်မာလူငယ်တို့ရဲ့ ရည်မှန်းချက် အိပ်မက်တွေကို မိမိနိုင်ငံမှာပဲ လက်တွေ့အကောင်အထည်ဖော်နိုင်တဲ့ မြန်မာနိုင်ငံရဲ့ ပထမဦးဆုံးသော Myanmar Aviation Academy (MAA) ကို တည်ထောင် ဖွင့်လှစ်ပေးသော တာဝန်ရှိသူများနှင့် ဆရာများအားလုံးကို ကျေးဇူးအထူးတင်ရှိပါတယ်လို့ ပြောကြားချင်ပါတယ် ခင်ဗျာ။

ယနေ့ မြန်မာနိုင်ငံသည် နယ်ပယ်အသီးသီးတွင် ဖွံ့ဖြိုးတိုးတက်လျက်ရှိရာ လေကြောင်းကဏ္ဍတွင်လည်း ကမ္ဘာနှင့်ရင်ပေါင်တန်းလျက် အမျိုးသမီးများပင် လေယာဉ်မောင်းနှင်နေကြပြီဖြစ်သည်ကို အားရဖွယ်ရာ တွေ့မြင်နေရပါသည်။ လက်ရှိလေကြောင်းလိုင်းများတွင် ပျံသန်းရေး တာဝန်ထမ်းဆောင်လျက်ရှိသော အမျိုးသမီးလေယာဉ်မှူး ခုနစ်ဦး ရှိပြီးဖြစ်ကြောင်းကိုလည်း သိရှိခဲ့ရပါသည်။ ဤကဲ့သို့ နိုင်ငံသားတိုင်း မိမိတို့ကျရာနေရာတွင် တာဝန်ကျေပွန်သူ၊ ထူးချွန်သူများဖြစ်အောင် ကြိုးစားလုပ်ကိုင်သွားကြမည်ဆိုပါလျှင် ကျွန်ုပ်တို့၏ နိုင်ငံတော်ကြီးသည် မဝေးလှသည့်အနာဂတ်တွင် ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတစ်ခု ဖြစ်လာမည်မှာ မြေကြီးလက်ခတ်မလွဲ ဖြစ်ပေတော့သည်။

အပြည်ပြည်ဆိုင်ရာ စွန့်ပစ်ပစ္စည်းများ ရေရှည်စီမံခန့်ခွဲမှုဆိုင်ရာ ညီလာခံ ဟောင်ကောင်မြို့၌ ကျင်းပ

နေပြည်တော် မေလ ၃၀

ဟောင်ကောင်မြို့ Hong Kong Convention and Exhibition Center တွင် ၂၀၁၅ ခုနှစ် မေ ၂၀ ရက်မှ ၂၃ ရက်အထိ ကျင်းပသည့် အပြည်ပြည်ဆိုင်ရာ စွန့်ပစ်ပစ္စည်းများ ရေရှည်စီမံခန့်ခွဲမှုဆိုင်ရာ ညီလာခံ (International Conference on Solid Waste 2015) သို့ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ သက်သက်ဇင် ခေါင်းဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်သည်။

၂၀၁၅ ခုနှစ် အပြည်ပြည်ဆိုင်ရာ စွန့်ပစ်ပစ္စည်းများ စီမံခန့်ခွဲမှုဆိုင်ရာ ညီလာခံ ဖွင့်ပွဲအခမ်းအနားတွင် ဟောင်ကောင်အထူးအုပ်ချုပ်ခွင့်ရဒေသ၊ Hong Kong Baptist University မှ ပါမောက္ခ Dr. Johnathan Wong ၊ President ပါမောက္ခ Dr. Albert S.C Chan ၊ Secretary of the Environment, Mr. Kam-Sing Wong၊ မြန်မာနိုင်ငံ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ ဒေါ်သက်သက်ဇင်နှင့် အမေရိကန်ပြည်ထောင်စု Columbia University မှ ပါမောက္ခ Dr. Nickolas J. Themelis တို့က အဖွင့်အမှာစကား ပြောကြားကြသည်။

ညီလာခံတွင် ကျွမ်းကျင်သူပညာရှင်များနှင့် တက္ကသိုလ်များမှ သုတေသနပညာရှင်များက ကမ္ဘာ့နိုင်ငံများ၏ စွန့်ပစ်ပစ္စည်းများ စီမံခန့်ခွဲမှုဆိုင်ရာ ရှုထောင့်များ၊ စွန့်ပစ်ပစ္စည်းများအား မြေဖို့ခြင်းနှင့် အရည်ဖျော်ထုတ်ပြီး ဓာတ်သတ္တုရည်များကို သန့်စင်ခြင်း၊ စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုနှင့် မဟာဗျူဟာများ၊ မိလ္လာအညစ်အကြေး စီမံခန့်ခွဲမှုနှင့် သန့်စင်မှု၊ စွန့်ပစ်အမှိုက်မှ ဇီဝလောင်ကျွမ်းမှုနည်းပညာဖြင့် ပြန်လည်အသုံးပြုနိုင်သည့် ပစ္စည်းများ၊ နေဥစ္စာရရှိအောင် ဆောင်ရွက်မှုများ၊ မြေဆွေးဖြစ်အောင် ပြုလုပ်ခြင်း၊ ဇီဝဗေဒဆိုင်ရာ သန့်စင်မှုနှင့် ဇီဝထုတ်ကုန်များ၊ စွန့်ပစ်ပစ္စည်းအသုံးချမှုနှင့် ပြန်လည်အသုံးပြုမှု၊ ဘေးအန္တရာယ်ရှိသော စွန့်ပစ်ပစ္စည်းနှင့် စက်မှုလုပ်ငန်းဆိုင်ရာ စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှု၊ စွန့်ပစ်ပစ္စည်းစုဆောင်းမှု၊ ခွဲခြားမှု၊ အမျိုးအစားများကို ဖော်ပြခြင်းနှင့် ဇီဝစွမ်းအင်ဆိုင်ရာ စာတမ်း ၁၅၀ ဖတ်ကြားတင်ပြကြသည်။ ညီလာခံဆောင်ပုဒ်အရ စွန့်ပစ်ပစ္စည်းများ စီမံခန့်ခွဲမှုဆိုင်ရာ ပိုစတာပြိုင်ပွဲတွင် ပိုစတာပေါင်း ၁၈၃ ခု ပါဝင် ယှဉ်ပြိုင်ပြသကြသည်။

၂၀၁၅ ခုနှစ် အပြည်ပြည်ဆိုင်ရာ စွန့်ပစ်ပစ္စည်းများ စီမံခန့်ခွဲမှုဆိုင်ရာညီလာခံ ပိတ်ပွဲအခမ်းအနားတွင် ဒုတိယဝန်ကြီးက စွန့်ပစ်ပစ္စည်း စီမံခန့်ခွဲမှုဆိုင်ရာ ပိုစတာပြိုင်ပွဲတွင် အကောင်းဆုံးဆုရရှိသူ သုံးဦးအား ဂုဏ်ပြုမှတ်တမ်းလွှာကို ပေးအပ်သည်။ မေ ၂၃ ရက်တွင် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ညီလာခံတက်ရောက်လာကြသူများနှင့် အတူ ကွင်းဆင်းလေ့လာရေး သွားရောက်ခဲ့ကြောင်းသိရသည်။ **(သတင်းစဉ်)**

သဘာဝပတ်ဝန်းကျင်ဆိုင်ရာများ ဟောပြောဆွေးနွေးမည်

ရန်ကုန် မေ ၃၀

သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် ရန်ကုန်မြို့ ဗြိတိသျှကောင်စီ စာကြည့်တိုက်၌ ဇွန် ၅ ရက် ညနေ ၅ နာရီက သဘာဝပတ်ဝန်းကျင်ဆိုင်ရာ သိမှတ်ဖွယ်ရာများ ခေါင်းစဉ်ဖြင့် ဟောပြောဆွေးနွေးပွဲတစ်ရပ် ကျင်းပသွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံဆိုင်ရာ ဗြိတိသျှကောင်စီ၏ထုတ်ပြန်ချက်အရသိရသည်။

ဟောပြောဆွေးနွေးမည့်သူများမှာ Myanmar Climate Change Watch မှ အမှုဆောင်အရာရှိချုပ် ဒေါက်တာထွန်းလွင်နှင့် Myanmar Environmental Working မှ အကြံပေးအရာရှိ ပါမောက္ခ ဦးခင်မောင်ချိုတို့ဖြစ်ပြီး ဆွေးနွေးပွဲတွင် Climate Knowledge for Climate Action (ဥတုရာသီဆိုင်ရာ ဗဟု သုတ) နှင့် Managing Resources for Sustainable Development (ရေရှည်တည်တံ့မည့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် သယံဇာတများအားစီမံခန့်ခွဲမှု) အကြောင်းအရာများ တင်ပြဆွေးနွေးသွားမည်ဖြစ်ကြောင်း သိရသည်။

ဟောပြောပွဲအပြီးတွင် ဆရာကြီးများနှင့် ဆွေးနွေးနိုင်မည်ဖြစ်ကြောင်း၊ စိတ်ပါဝင်စားသူများအနေဖြင့် ဇွန် ၄ ရက် နောက်ဆုံးထား၍ ဗြိတိသျှကောင်စီ စာကြည့်တိုက် ဖုန်း- ၀၁-၂၅၄၆၅၈၊ ၂၅၆၂၈၀ လိုင်းခွဲအမှတ် ၃၃၁၆နှင့် အီးမေးလ် လိပ်စာ library.enquiries@mm.britishcouncil.org သို့မဟုတ် http://www.surveymonkey.com/s/bc-librarytalk သို့ ဆက်သွယ်၍ စာရင်းပေးနိုင်ကြောင်း သိရသည်။

မြတ်စန္ဒီသင်းဇော်

ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်တရားရုံး အဆောက်အအုံသစ်ဖွင့်ပွဲ အခမ်းအနားကျင်းပ

ရန်ကုန် မေ ၃၀

ရန်ကုန်အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ် (အရှေ့ပိုင်း) မြို့နယ်တရားရုံး အဆောက်အအုံသစ် ဖွင့်ပွဲအခမ်းအနားကို မေ ၂၉ ရက်က အဆိုပါရုံးသစ်အဆောက်အအုံ၌ ကျင်းပသည်။

အခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ် ဦးဝင်းဆွေ၊ ရန်ကုန်တိုင်းဒေသကြီးလုံခြုံရေးနှင့်နယ်စပ်ရေးရာ ဝန်ကြီး ဗိုလ်မှူးကြီး တင်ဝင်း၊ တိုင်းဒေသကြီးလွှတ်တော် တရားသူကြီးများနှင့် ဌာနဆိုင်ရာအရာရှိများ၊ တရားရေးအရာရှိများ တက်ရောက်ကြသည်။

အဆိုပါ အခမ်းအနားတွင် ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့နယ်တရားရုံး အဆောက်အအုံသစ်ဆိုင်းဘုတ်ကို ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်တရားသူကြီးချုပ် ဦးဝင်းဆွေက စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် တရားရုံးအဆောက်အအုံသစ်ကို ဒဂုံမြို့သစ် (အရှေ့ပိုင်း)မြို့နယ် ၁၂၂ ရပ်ကွက် ရာဇာဓိရာဇ်လမ်း၊ မြေကွက်အမှတ်-၈၊ ဧရိယာ ၀ ဒသမ ၇၇၆ ဧက ကျယ်ဝန်းသော မြေပေါ်တွင် အလျား ၁၃၆ ပေ၊ အနံပေ ၅၀၊ အမြင့် ၁၂ ပေရှိ သံမဏိ အုပ်ညှပ်တစ်ထပ်အဆောက်အအုံကို ဆောက်လုပ်ဖွင့်လှစ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

ရန်ကုန်-ပြည်ရထားလမ်းပြုပြင်

လက်ပံတန်း မေ ၃၀

ရထားပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားမြို့ပြအင်ဂျင်နီယာဌာနမှ ရထားစီးခရီးသည်များ သက်တောင့်သက်သာ စီးနင်းနိုင်ရေးအတွက် လက်ပံတန်းမြို့ မြန်မာ့မီးရထားအင်ဂျင်နီယာဌာန(သံလမ်း)မှအငယ်တန်းအင်ဂျင်နီယာ (၂) ဦးအောင်သိန်းဝင်းနှင့်ဝန်ထမ်းများသည် မေ ၂၅ ရက်က မိုင်တိုင်အမှတ်(၇၃/၁၂)တွင်ဇလီဖားတုံးများလဲလှယ်ခြင်း၊ ကျောက်များဖြည့်တင်းခြင်း စသည့်လမ်းပိုင်း ကြံ့ခိုင်မှုများကို ဆောင်ရွက်ကြသည်။

အဆိုပါလုပ်ငန်းများကို ငဖြူလေးဘူတာမှ ကြို့ပင်ကောက်ဘူတာအထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **အောင်ဆင့်**

ငါးရစ်ငါးသန်ရာသီ ငါးများပေါက်ပွားချိန် တရားမဝင်ငါးဖမ်းဆီးသူများအား အရေးယူ

ဖြူး မေ ၃၀

မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန ငါးလုပ်ငန်းဦးစီးဌာန၏ လုပ်ငန်းတာဝန်တစ်ရပ်ဖြစ်သော ငါးသယံဇာတများ ပြုန်းတီးမှုမှ ကာကွယ်ထိန်းသိမ်းစောင့်ရှောက်ရေးနှင့် ငါးရစ်ငါးသန်ရာသီ ငါးပေါက်ပွားချိန်အတွင်း တရားမဝင်ငါးဖမ်းဆီးခြင်းများကို ပဲခူးတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာန လက်အောက်ရှိ တောင်ငူခရိုင် ဖြူးမြို့နယ် ငါးလုပ်ငန်းဦးစီးဌာနမှ ဝန်ထမ်းများနှင့် တာဝန်ရှိသူများ ပူးပေါင်း၍ မေ ၂၈ ရက်မှစတင်၍ ရှောင်တခင် ကွင်းဆင်းစစ်ဆေးကြရာ မက်ကွန်ပစ်၍ တရားမဝင် ငါးများရှာဖွေဖမ်းဆီးနေသူ သုံးဦးတို့အား ဖမ်းဆီးမိသဖြင့် ပဲခူးတိုင်းဒေသကြီး ရေချိုငါးလုပ်ငန်းဥပဒေပုဒ်မ ၅၆ ဖြင့် နက်သံကွင်းရဲစခန်းတွင် အမှုဖွင့် အရေးယူထားသည်။

ထို့ပြင် တာပိုက်အလတ် ၅၀ နှင့် မြုံးခြောက်လုံးအားပိုင်ရှင်မဲ့တွေ့ရှိသဖြင့် သိမ်းဆည်းခဲ့ကြောင်း သိရသည်။

ဖြူး-မြင့်ဦး

သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ကုသရေး နှိုးဆော်ချက်

ယခုအခါမြန်မာနိုင်ငံအတွင်း သွေးလွန်တုပ်ကွေးရောဂါ ကူးစက်ဖြစ်ပွားမှုမှာ နှစ်စဉ် တစ်သောင်းကျော်ခန့်ရှိပြီး ၆၀ခန့် သေဆုံးလျက်ရှိသည်။ သွေးလွန်တုပ်ကွေးရောဂါသည် ရေကြည်၊ ရေသန့်တွင် ပေါက်ပွားသော အေဒီးစ် (ခေါ်) ခြင်ကျား (ခြင်ပုန်း) ကိုက်ခံရခြင်းကြောင့်ကူးစက်ဖြစ်ပွားသောရောဂါဖြစ်ပြီး မြန်မာနိုင်ငံတွင် အသက်သုံးနှစ်မှ ရှစ်နှစ်အရွယ်တွင် ဖြစ်ပွားမှုအများဆုံးဖြစ်ပြီး လူကြီးများတွင်လည်း ဖြစ်ပွားနိုင်သည်။ တောရောမြို့ပါ ဖြစ်ပွားနိုင်သည်။

ရောဂါလက္ခဏာများမှာ ကလေးဖျားပြီး သုံးရက်မှလေးရက်အတွင်း အဖျားကျသွားကာ ခန္ဓာကိုယ်များအေးစက်ပြီးကလေးမှိန်းခြင်း၊ ခန္ဓာကိုယ်အနှံ့ အနီရောင်အစက်များ ဖြစ်ပေါ်ခြင်း၊ ကော်ဖီရောင်(အမည်းရောင်) အန်ခြင်းများ ဖြစ်နိုင်ပြီး စောစီးစွာမကုသပါက အသက်အန္တရာယ်ကျရောက်နိုင်သဖြင့် အချိန်မီ ကာကွယ်ကုသရန် အထူးလိုအပ်ပါသည်။

သို့ဖြစ်ပါ၍ခြင်ပုန်း(ခေါ်) ခြင်ကျားမပေါက်ပွားစေရန်နှင့်မိမိတို့ရင်သွေးငယ်များ ခြင်ကိုက်မခံရစေရန် ကလေးများအား အင်္ကျီလက်ရှည်၊ ဘောင်းဘီရှည်ဝတ်ဆင်ပေးခြင်း၊ ကလေးများအိပ်သည့်အခါတိုင်း နေ့ညမရွေး ခြင်ထောင်ဖြင့်သိပ်ခြင်း၊ လေကောင်းလေသန့်နှင့်အလင်းရောင်ရရှိစေရန် ပြတင်းပေါက်များဖွင့်ထားခြင်း၊ အိမ်တွင်း၊ အိမ်ပြင် ပတ်ဝန်းကျင် သန့်ရှင်းစွာထားခြင်း၊ ပိုးလောက်လမ်းပေါက်ပွားနိုင်သည့် ရေဝပ်နိုင်သော ချိုင့်ခွက်များအား မြေဖို့ခြင်း၊ရေစည်ရေအိုး၊ ရေလှောင်ကန်များအား လုံခြုံစွာ ဖုံးအုပ်ခြင်း၊ ဘုရားစင်၊ နတ်စင်များမှ ပန်းအိုးများ၊ အလှပန်းအိုးများ၊ ရေအိုးများကိုနေ့စဉ် တိုက်ချွတ်၍ ရေလဲလှယ်ခြင်း ၊ မိုးရေတင်နိုင်သော ဘူးခွံ၊ တာယာဟောင်း၊ အိုးခြမ်းပဲ့၊ အိုးမှုတ်ခွက်၊ ပလတ်စတစ်အိတ်တို့အား မီးရှို့ခြင်း၊ မြေမြှုပ်ခြင်းတို့ကို ဆောင်ရွက်ရပါမည်။ ရပ်ကွက်၊ကျေးရွာများအတွင်း သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်ရေး (ဖုံး၊ သွန်၊ လဲ၊ စစ်)လုပ်ငန်းများကို ပြည်သူလူထုမှ စဉ်ဆက်မပြတ် ပူးပေါင်းပါဝင်ဆောင်ရွက်ကြပါရန်နှင့် သွေးလွန်တုပ်ကွေးရောဂါဖြစ် ပွားသည်ဟု သံသယရှိသော ကလေးများကို ဆေးရုံ၊ဆေးခန်းများသို့ အချိန်မီပို့ဆောင်၍ ဆေးကုသမှုခံယူကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

ဟိမဝန္တာတောင်တန်းကြီးအား လှုပ်သွားစေသည့် နီပေါ-ဂေါ်ခါးငလျင်ကြီး

လုလုအောင်
(မြန်မာနိုင်ငံ ငလျင်ကော်မတီ)

ထုထည်ကြီးမား၍ မြင့်မားလှသောကမ္ဘာကျော် ဟိမဝန္တာတောင်တန်းကြီးအား လှုပ်ခါသွားသော ငလျင်မှာ ၂၅-၄-၂၀၁၅ ခုနှစ် ဒေသစံတော်ချိန် ၁၂း၄၁း၂၆ ခန့်တွင် နီပေါနိုင်ငံ ခတ္တမန္ဒူမြို့၏ အနောက်မြောက်ဘက် ၇၇ ကီလိုမီတာအကွာ မြောက်လတ္တီတွဒ် ၂၈ ဒသမ ၁၄၇ ဒီဂရီ၊ အရှေ့လောင်ဂျီတွဒ် ၈၄ ဒသမ ၇၀၈ ဒီဂရီ၊ မြေအောက်အနက် ၁၅ ကီလိုမီတာကို ဗဟိုပြု၍ ငလျင်အင်အား ပမာဏ ၇ ဒသမ ၉ ရှိသော အင်အားပြင်းငလျင်ကြီး ဖြစ်သည်။ ဤသို့ ငလျင်တစ်ခုလှုပ်သွားကြောင်းကို အမေရိကန် ဘူမိဗေဒတိုင်းတာရေးဌာနမှ ထုတ်ပြန်ကြေညာလိုက်သည်။ ငလျင်လှုပ်ရသည့်အကြောင်းအရင်းမှာ အရှေ့ဘက် အနည်းငယ်ယွန်း၍ မြောက်စွန်းစွန်းသို့ရွေ့နေသော အိန္ဒိယကျောက်ထုချပ်သည် မြောက်ဘက်မှ ရွေ့လာသော ယူရေးရှား ကျောက်ထုချပ်အောက်သို့ ထိုးစိုက်ဝင်မှုကြောင့် ဖြစ်သည်။

ဤအနေအထားကြောင့် ဟိမဝန္တာတောင်တန်းကြီးမှာ တဖြည်းဖြည်းမြင့်တက်နေသည်။ ၂၀၁၅ ခုနှစ် ငလျင်လှုပ်သည့် တည်နေရာသည် တစ်နှစ်လျှင် ၄၀-၅၀ မီလီမီတာနှုန်းဖြင့် ရွေ့လျားနေသော အိန္ဒိယကျောက်ထုချပ်က ယူရေးရှားကျောက်ထုချပ်အောက်သို့ ထိုးစိုက်ဝင်သည့်နေရာဟု ဆိုသည်။ ၁၈၃၃ ခုနှစ်၊ ၁၉၈၈ ခုနှစ်၊ ၁၉၃၄ ခုနှစ်ကလှုပ်ခဲ့သော ငလျင်ကြီးများလှုပ်သည့်နေရာသည် ထပ်တူပင်ဖြစ်သည်။ အဆိုပါ ကျောက်ထုချပ်နှစ်ခုတွေ့ဆုံသည့်နေရာကို မြေပြင်တွင်ကြည့်လျှင် အနောက်ဘက်ဆူလေမန်တောင်တန်း၊ အရှေ့ဘက် ရခိုင်ပြည်နယ်ဘက်ရှိ အနောက်ရိုးမတောင်တန်းကြီး၊ အလယ်တွင် အရှေ့အနောက် သွယ်တန်းနေသောအဓိကပြတ်ရွေ့လွှန်ဖြစ်သည်။ နီပေါငလျင်များလှုပ်သည့်နေရာသည် အဆိုပါ ပြတ်ရွေ့လွှန်နှင့် အကျယ်အားဖြင့် ကီလိုမီတာ ၂၀၀ ကျော်ရှိသော အိန္ဒု-ရာလမ်းဇုန်အကြားတွင်ရှိသည်။ ဟိမဝန္တာတောင်တန်းကြီးသည် အမြိုင်နီးပါးရှိသော ပြတ်ရွေ့လွှန်များစွာပါဝင်နေသည်။ ဟိမဝန္တာတောင်တန်းသည် မြန်မာနိုင်ငံသားများအနေဖြင့် သိရှိနေပြီ ဖြစ်သကဲ့သို့ ရေခဲများဖြင့်ဖုံးအုပ်နေတတ်ပြီး အလွန်မြင့်မားသော တောင်စွယ်တောင်ချွန်များစွာရှိသည်။ ကမ္ဘာ့ အမြင့်ဆုံး ၂၉၀၂၉ ပေရှိ ဧဝရက်တောင်သည် ဟိမဝန္တာတောင်တန်းတွင် တည်ရှိသည်။ ဤတောင်တန်းသည် အိန္ဒိယနိုင်ငံမြောက်ဘက်ရှိ ကမ္ဘာ့ငလျင်ကျောကြီးဖြစ်သည့် အယ်လ်ပိုင်း-ဟိမဝန္တာ-အင်ဒိုနီးရှားတွင် အထင်ကရပါဝင်သည်။ ငလျင်



အသေးစား၊ အလတ်စား များလှုပ်ခဲ့သလို အလွန်အင်အားကြီးသည့် ငလျင်ပမာဏ ၇ ထက်ပြင်းသော ငလျင်ကြီးများကိုလည်း လှုပ်စေခဲ့သော ငလျင်ကျောဖြစ်သည်။ ၁၉၀၅ ခုနှစ် ငလျင်ပမာဏ ၇ ဒသမ ၅ ရှိ ကန်ဂရာငလျင်၊ ၁၉၃၄ ခုနှစ် ငလျင်ပမာဏ ၈ ဒသမ ၀ ရှိ နီပေါ-ဘီဟာ ငလျင်၊ ၁၉၅၀ ပြည့်နှစ် ငလျင်ပမာဏ ၈ ဒသမ ၆ ရှိ အာသံငလျင်နှင့် ၂၀၀၅ ခုနှစ် ငလျင်ပမာဏ ၇ ဒသမ ၆ ရှိ ကက်ရှ်မီးယား ငလျင်ကြီးများသည် လူပေါင်းသိန်းကျော် သေဆုံးစေ၍ သန်းပေါင်းများစွာကို အိုးမဲ့အိမ်မဲ့ဖြစ်စေခဲ့သည်။ ဤငလျင်ကြောနှင့် ဆက်နွှယ်မှုရှိသော ဟိမဝန္တာ တောင်တန်း၏ မြောက်ဘက်တွင် တောင်မြောက် အကျယ်ကီလိုမီတာ ၁၀၀၀၊ အရှေ့ အနောက်အရှည် ကီလိုမီတာ ၂၅၀၀၊ အမြင့်ကီလိုမီတာ ၅၀ ရှိသည့် တိဘက်ကုန်းပြင်မြင့် သည်လည်း ငလျင်ဇုန်ဒေသဖြစ်သည်။ ငလျင်ကြီးများစွာလည်း လှုပ်ခဲ့ဖူးသည်။ ၂၀၀၈ ခုနှစ်ငလျင်ပမာဏ ၇ ဒသမ ၉ ရှိ စီချွမ်ငလျင် (တရုတ်နိုင်ငံ) သည်လည်း လူ့ အသက်ပေါင်း သောင်းကျော်ပျက်စီးခဲ့သည့် အင်အားပြင်း ငလျင်ဖြစ်သည်။

ဤငလျင်ကြောင့် ကမ္ဘာ့အမြင့်ဆုံးတောင်ဖြစ်သော ဧဝရက်တောင်ကို လှုပ်ခါလိုက်သည့်အတွက် အမြင့်ပေ ၁၇၇၀၀ ရှိတောင်ခြေစခန်းမှ တောင်တက်သမားများစွာပေါ်သို့ ရေခဲတောင်ပြိုကျစေခဲ့သည်။ သေဆုံးသူတောင်တက်သမား ၁၇ ဦးခန့်ရှိသည်ဟု သတင်းအရသိရသည်။ ဧဝရက်တောင်သည် နီပေါနှင့် တရုတ်နိုင်ငံနယ်စပ်ပေါ်တွင်ရှိသည်။ နီပေါမြို့တော်ခတ္တမန္ဒူ၏ အရှေ့မြောက်ဘက်တွင် တည်ရှိသည့်ငလျင် ဗဟိုသည် ခတ္တမန္ဒူမြို့နှင့် ၇၇ ကီလိုမီတာသာကွာဝေးရုံမက ထိုမြို့သည် ရှေးရေကန်တွင်းပို့ချထားသည့် အနည်များပေါ်တွင် တည်ရှိနေသည်။ ဤမြေနုမျိုးသည် ငလျင်လှုပ်ရာမှ ထုတ်လွှတ်လိုက်သော ငလျင်လှိုင်းများကို မူလထက် ပိုမိုကြီးထွားလာစေရုံမက ငလျင်လှုပ်ချိန်ကို ကြာရှည်စွာလှုပ်စေသည်။ ထိုအခါ တုန်ခါမှုမြင့်မားပြီး ကြာရှည်စွာလှုပ်နေသဖြင့် မြေပြင်ပေါ်ရှိ အဆောက်အအုံများစွာကို မပြိုမချင်းလှုပ်နေသည့်သဘောရှိသည်။ ယခုငလျင်၏ လှုပ်ချိန်မှာ ၆၁ စက္ကန့်ကြာသည်ဟု သိရသည်။ နိုင်ငံတကာသတင်းများ အရနီပေါနိုင်ငံ ခတ္တမန္ဒူမြို့နှင့် အနီးတစ်ဝိုက်ဒေသများ အပါအဝင် အိန္ဒိယနိုင်ငံ၊ တရုတ်နိုင်ငံ၊ ဘင်္ဂလားဒေ့ရှ် နိုင်ငံများသို့ ငလျင်ဒဏ် သက်ရောက်စေခဲ့သည်။ အဆောက်အအုံပြိုကျခြင်း၊ နှင်းတောင်ပြိုကျခြင်း၊ မြေပြိုခြင်း၊ တောင်ပြိုခြင်းများစွာ ဖြစ်ပေါ်ခဲ့သည်။ ၁၉၃၄ ခုနှစ်က ငလျင်ပမာဏ ၈ ဒသမ ၀ ရှိနီပေါ-ဘီဟာ ငလျင်တစ်ကြိမ် လှုပ်ခဲ့ဖူးသည်။ နှစ်ပေါင်း ၈၁ နှစ်အကြာတွင် ယခုကဲ့သို့ ငလျင်ထပ်မံ လှုပ်ခြင်းဖြစ်သည်ဟု သိရသည်။

ငလျင်ကြီးတစ်ခုလှုပ်ပြီးလျှင် ငလျင်ကြီး၏ အင်အား ပမာဏထက်နည်းသော နောက်ဆက်တွဲငလျင်များလှုပ်လေ့ရှိသည်။ နောက်ဆက်တွဲ ငလျင်တစ်ခုကို ၁၂-၅-၂၀၁၅ ခုနှစ်တွင် အင်အားပမာဏ ၇ ဒသမ ၃ နှင့် ထပ်မံလှုပ်ခဲ့သည်။ ထိုနောက်ဆက်တွဲငလျင်သည် ကမ္ဘာတွင် အင်အားအကြီးဆုံး နောက်ဆက်တွဲ ငလျင်ဖြစ်ကြောင်း သိရသည်။ အဆိုပါ နောက်ဆက်တွဲ ငလျင်မှာ ခတ္တမန္ဒူမြို့ အရှေ့ဘက် ၇၆ ကီလိုမီတာ၊ မြေအောက်အနက် ၁၅ ကီလိုမီတာတွင် လှုပ်ခဲ့ခြင်းဖြစ်သည်။

ယခုငလျင်သည် ဧဝရက်တောင်နှင့် အလွန်နီးသဖြင့် တောင်ပြို-မြေပြိုခြင်းများစွာ ဖြစ်ပေါ်လာနိုင်သည်။ ပထမငလျင်ကို လှုပ်စေသော ပြတ်ရွေ့သည် အရှည် ကီလိုမီတာ ၁၂၀ ရှိသည်။ နောက်ဆက်တွဲငလျင်ကို လှုပ်စေသော ပြတ်ရွေ့၏ အရှည်မှာ ၅၅ ကီလိုမီတာရှိသည်။ ယခု ၂၅-၄-၂၀၁၅ ခုနှစ်တွင် လှုပ်ခဲ့သော ပထမငလျင်ကြီးကို ဂေါ်ခါးငလျင်ဟု ခေါ်ဆိုသည်။ အသေးစား နောက်ဆက်တွဲ ငလျင် စုစုပေါင်း ၁၀၀ ကျော် လှုပ်ခဲ့ပြီးဖြစ်သည်။

ကမ္ဘာ့အပေါ်ယံလွှာတွင် ရွေ့မျောနေသော ကျောက်ထုချပ်များ၏ ထိပ်တိုက်တွေ့ဆုံမှုကြောင့် ဟိမဝန္တာတောင်တန်းကဲ့သို့ တောင်များဖြစ်ပေါ်လာရသည်။ ယခု နီပေါ ဂေါ်ခါးငလျင်သည် တောင်ဖြစ်စဉ်၏ အကျိုးတရားပင်ဖြစ်သည်။

ငလျင်ကြီးတစ်ခုလှုပ်ပြီးလျှင် ငလျင်ကြီး၏ အင်အားပမာဏထက်နည်းသော နောက်ဆက်တွဲ ငလျင်များ လှုပ်လေ့ရှိ

HIV အထူးပြုအလုပ်ရုံဆွေးနွေးပွဲ မန္တလေး၌ ကျင်းပ

မန္တလေး မေ ၃၀

HIV/AIDS နှင့် ပတ်သက်သော နောက်ဆုံးပေါ်သတင်းအချက်အလက်များ (ပြည်တွင်း၊ ပြည်ပ)ဝေမျှရန် ရည်ရွယ်ကျင်းပသော HIV အထူးပြု အလုပ်ရုံ ဆွေးနွေးပွဲကိုမေ ၂၈ ရက်မှစတင်၍ မန္တလေးမြို့ မဟာအောင်မြေမြို့နယ်(၇၈)လမ်း၊ (၃၇×၃၈)လမ်းကြားရှိ ဟိုတယ် မန္တလေးစပယ်ဖြူခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ Geraldine Cazorla Advisor (HIV) Prevention, UNAIDS မှ ဒေါ်နန်းသီရိလွင်ကအမှာ စကားပြောကြားပြီး Dr.Sai Lone Tip က ကမ္ဘာနှင့် မြန်မာနိုင်ငံတွင် HIV/AIDS ပျံ့နှံ့နေမှု အခြေအနေများကို ခြုံငုံသုံးသပ်ပြောပြသည်။

ထို့နောက် တာဝန်ရှိသူများက HIV နှင့် လူ့အခွင့်အရေးအကြောင်းကို လည်းကောင်း၊ မူးယစ်ဆေးဝါးသုံးစွဲမှုနှင့် အန္တရာယ်လျှော့ချရေး အယူအဆအကြောင်းကို လည်းကောင်း၊ မူးယစ်ဆေးဝါးသုံးစွဲမှုနှင့် မြန်မာနိုင်ငံတွင် တုံ့ပြန်ဆောင်ရွက်ပုံအကြောင်းကို လည်းကောင်း၊ HIV အကြောင်း သတင်းတင်ပြရာတွင် မီဒီယာ၏အခန်းကဏ္ဍ၊ စောင့်ထိန်းရမည့် ကျင့်ဝတ်စည်းကမ်းများ စသည်ဖြင့် ဆွေးနွေးတင်ပြခဲ့ကြပြီး တက်ရောက်လာသူများ နှင့် အပြန်အလှန် ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

တင်မောင်(မန္တလေး)

ကျောင်းအပ်နှံရေးနေ့ အခမ်းအနား ကျင်းပ

နေပြည်တော် မေ ၃၀

ဒက္ခိဏသီရိမြို့နယ် ရန်အောင်မြင်ကျေးရွာအုပ်စု အလကကျောင်းတွင် မြို့နယ်လုံးကျွတ်ကျောင်းအပ်နှံရေးနေ့အခမ်းအနားကိုမေ ၂၈ ရက်ကကျင်းပရာ မြို့နယ်အတွင်းရှိ ကျောင်းသားကျောင်းသူများကို ဗလာစာအုပ်နှင့် ပုံနှိပ်စာအုပ်များ ပေးအပ်ခဲ့သည်။

အဆိုပါအခမ်းအနားသို့ နေပြည်တော်ကောင်စီဝင်ဦးစောလှနှင့် နေပြည်တော်ကောင်စီဝင် ဦးဖုန်းဇော်ဟန်၊ အခြေခံပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးစိုးဝင်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးညီညီ၊ မြို့နယ်ပညာရေးမှူး ဒေါက်တာရဲညွှန့်၊ မြို့နယ်အတွင်းရှိကျောင်းများမှ ကျောင်းအုပ်ဆရာဆရာမကြီးများ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြု ကော်မတီဝင်များ၊ ရပ်ကွက်/ကျေးရွာအုပ်စု ဖွံ့ဖြိုးတိုး တက်ရေးအထောက်အကူပြုကော်မတီဝင်များ၊ကျောင်းအကျိုးတော်ဆောင်များ၊ NGO များ၊ ကျောင်းသားမိဘများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ခဲ့ကြောင်းသိရသည်။

(အောက်ပုံ) **မင်းမင်းလတ်(မန်းတက္ကသိုလ်)**

ပညာ့မိခင်လှူဒါန်းမှု အခမ်းအနား ကျင်းပ

သာယာဝတီ မေ ၃၀

ပဲခူးတိုင်းဒေသကြီး သာယာဝတီမြို့နယ် တောင်ပန်းဆွဲကျေးရွာအုပ်စု တောင်ကျပ်ချောင်းရွာ၊ သမာဓိခုံဘုန်းတော်ကြီးကျောင်း၌ မေ ၂၇ ရက်က ပဲခူးတိုင်းဒေသကြီး ဘဏ္ဍာရေးဝန်ကြီး ဦးမြင့်လွင်ဦး ဦးဆောင်မှုဖြင့် မြန်မာအမျိုးသမီး စီးပွားရေးစွမ်းဆောင်ရှင်အသင်းမှ သာယာဝတီမြို့နယ် ဆင်းရဲချို့တဲ့သော ကျောင်းသူများကို ပညာ့မိခင်လှူဒါန်းမှု အခမ်းအနားကျင်းပသည်။

အခမ်းအနားတွင် မြန်မာအမျိုးသမီးစီးပွားရေးစွမ်းဆောင်ရှင်အသင်းဒုတိယဥက္ကဋ္ဌ ဒေါ်ခင်လေးက လှူဒါန်းရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး မြန်မာအမျိုးသမီးစီးပွားရေးစွမ်းဆောင်ရှင်အသင်း ပညာရေးကော်မတီ အလုပ်အမှုဆောင် ဒေါ်အေးအေးရွှေက ပညာရေးနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားကာ ဒေသခံပြည်သူ ဒေါ်ခင်အေးမြင့်က ကျေးဇူးတင်စကားပြောကြားခဲ့ကြောင်းသိရသည်။

သန့်ဇော်ဦး(iprd)

စနစ်တကျလယ်ယာမြေ ဖော်ထုတ်ပေးသဖြင့် လယ်ယာမြေတန်ဖိုးများတက်လာ

အရာတော် မေ ၃၀

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် အရာတော်မြို့နယ် မကျီးဇောက်မြစ်ရေတင်စီမံကိန်း(၂) အတွင်း၌ စနစ်တကျလယ်ယာမြေများ ဖော်ထုတ်ပေးလျက်ရှိရာ လယ်ယာမြေတန်ဖိုးများလည်း မြင့်တက်လာနေကြောင်း သိရသည်။

မကျီးဇောက်မြစ်ရေတင်စီမံကိန်း(၂)ဧရိယာအတွင်းရှိ တောင်သူများ၏ လယ်ယာမြေများကို စနစ်တကျစိုက်ပျိုးနိုင်ရန်နှင့် တမန်းညက်ပြီး စပါးအထွက်တိုးစေရန်အတွက် စနစ်တကျလယ်ယာမြေ ဧက ၉၀ ကို မြို့နယ်စိုက်ကြပ်အဖွဲ့များနှင့် ခရိုင်စက်မှုလယ်ယာဦးစီးဌာနများက ထွန်စက်ကြီးများဖြင့် စနစ်တကျဖော်ဆောင်ပေးလျက်ရှိသည်။

စနစ်တကျလယ်ယာမြေများအဖြစ် ဖော်ထုတ်ပေးမှုကြောင့် ယခုနှစ်မိုးရာသီမှစတင်၍ ပထမသီးနှံဖြစ်သော မိုးစပါးကိုဇွန်လတွင် စတင်ပျိုးထောင်ပျိုးကျဲပြီး နောက်နှစ် ဖေဖော်ဝါရီနှင့် မတ်လအထိ တစ်နှစ်သုံးသီး စိုက်ပျိုးနိုင်မည်ဖြစ်ကြောင်းသိရသည်။ ထိုသို့ စနစ်တကျလယ်ယာမြေ ဖော်ထုတ်ပေးပြီးနောက် မဖော်ထုတ်မီအချိန်က မြေတစ်ဧက ကျပ် ၁၅ သိန်း၊ သိန်း ၂၀ ခန့်သာရှိရာမှ ယခုအခါ လယ်ယာမြေတန်ဖိုးများ မြင့်တက်လာနေပြီး အနည်းဆုံးတစ်ဧက သိန်း ၅၀ မှ သိန်း ၇၀ ခန့်အထိ ဆက်လက်မြင့်မားလာနိုင်ကြောင်း မကျီးဇောက်ကျေးရွာမှ တောင်သူအချို့က ခန့်မှန်းနေကြသည်။

(မြို့နယ် ပြန်/ဆက်)

ဖမ်းဆီးထားသော စားသုံးရန်မသင့်ကုန်စည်များကို ဖျက်ဆီး

တာချီလိတ် မေ ၃၀

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့နယ် အကောက်ခွန်ဦးစီးဌာနမှူးရုံး၌ မိုဘိုင်းအဖွဲ့က ဖမ်းဆီးရမိထားသည့် စားသောက်ကုန်ပစ္စည်း တန်ဖိုးငွေကျပ် သုံးသန်းနီးပါးကို မေ ၂၈ ရက်က ဖျက်ဆီးပစ်ခဲ့ကြောင်း သိရသည်။

မိုဘိုင်းအဖွဲ့၏ ဖမ်းဆီးမှုသုံးကြိမ်မှ အများပြည်သူစားသုံးရန်မသင့်တော်၍ ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းထားသော ဘီယာများ၊ ထောက်ခံချက်မပါရှိသော အချိုရည်များ၊ ခွင့်ပြုချက်မပါရှိသော ဆေးဝါးများ၊ လူသုံးကုန်များနှင့် စားသုံးရန်မသင့်သော စားသောက်ကုန်ပစ္စည်းများကို ဖျက်ဆီးခဲ့ခြင်းဖြစ်သည်။

ဖျက်ဆီးခဲ့သော ပစ္စည်းများတွင် Leo ဘီယာများ၊ FDA ခွင့်ပြုချက်မပါသော Lactasoy ပဲနို့အချိုရည်များအပါအဝင် စားသောက်ကုန်ပစ္စည်းများ၊ DRC ခွင့်ပြုချက်မပါရှိသော Bashi Quick Slimming Capsule ဆေးဝါးများ၊ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းမှ ခွင့်ပြုချက်မရရှိထားသော Almix ပိုးသတ်ဆေးနှင့် ပေါင်းသတ်ဆေးများနှင့် စိုက်ပျိုးရေးသုံးဆေးပစ္စည်းများ ပါဝင်ပြီး စုစုပေါင်းတန်ဖိုးငွေကျပ် ၂ ဒသမ ၈၆၅ သန်းရှိကာ ကြီးကြပ်မှုအဖွဲ့ဥက္ကဋ္ဌ မြို့နယ်အကောက်ခွန်ဦးစီးမှူး ဒုတိယညွှန်ကြားရေးမှူး ဦးကျော်ညွန့်အောင်နှင့် ကူးသန်းရောင်းဝယ်ရေးနှင့် စားသုံးသူရေးရာ ဦးစီးအရာရှိ ဦးမောင်မောင်တို့ဦးဆောင်သောအဖွဲ့များက တာချီလိတ်မြို့ အကောက်ခွန်ဦးစီးဌာနမှူးရုံး၌ စနစ်တကျ ကျင်းတူးပြီး ဖျက်ဆီးခဲ့ကြောင်း သိရသည်။

မြင့်မိုရ်(တာချီလိတ်)

မွန်ပြည်နယ်သတင်းစာဆရာအသင်းညီလာခံ ကျင်းပမည်

မော်လမြိုင် မေ ၃၀

မြန်မာနိုင်ငံသတင်းစာဆရာများအသင်း (မွန်ပြည်နယ်)ညီလာခံကို မွန်ပြည်နယ် မော်လမြိုင်မြို့ ပန်းဘဲတန်းရပ်ကွက်ရှိ မော်လမြိုင်မြို့နယ်အထွေထွေအုပ်ချုပ်ရေးရုံး ရွှေမြိုင်ခန်းမ၌ ဇွန် ၂၁ ရက်တွင် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

ညီလာခံကျင်းပနိုင်ရေးအတွက် မွန်ပြည်နယ်ရှိ သတင်းစာဆရာများစုပေါင်းကာ မွန်ပြည်နယ် မော်လမြိုင်မြို့ ရွှေတောင်ရပ်ကွက် ကမ်းနားလမ်း ဘိုးဘွားရိပ်သာစားသောက်ဆိုင်၌ မေ ၂၈ ရက်က ညှိနှိုင်းဆွေးနွေးခဲ့ပြီး အတည်ပြုခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါဆွေးနွေးပွဲသို့ မွန်ပြည်နယ် သတင်းစာဆရာအသင်းဝင် ၃၀ ခန့် တက်ရောက်ခဲ့ပြီး အသင်းဥက္ကဋ္ဌ ဦးသိန်းလှိုင်က သတင်းရေးသားရာတွင် မြန်မာနိုင်ငံသတင်းစာဆရာအသင်းမှ ချမှတ်ထားသော သတင်းစာကျင့်ဝတ်များနှင့်အညီ ရေးသားရန်နှင့် အသင်းဝင်သတင်းစာဆရာများ အနေဖြင့် ကျင့်ဝတ်နှင့်မညီညွတ်ပါက အသင်းဝင်အဖြစ်မှ ထုတ်ပယ်မည်ဖြစ်ကြောင်းစသည့် စည်းကမ်းချက်များကို ရှင်းလင်းပြောကြားခဲ့သည်။

ဆက်လက်၍ မွန်ပြည်နယ်တွင် သတင်းစာဆရာအသင်း အသင်းဝင်အဖြစ်လျှောက်ထားသူ ၇၀ အထိရှိနေကြောင်းနှင့် ၎င်းတို့အား စိစစ်ပြီးမှသာ အသင်းဝင်ကတ်ပြားထုတ်ပေးမည်ဖြစ်ကြောင်း၊ ယခုကဲ့သို့ သတင်းစာဆရာအသင်း(မွန်ပြည်နယ်) ညီလာခံကျင်းပကာ အသင်းဝင်များ စုပေါင်းတွေ့ဆုံခြင်းဖြင့် အသင်းဝင်အချင်းချင်း သတင်းအမြင်များ ဖလှယ်နိုင်ခြင်း၊ တစ်ဦး၏အခက်အခဲကို တစ်ဦးက ကူညီဖေးမနိုင်ခြင်း၊ ဘက်လိုက်မှုကင်းသော ပြည်သူဗဟိုပြု သတင်းများ ရေးသားရာတွင် တစ်ဦးနှင့်တစ်ဦး ထိန်းကျောင်းပေးနိုင်ခြင်း စသည့် အကျိုးကျေးဇူးများ ဖြစ်ပေါ်လာနိုင်မည်ဖြစ်ကြောင်းလည်း ညီလာခံကျင်းပရေးနှင့်ပတ်သက်၍ အသင်းဥက္ကဋ္ဌက ရှင်းလင်းပြောကြားခဲ့သည်။

မြတ်မွန်ထွေး(မြန်မာ့အလင်း)

သတင်းတိုများ

စာကြည့်တိုက်အဆောက်အအုံသစ် စတင်တည်ဆောက်

ရခိုင်ပြည်နယ် ပုဏ္ဏားကျွန်းမြို့နယ် အလယ်ချောင်းကျေးရွာ၌ အလင်းရောင်စာကြည့်တိုက် အဆောက်အအုံသစ်တည်ဆောက်ရန် အုတ်မြစ်စီအခမ်းအနားကို မေ ၂၄ ရက်က ကျင်းပခဲ့ရာ မြို့နယ်အုပ်ချုပ်ရေးမှူးဦးညီညီအောင်၊ မြို့နယ်လဝကဦးစီးမှူးဦးထင်လင်းအောင်နှင့် ကျေးရွာအုပ်ချုပ်ရေးမှူး ဦးဦးထွန်းစောတို့က အုတ်မြစ်စီပေးခဲ့ကာ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် မြို့နယ်ပြန်ဆက်ဦးစီးမှူးဦးလှဘော်သူတို့က ဒေသဖွံ့ဖြိုးရေးနှင့် ကျေးလက်နေပြည်သူများ အသိပညာမြင့်မားရေးအတွက် စာကြည့်တိုက်များ၏ အရေးပါပုံအကြောင်းကို ဆွေးနွေးဟောပြောခဲ့ကြပြီး မြန်မာနိုင်ငံစာကြည့်တိုက်ဖောင်ဒေးရှင်းက မတည်ထောက်ပံ့သည့် ငွေကျပ်၁၀သိန်းနှင့် ဒေသခံပြည်သူများမှလှူဒါန်းငွေ ကျပ် ၁၀ သိန်းတို့ကို စာကြည့်တိုက်ဥက္ကဋ္ဌ ဦးမောင်သန်းလွင်ထံ တာဝန်ရှိသူများက ပေးအပ်ခဲ့သည်။

သူ(ပုဏ္ဏားမြီ)

ကျောင်းအပ်နှံရေးနေ့အခမ်းအနားကျင်းပ

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာခရိုင် လပွတ္တာမြို့နယ် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၌ ၂၀၁၅-၂၀၁၆ ပညာသင်နှစ် ကျောင်းအပ်နှံရေးနေ့ အခမ်းအနားကို မေ ၂၈ ရက်က ကျင်းပခဲ့ရာ မြို့နယ်ပညာရေး ကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌ ဦးတိုးတိုးထွန်းက အမှာစကားပြောကြားပြီး မြို့နယ်ပညာရေးမှူး ဦးအေးကျော်က ကျောင်းအပ်နှံရေးကိစ္စရပ်များကို ရှင်းလင်းပြောကြားသည်။ ထို့နောက် ကျောင်းသား ကျောင်းသူများအတွက် အလှူငွေကျပ် ၆၅၀၀၀၀ ကို ကုမ္ပဏီများနှင့် အလှူရှင်များက လည်းကောင်း၊ အလှူငွေကျပ် ငါးသောင်းကို အထက(၁) ကျောင်းအုပ်ကြီးဦးသောင်းထွန်းနှင့် ဆရာဆရာမများကလည်းကောင်း ပေးအပ်လှူဒါန်းခဲ့သည်။ **(ခရိုင် ပြန်/ဆက်)**

မူးယစ်ဆေးဝါး တိုက်ဖျက်ရေးနေ့ အသိပညာပေးဟောပြောပွဲကျင်းပ

လပွတ္တာ မေ ၃၀

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာခရိုင်၌ အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးအသိပညာပေးဟောပြောပွဲကို ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူး၍ (၃)မိုင်မြို့သစ် လူငယ့်အားမာန်ကျောင်း အစည်းအဝေးခန်းမ၌ မေ ၂၇ ရက်က ကျင်းပခဲ့သည်။

ဟောပြောပွဲတွင် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှူး ဦးတင်မောင်ဦးက အမှာစကားပြောကြားပြီး (၃)မိုင်မြို့သစ် စခန်းမှူး ရဲအုပ်ကျော်မိုးနိုင်က အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့အကြောင်းနှင့် မူးယစ်ဆေးဝါးတိုက်ဖျက်ရေးဆိုင်ရာများကို ဟောပြောခဲ့သည်။

ထို့နောက် မူးယစ်ဆေးဝါးအန္တရာယ် အသိပညာပေးဓာတ်ပုံများနှင့် နံရံကပ်စာစောင်များကို ပြသခဲ့ပြီး ကျောင်းသားကျောင်းသူများက စိတ်ဝင်စားစွာကြည့်ရှုလေ့လာခဲ့ကာ မူးယစ်ဆေးဝါးပညာပေး လက်ကမ်းစာစောင်များကိုလည်း ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

ကျေးရွာချင်းဆက်ကုန်ထုတ်လမ်းမ မြေသားခင်းပြီးစီး

ကလေး မေ ၃၀

ကလေးမြို့နယ် မြစ်သာမြစ်အရှေ့ဘက်ကမ်းရှိ ရှားတော-ရေရှင်-အင်းကျွန်း-ကျောက်ပြုတ်-မန္တာ ကျေးရွာများကိုဖြတ်၍ ဖောက်လုပ်နေသည့် အရှည် ၇ မိုင်၊ အကျယ် ၁၈ ပေရှိ ကျေးရွာချင်းဆက်ကုန်ထုတ်လမ်းမ မြေသားခင်းခြင်းလုပ်ငန်းများ မေ ၂၈ ရက်တွင် ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

အဆိုပါလမ်းဖောက်လုပ်မှုကို ကလေးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၄ -၂၀၁၅ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုငွေလုံးငွေရင်းခွင့်ပြုရန်ပုံငွေမှ ငွေကျပ် ၉၈ သန်းဖြင့် ထက်ရတနာထွန်းကုမ္ပဏီက တာဝန် ယူဖောက်လုပ်ခဲ့ခြင်းဖြစ်သည်။ "အရင်က ဒီလမ်းမကြီးမဖောက်လုပ်ခင် ကျောက်ပြုတ်-မန္တာကျေးရွာချင်းဆက်လမ်းဟာ မိုးရာသီအချိန်မှာ သွားလာရေးအလွန်ခက်ခဲပါတယ်။ မန္တာကျေးရွာက ကျောင်းသားကျောင်းသူတွေအနေနဲ့လည်း ကျောက်ပြုတ်ကျေးရွာ အခြေခံပညာအလယ်တန်းကျောင်းကို ခက်ခဲပင်ပန်းစွာနဲ့ သွားတက်ရတယ်"ဟု ကျောက်ပြုတ်ကျေးရွာမှ ရပ်မိရပ်ဖတစ်ဦးဖြစ်သူ ဦးဖေတင်က ပြောသည်။

အဆိုပါ မြေသားလမ်းသည် စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့ နယ်စပ်အဆုံး မန္တာကျေးရွာမှ မကွေးတိုင်းဒေသကြီး ဂန့်ဂေါမြို့နယ်အတွင်းကျေးရွာများဖြစ်သော အနောက်လယ်ကြီး၊ အရှေ့လယ်ကြီး၊ စမ်းမြို့၊ မြစ်သား၊ ရွာမနှင့် ချောင်းပေါက်ကျေးရွာများသို့ ဆက်သွယ်သွားလာနိုင်မည့် ကုန်ထုတ်လမ်းမကြီးဖြစ်ပြီး အဆိုပါ မြေသားလမ်းမ ဖောက်လုပ်ပေးခြင်းကြောင့် မြစ်သာမြစ်အရှေ့ဘက်ကမ်းရှိ ကျေးရွာများ၏ ကူးသန်းရောင်းဝယ်ရေးနှင့် လမ်းပန်းဆက်သွယ်ရေးတို့တွင် များစွာအဆင်ပြေချောမွေ့စေမည်ဖြစ်ကြောင်း သိရသည်။

ဂျူနိုင်း

တူလွန်ဖလားပြိုင်ပွဲ ဘယ်အသင်းဗိုလ်စွဲမလဲ

ဥရောပ တစ်ခွင်မှာ လိဂ်ပြိုင်ပွဲတွေ ပြီးဆုံးသွားတဲ့ အချိန်မှာ ပြည်တွင်းဖလားပြိုင်ပွဲတွေ ဆက်တိုက်ဆင်နွှဲနေသလို ပြင်သစ်နိုင်ငံမှာ မေ ၂၇ ရက်က စတင်ကျင်းပနေတဲ့ ဥရောပယူ-၂၂ တူလွန်ဖလားပြိုင်ပွဲကလည်း ပရိသတ်တွေရဲ့ စိတ်အာရုံကို ဖမ်းစားဦးမှာဖြစ်ပါတယ်။

(၄၂)ကြိမ်မြောက် တူလွန်ဖလားပြိုင်ပွဲကိုတော့ ပြင်သစ်နိုင်ငံမှာ မေ ၂၇ ရက်မှာ စတင်ဆင်နွှဲနေကြပြီဖြစ်ပါတယ်။ ပြိုင်ဝင်အသင်း ၁၀ သင်းကို အုပ်စု (A)နဲ့ အုပ်စု(B) ဆိုပြီး အုပ်စုနှစ်စုခွဲကာ ယှဉ်ပြိုင်နေတာဖြစ်ပါတယ်။

အုပ်စု(A)မှာ ကော်စတာရီကာ၊ ပြင်သစ်၊ နယ်သာလန်နဲ့ ကာတာတို့အပြင် အမေရိကန်အသင်းလည်း ပါဝင်နေပါတယ်။ အုပ်စု(B) မှာတော့ တရုတ်၊ အင်္ဂလန်၊ အိုင်ဗရီကို့စ်၊ မက္ကစီကိုနဲ့ မော်ရိုကိုအသင်းတွေ ပါဝင်နေပါတယ်။ ဒီပြိုင်ပွဲရဲ့ ထူးခြားချက်ကတော့ ဗိုလ်လုပွဲတက်ရောက်ကစားဖို့ဆိုတာ အုပ်စုပထမရဖို့လိုအပ်ပြီး အဲဒီပထမရတဲ့နှစ်သင်းသာ ဗိုလ်လုပွဲဆင်နွှဲရတာဖြစ်ပါတယ်။ အုပ်စုဒုတိယရတဲ့ အသင်းတွေကတော့ တတိယနေရာကိုသာ လုရမယ့် အနေအထားမို့ ဒီပြိုင်ပွဲက စိတ်လှုပ်ရှားဖို့ကောင်းနေပါတယ်။

မေ ၂၇ ရက်မှာ စတင်ကစားခဲ့တဲ့ အုပ်စု(A)က နယ်သာလန်နဲ့ ကော်စတာရီကာတို့ ယှဉ်ပြိုင်တဲ့ပွဲမှာ နယ်သာလန်က သုံးဂိုး-နှစ်ဂိုးနဲ့ နိုင်ပွဲရခဲ့သလို အမေရိကန်နဲ့ ပြင်သစ်တို့ပွဲမှာ ပြင်သစ်က သုံးဂိုး-တစ်ဂိုးနဲ့ နိုင်ပွဲရရှိခဲ့ပါတယ်။ ဒါကြောင့် အုပ်စု(A)မှာ နယ်သာလန်နဲ့ ပြင်သစ်တို့ ဈေးဦးပေါက်သုံးမှတ်စီ ရရှိသွားခဲ့ပြီဖြစ်ပါတယ်။

မေ ၃၁ ရက် ညပိုင်းမှာတော့ ဥရောပယူ-၂၂ တူလွန်ဖလား ပြိုင်ပွဲရဲ့ အုပ်စု(A)က ကော်စတာရီကာနဲ့ အမေရိကန်၊ နယ်သာလန်နဲ့ ကာတာအသင်းတွေ ဆက်လက်ယှဉ်ပြိုင်ကစားကြပါလိမ့်မယ်။ ကော်စတာရီကာနဲ့ အမေရိကန်တို့ပွဲကတော့ နှစ်သင်းစလုံးပွဲဦးထွက်ရှုံးပွဲကြုံထားကြတာမို့ အခုပွဲကတော့ နှစ်သင်းစလုံး အမှတ်ပြည့်ရယူရေး ကြိုးစားမယ့်ပွဲပါပဲ။

ကော်စတာရီကာ လူငယ်ကစားသမားတွေက တိုက်စစ်အားသန်ပြီး ဂိုးရအောင်သွင်းယူနိုင်တဲ့ စွမ်းရည်ရှိပါတယ်။ အသင်းလိုက် ကစားအားကောင်းသလို အသင်းလိုက် အဆင်းအတက်လည်း နားလည်မှုရှိရှိနဲ့ ပုံဖော်ကစားနိုင်တာမို့ အမေရိကန်တို့ သရေတစ်မှတ်ရအောင် ခြေကုန်ထုတ်ရမယ့်ကိန်း ဆိုက်သွားနိုင်ပါတယ်။

နယ်သာလန်နဲ့ ကာတာတို့ ပြိုင်ပွဲကတော့ နယ်သာလန်တို့အပေါ်စီးက ကစားမှာဖြစ်ပြီး အုပ်စုပထမရဖို့အတွက် ဒီပွဲကို အနိုင်ကစားမှာ သေချာပါတယ်။ ကာတာတို့က မာမာတင်းတင်းကစားနိုင်ပေမယ့် နယ်သာလန်လူငယ်တွေရဲ့ လျင်မြန်တဲ့ တွဲလုံးတွေကို ဟန့်တားထိန်းချုပ်နိုင်ဖို့ ခက်ခဲပါလိမ့်မယ်။

အုပ်စု(A)မှာတော့ လက်ရှိအိမ်ရှင်ပြင်သစ်တို့က အုပ်စုပထမနဲ့ ဗိုလ်လုပွဲတက်ဖို့ ရေပန်းစားနေပြီး အုပ်စု(B)မှာတော့ အင်္ဂလန်တို့ ဗိုလ်လုပွဲတက်ဖို့ရေပန်းစားနေပါတယ်။ တူလွန်ဖလားပွဲသမိုင်းမှာ ပြင်သစ်တို့က ၁၁ ကြိမ် ဗိုလ်စွဲထားခဲ့ပြီး အောင်မြင်မှုအရှိဆုံးအသင်းအဖြစ် ထိပ်ဆုံးမှာ ရပ်တည်နေပါတယ်။

ပြီးခဲ့တဲ့နှစ် တူလွန်ဖလားပြိုင်ပွဲမှာ ဘရာဇီးတို့က ပြင်သစ်ကို ငါးဂိုး-နှစ်ဂိုးနဲ့ နိုင်ပွဲရပြီး ဗိုလ်စွဲခဲ့ပေမယ့် အခုပြိုင်ပွဲမှာ ဘယ်အသင်း ဗိုလ်စွဲမယ်ဆိုတာတော့ ဇွန် ၇ ရက် ဗိုလ်လုပွဲမှာ စောင့်ကြည့်ရမှာဖြစ်ပါတယ်။ ။

➤ ➤ **မိုးမြင့်လင်းလက်**

ရီးရဲမက်ဒရစ်နည်းပြဖြစ်လာတော့မယ့် ဘင်နီတက်ဇ်

အီတလီစီးရီးအေ နောက်ဆုံးပြိုင်ပွဲအပြီး နာပိုလီမှထွက်ခွာမှာဖြစ်ကြောင်း ရာဖေးလ်ဘင်နီတက်ဇ်က အတည်ပြုပြောကြားလိုက်ပါတယ်။ အသက် ၅၅ နှစ်အရွယ်ရှိ စပိန်နိုင်ငံသား ဘင်နီတက်ဇ်ဟာ အန်ဆယ်လော့တီနေရာမှာ ဆက်ခံဖို့ ရေပန်းစားနေတဲ့သူတစ်ဦးဖြစ်ပါတယ်။ နာပိုလီမှာ နှစ်နှစ်ကြာနေခဲ့ပြီးတဲ့နောက် မကြာမီမှာ ထွက်ခွာတော့မှာဖြစ်ပါတယ်လို့ ဘင်နီတက်ဇ်က ဆိုပါတယ်။ တနင်္ဂနွေနေ့ပွဲဟာ ကျွန်တော့်အတွက် အလွန်အရေးကြီးတဲ့ပွဲပါ။ နှစ်နှစ်တာအတွင်းမှာ အောင်မြင်မှုတွေနဲ့ အဆုံးသတ်သွားချင်ပါတယ်လို့ သူက ဆိုပါတယ်။ စတုတ္ထနေရာရောက် နာပိုလီအသင်းဟာ တတိယနေရာမှ လာဇီယိုအသင်းနဲ့ စီးရီးအေနောက်ဆုံးပွဲအဖြစ် ကစားရမှာဖြစ်ပါတယ်။ ဒီပွဲမှာ အနိုင်ရမယ်ဆိုရင် နာပိုလီတို့ ချန်ပီယံလိဂ်ဝင်ခွင့်နေရာ ရမှာဖြစ်ပါတယ်။ နာပိုလီအသင်းဟာ ပြိုင်ဘက် လာဇီယိုနဲ့ သုံးမှတ်ကွာနေတာဖြစ်ပါတယ်။ နိုင်ပွဲတစ်ပွဲလိုအပ်နေပါတယ်။ ဒီပွဲမှာ အနိုင်ရခဲ့မယ်ဆိုရင် ချန်ပီယံလိဂ်ဝင်ခွင့်နေရာ ရမှာဖြစ်ပါတယ်။ နည်းပြ ဘင်နီတက်ဇ်အနေနဲ့ သူ့ရဲ့ နာပိုလီအသင်းကို နိုင်ပွဲရအောင် ကြိုးစားပေးပြီး နှုတ်ဆက်ထွက်ခွာသွားတော့မှာ ဖြစ်ပါတယ်။

ဖီဖာဥက္ကဋ္ဌ ဘယ်သူဖြစ်လာမလဲ

ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်(ဖီဖာ)ဥက္ကဋ္ဌ ရာထူးရွေးပွဲကို ဆွစ်ဇာလန်နိုင်ငံ ဇူးရစ်မြို့မှာ ကျင်းပဖို့စီစဉ်နေပြီဖြစ်ပါတယ်။ လက်ရှိဥက္ကဋ္ဌ ဆပ်ဘလတ္တာကတော့ ပဉ္စမသက်တမ်းအရွေးခံရဖို့ ရေပန်းစားနေတယ်လို့ ဆိုပါတယ်။ ဖီဖာဥက္ကဋ္ဌရွေးပွဲမှာ လက်ရှိဥက္ကဋ္ဌ ဆပ်ဘလတ္တာနဲ့ ဂျော်ဒန်အိမ်ရှေ့မင်းသား အလီဘင်အယ်လ်ဟူစိန်တို့ နှစ်ဦးပဲ ယှဉ်ပြိုင်ရွေးခံကြမှာဖြစ်ပါတယ်။ ဖီဖာအဖွဲ့ဝင်နိုင်ငံပေါင်း ၂၀၉ နိုင်ငံက ဆန္ဒမဲပေးရွေးချယ်မှာဖြစ်ပါတယ်။ ၁၉၉၈ ခုနှစ်ကတည်းက ဖီဖာဥက္ကဋ္ဌဖြစ်လာတဲ့ ဆပ်ဘလတ္တာကို အသက် ၃၉ နှစ်အရွယ်သာရှိသေးတဲ့ ဂျော်ဒန်အိမ်ရှေ့မင်းသားက အနီးကပ်စိန်ခေါ်လိုက်တာဖြစ်ပါတယ်။

ဘလတ္တာကတော့ ဖီဖာဥက္ကဋ္ဌဖြစ်ဖို့ဆိုတာ အတော်လေးခက်ခဲသွားပြီလို့ ဝန်ခံပြောကြားလိုက်ပါတယ်။ မဲပေးပွဲမစတင်မီ ဖီဖာဥက္ကဋ္ဌလောင်းနှစ်ဦးက ဖီဖာအဖွဲ့ဝင်များကို ၁၅ မိနစ်စီ စကားပြောဆိုခွင့်ရရှိကြမှာ ဖြစ်ပါတယ်။ ဖီဖာအဖွဲ့ဝင် ၂၀၉ နိုင်ငံမှ အသင်းတိုင်းက တစ်မဲစီသာ ပေးခွင့်ရှိမှာဖြစ်ပါတယ်။ လျှို့ဝှက်မဲပေးစနစ်နဲ့ ပေးရမှာဖြစ်ပါတယ်။ မဲအရေအတွက် သုံးပုံနှစ်ပုံရမယ်ဆိုရင် အနိုင်ရသူကို ကြေညာမှာဖြစ်ပါတယ်။

အလိုမရှိရင် ထွက်ဖို့အသင့်ပဲလို့ဆိုတဲ့ ရှိုင်းဟော့ဆင်

အင်္ဂလန်နည်းပြ ရှိုင်းဟော့ဆင်က သူ့ကို အလိုမရှိဘူးလိုဆိုရင် ယူရို ၂၀၁၆ အပြီးမှာ အသင်းကနေ ထွက်ပေးသွားဖို့ အသင့်ပဲလို့ ပြောဆိုလိုက်ပါတယ်။ အသက် ၆၇ နှစ်အရွယ်ရှိပြီဖြစ်တဲ့ ရှိုင်းဟော့ဆင်အနေနဲ့ ၂၀၁၂ ခုနှစ် မေလက လေးနှစ်စာချုပ်ထားတာဖြစ်ပါတယ်။ ၂၀၁၄ ခုနှစ် ကမ္ဘာ့ဖလားမှာ တစ်ပွဲမှ အနိုင်မရခဲ့ပေမယ့် သူ့ရဲ့နည်းပြအလုပ်ကတော့ မြဲနေဆဲဖြစ်ပါတယ်။ သို့ပေမယ့် အင်္ဂလန်အသင်းဟာ ကမ္ဘာ့ဖလားအပြီးမှာ ရှစ်ပွဲဆက် ရှုံးပွဲမရှိ ရပ်တည်နေတဲ့အသင်းဖြစ်ပြီး ယူရို ၂၀၁၆ ခြေစစ်ပွဲမှာ ရာနှုန်းပြည့် အောင်မြင်မှုရရှိထားတဲ့ အသင်းဖြစ်ပါတယ်။ အင်္ဂလန်နည်းပြအဖြစ် ကိုင်တွယ်ခဲ့တဲ့ အဲရစ်ဆင်နဲ့ ကာပယ်လိုတို့ဟာ လက်ရှိနည်းပြ ရှိုင်းဟော့ဆင်လောက် အောင်မြင်မှုမရခဲ့ဘူးလို့ ဆိုပါတယ်။ သို့ပေမယ့် အင်္ဂလန်အသင်းတာဝန်ရှိသူတွေက ရှိုင်းဟော့ဆင်ကို အလိုမရှိတဲ့ အနေအထားနဲ့ ဝေဖန်ပြောဆိုမှုတွေရှိနေတယ်လို့ ဆိုပါတယ်။ သို့ပေမယ့် အက်ဖ်အေအသင်းဥက္ကဋ္ဌ ဂရက်ဒိုင်ကေးကတော့ လာမယ့်နှစ်အတွင်းမှာ ရှိုင်းဟော့ဆင်နဲ့ ထပ်မံစာချုပ်ဖို့ ဆွေးနွေးသွားမယ်လို့ ဆိုပါတယ်။ အင်္ဂလန်အသင်းဟာ ၂၀၁၄ ကမ္ဘာ့ဖလားမှာ အောင်မြင်မှုမရခဲ့ပေမယ့် ၂၀၁၆ ယူရိုခြေစစ်ပွဲနဲ့ ခြေစမ်းပွဲတွေမှာတော့ အောင်မြင်မှုတွေ ဆက်တိုက်ရရှိနေတဲ့ အသင်းဖြစ်ပါတယ်။

ကောင်းမြတ်သူ - စုစည်းသည်။

အမျိုးသားပို့ကုန်မဟာဗျူဟာ(NES)နှင့် ကယားပြည်နယ်ခရီးသွားလုပ်ငန်း

မောင်မောင်အေး (လွိုင်ကော်)

ကျွန်တော်တို့လူသားများအနေဖြင့် တစ်ဦးချင်းပဲနေနေ၊ မိသားစုအဖြစ်ပဲနေနေ နေ့စဉ်စားဝတ်နေရေးအတွက် နေ့စဉ်လစဉ် ဝင်ငွေမှန်မှန်ရှိရန် အရေးကြီးပါသည်။ ယင်းသို့ ဝင်ငွေမှန်မှန်ရရှိရန်အတွက် အချို့က ခန္ဓာကိုယ်ကာယခွန်အားအသုံးပြုပြီး ငွေရှာသကဲ့သို့ အချို့က ဉာဏစွမ်းအားဖြင့် ရှာကြသည်။ မည်သို့ပင်ဆိုစေ လူတိုင်း မိသားစုတိုင်း သိရမည့်အချက်က မိမိတို့မှာ အစွမ်းထက်ဆုံးစွမ်းပကားက ဘာလဲဆိုတာ ကောင်းကောင်းသိရှိရန် ဖြစ်ပါသည်။

နိုင်ငံတစ်နိုင်ငံတွင်လည်း ထို့အတူပင်။ နိုင်ငံ့စီးပွားရေး အဓိကတည်မှီနိုင်ရန် မိမိနိုင်ငံမှာ သယံဇာတတွေပေါကြွယ်ဝသလား၊ လူ့စွမ်းအားအရင်းအမြစ်တွေပေါကြွယ်ဝသလား၊ နိုင်ငံတည်နေရာက အချက်အချာကျသလားဆိုတာ သိရမည်။ ပြီးလျှင် ပြည်တွင်းမှာ ထုတ်လုပ်ပြီး ပြည်ပဈေးကွက်တွင် ထိုးဖောက်နိုင်သည့် ပြည်ပပို့ကုန်များ တွင်ကျယ်စွာ ထုတ်လုပ်နိုင်ရမည်။ ယနေ့တိုးတက်အောင်မြင်ပြီးသော ကမ္ဘာ့နိုင်ငံအများစုသည် ဤသဘောတရားကို ကြိုတင်နားလည် ကျင့်သုံးနိုင်ခဲ့ကြသဖြင့် ယနေ့အောင်မြင်နေခြင်းဖြစ်ပါသည်။ ယင်းကို ပို့ကုန်ဦးဆောင်သည့် ဖွံ့ဖြိုးတိုးတက်မှုပုံစံ (Export Led Growth Model- ELG) ဟု စီးပွားရေးပညာရှင်များက ခေါ်ဆိုပါသည်။ ကျွန်တော်တို့နိုင်ငံသည်လည်း တိုင်းပြည်တည်ဆောက်ရေးတွင် မရှိမဖြစ်လိုအပ်သည့် နိုင်ငံခြားငွေများတိုးတက်ရရှိရန် ELG ပုံစံကို သွားနေပါသည်။

ယင်းအတွက် နိုင်ငံတော်က အမျိုးသားပို့ကုန်မဟာဗျူဟာ (National Export Strategy-NES) ကို ချမှတ်အကောင်အထည်ဖော်လျက်ရှိရာ ဂျာမနီနိုင်ငံ GIZ အဖွဲ့၏ အထောက်အပံ့ဖြင့် အပြည်ပြည်ဆိုင်ရာကုန်သွယ်မှုဗဟိုဌာန (International Trade Centre-ITC) က နည်းပညာများ ပံ့ပိုးကူညီသွားမည်ဖြစ်ပါသည်။

အမျိုးသားပို့ကုန်မဟာဗျူဟာ NES ၏ အဓိကမျှော်မှန်းချက်မှာ ထွန်းသစ်စမြန်မာနိုင်ငံအတွက် ပို့ကုန်ဦးဆောင်သည့် စဉ်ဆက်မပြတ်တိုးတက်မှုနှင့် ကြွယ်ဝမှုဆီသို့ (Sustainable export led growth and wealth for emerging Myanmar) ဟု ဖြစ်ပါသည်။

အစိုးရဌာနဆိုင်ရာများ၊ ပုဂ္ဂလိကနှင့် အရပ်ဘက်အဖွဲ့အစည်းများ၊ ITC မှ ကျွမ်းကျင်ပညာရှင်များ ပါဝင်သည့် တွေ့ဆုံဆွေးနွေးပွဲများမှ သဘောတူရွေးချယ်ထားသော ဦးစားပေးအကောင်အထည်ဖော်မည့် ပို့ကုန် ကုန်စည်ငါးမျိုးမှာ ဆန်၊ ပဲမျိုးစုံနှင့် ဆီထွက်သီးနှံ၊ ရေထွက်ကုန်ပစ္စည်း၊ အထည်လိပ်နှင့် ချုပ်ပြီးအထည်၊ သစ်နှင့်သစ်တောထွက်ပစ္စည်းများဖြစ်ပြီး အလားအလာကောင်းသော ပို့ကုန်အဖြစ် ရော်ဘာကို ရွေးချယ်ထားပါသည်။

နိုင်ငံခြားဝင်ငွေရမည့် ပို့ကုန်ဟုဆိုရာတွင် အမှတ်မထင်စဉ်းစားပါက မီးခိုးတလူလူနှင့် စက်ရုံ အလုပ်ရုံကြီးများ၊ ကောက်ပဲသီးနှံစိုက်ခင်းများ၊ ကုန်ချောများကို ထပ်ပိုးသယ်ယူပြီး ကမ်းနားက ပင်လယ်ကူးသင်္ဘောကြီးများအပေါ် ကရိန်းကြီးများနှင့် ချိန်တွယ်သယ်ယူတင်ပို့ခြင်းများကိုသာ မျက်စေ့ထဲမှာ အားတက်ဖွယ်ရာ မြင်ယောင်ကြပေလိမ့်မည်။ သို့သော် NES သည် မီးခိုးမထွက်သော စက်ရုံဖြစ်သည့် ကမ္ဘာလှည့်ခရီးသွားလုပ်ငန်း (Tourism)ကို ဝန်ဆောင်မှုပို့ကုန်အဖြစ် ဦးတည်ချက်ထား၍ ရွေးချယ်ခဲ့ပေသည်။ ယင်းမှဆက်လက်၍ နိုင်ငံအတွင်းမှ မည်သည့်ဒေသကို ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရန် ဆောင်ရွက်ကြမည်နည်းဟု ရွေးချယ်ကြရာ ကယားပြည်နယ်ကို တစ်ပြိုင်တည်း ရွေးချယ်ခဲ့ကြပါသည်။

ကယားပြည်နယ်သည် စတုရန်းမိုင် ၄၅၂၉ ဒသမ ၅၆၃ မျှသာကျယ်ဝန်းသဖြင့် ပြည်နယ်ထဲတွင် အသေးဆုံးဖြစ်ပြီး လူဦးရေမှာလည်း ၂ ဒသမ ၈ သိန်းကျော်သာရှိ၍ တစ်စတုရန်းမိုင်လျှင် ၆၃ ဦးသာရှိကာ လူဦးရေကျဲပါးသေးသည့် ပြည်နယ်ငယ်တစ်ခုဖြစ်ပါသည်။ ယခင်က သီးသန့်ကန့်သတ်နယ်မြေတစ်ခုဖြစ်သော်လည်း ၂၀၁၂ ခုနှစ် မတ်လက ငြိမ်းချမ်းရေးကိစ္စများ အောင်မြင်စွာဆွေးနွေးညှိနှိုင်းခဲ့ကြသဖြင့် ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ပြည်နယ်အစိုးရသာမက ငြိမ်းချမ်းရေးအဖွဲ့အစည်းများကပါ အတူလက်တွဲပူးပေါင်းဆောင်ရွက်လျက် ရှိနေပြီဖြစ်ပါသည်။

ယခင်က အကြောင်းကြောင်းကြောင့် နိုင်ငံခြားခရီးသွားဧည့်သည်များ ဝင်ရောက်လည်ပတ် ကြည့်ရှုလေ့လာခွင့်မရသော ကယားပြည်နယ်ကို ဒေသအသစ်အဆန်းတစ်ခုအဖြစ် နိုင်ငံခြားသားများ စိတ်ဝင်စားမှုရှိသည်မှာ သိပ်မဆန်းလှပါ။ ပြည်တွင်းခရီးသည်များပင်လျှင် ကယားပြည်နယ်အတွင်းသို့ ထဲထဲဝင်ဝင် မရောက်ဖူးကြပါ။

သို့သော်လည်း ယခုအခါတွင် NES ၏ကျေးဇူးကြောင့် ကယားပြည်နယ် ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံချက်ကို အပြည်ပြည်ဆိုင်ရာကုန်သွယ်မှုဗဟိုဌာန ITC က ၂၀၁၄ခုနှစ် ဇူလိုင်လမှ ၂၀၁၇ခုနှစ် ဇွန်လအထိ သုံးနှစ်စီမံကိန်းအဖြစ် ထောက်ပံ့ကူညီပြီး အမေရိကန်ဒေါ်လာ ၁ ဒသမ ၉ သန်းဖြင့် ဆောင်ရွက်လျက်ရှိပါသည်။

ယင်းသို့ အကောင်ထည်ဖော်ဆောင်ရွက်ရာတွင် လုပ်ငန်းဆောင်ရွက်ချက်အား ကြီးကြပ်ကွပ်ကဲနိုင်ရန်အတွက် ကယားပြည်နယ်အခြေပြု အားလုံးပါဝင်သော ခရီးသွားလုပ်ငန်းစီမံချက် ကြီးကြပ်မှုကော်မတီ (Project Steering Committee-PSC)ကို စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်က နာယကအဖြစ်ဆောင်ရွက်ပြီး ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်စိုးက ဥက္ကဋ္ဌအဖြစ် တာဝန်ယူကာ ဖွဲ့စည်းထားပြီးဖြစ်ပါသည်။

နယ်သာလန်နိုင်ငံအစိုးရ၏ ဖွံ့ဖြိုးဆဲနိုင်ငံများမှ သွင်းကုန်မြှင့်တင်ရေးဗဟိုဌာန (Centre for promotion of imports from developing countries)နှင့် ITC တို့မှ ခရီးသွားလုပ်ငန်းပညာရှင်များက ကယားပြည်နယ်အတွင်း လာရောက်ပြီး ကယားပြည်နယ်အစိုးရ တာဝန်ရှိသူများနှင့် တွေ့ဆုံခြင်း၊ ကယားပြည်နယ် စီးပွား/ကူးသန်းနှင့် ဟိုတယ်ခရီးဌာနများမှ သက်ဆိုင်ရာတာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေးခြင်း၊ ခရီးသွားလုပ်ငန်းနှင့်ဆက်စပ်သည့် စီးပွားရေးဆိုင်ရာ လူမှုအဖွဲ့အစည်းများနှင့် တွေ့ဆုံခြင်း၊ ကမ္ဘာလှည့်ခရီးသွားတို့စိတ်ဝင်စားမည့် တောတောင်သဘာဝရှုခင်းများ၊ တိုင်းရင်းသားလူမျိုးစုများနေထိုင်ရာ ကျေးလက်ရွာများစသည်တို့သို့လှည့်လည်ပြီး အချက်အလက်စုဆောင်းခြင်း၊ မေးမြန်းလေ့လာခြင်း၊ စစ်တမ်းကောက်ခြင်း၊ အကြံဉာဏ်များရယူခြင်းများကို ပြုလုပ်ခဲ့ပြီးဖြစ်သည်။ ယခုအခါ ၂၀၁၅ခုနှစ်တွင် လအလိုက် စီမံချက်ထွက်ရှိလာပြီဖြစ်ရာ စီမံချက်အတိုင်း အလုပ်ရုံဆွေးနွေးပွဲများပြုလုပ်ခြင်း၊ အလုပ်ခွင်သင်တန်းများ ပေးခြင်းတို့ ဆောင်ရွက်လျက်ရှိသည်ကို တွေ့ရပါသည်။ ITC ၏ ခရီးသွားလုပ်ငန်းစီမံချက် ရုံးခန်းတစ်ခုကိုလည်း လွိုင်ကော်မြို့ ရှမ်းစုရပ်ကွက် နဝရတ်လမ်း၌ ဖွင့်လှစ်၍ လုပ်ငန်းများဆောင်ရွက်လျက်ရှိပါသည်။

၂၀၁၅ခုနှစ် မေ ၁၅ မှ ၁၇ ရက်အထိလည်း ITC မှ ခရီးသွားလုပ်ငန်းပညာရှင် Dr. Frederic Thomas ခေါင်းဆောင်ပြီး ခရီးသွားလုပ်ငန်းနှင့် ဆက်စပ်သည့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များပါဝင်သောအဖွဲ့သည် ရှမ်းပြည်တောင်ပိုင်း အင်းလေးဒေသသို့ လုပ်ငန်းခွင်ရက်တိုသင်တန်းအဖြစ် သွားရောက်ကွင်းဆင်းလေ့လာခဲ့ကြသည်။

ထို့နောက် မေ ၂၂ ရက်တွင် ခရီးစဉ်၏ အတွေ့အကြုံနှင့် အကျိုးကျေးဇူးများကို ကယားပြည်နယ်အစိုးရအဖွဲ့က ကြီးမှူးဖွဲ့စည်းပေးထားသော ခရီးသွားလုပ်ငန်းစီမံချက်ပြည်နယ်ကြီးကြပ်မှုကော်မတီသို့ ITC အဖွဲ့နှင့်အတူ အဖွဲ့ဝင်အားလုံးကတက်ရောက်ပြီး ရှင်းလင်းတင်ပြခဲ့ပါသည်။ သုံးရက်ကြာခဲ့သည့် အဆိုပါလုပ်ငန်းခွင်ရက်တိုသင်တန်းတွင် ကွင်းဆင်းလေ့လာချက်များအရ ဟိုတယ်လုပ်ငန်းများ၏ ကျယ်ပြန့်နက်နဲမှု၊ စားသောက်ဆိုင်လုပ်ငန်း၏ ဝင်ငွေပိုမိုရရှိနိုင်သော cooking lessons နှင့် ကျန်းမာရေးအမြင်သစ်များ၊ အော်ဂဲနစ်အစားအစာများ၏ နေရာရယူလာမှုနှင့် အရေးပါမှု၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် ပလတ်စတစ်အမှိုက်များ၏ ခြိမ်းခြောက်လာမှု၊ အမှတ်တရပစ္စည်းများ လက်တွေ့ထုတ်လုပ်ခြင်း၊ တီထွင်ဖန်တီးသည့် ခရီးသွားလုပ်ငန်း၊ ဒေသခံတိုင်းရင်းသားများနှင့် ခရီးသွားလုပ်ငန်း ချိတ်ဆက်မှု၊ ကမ္ဘာလှည့်ခရီးသွားများ၏ ဆန္ဒနှင့် မျှော်လင့်ချက်များ၊ ရေရှည်တည်တံ့သည့် ခရီးသွားလုပ်ငန်း ဖြစ်မြောက်ရေးတို့ကို လေ့လာသိမြင်ခွင့် ရရှိခဲ့ပါသည်။

ITC မှ ခရီးသွားလုပ်ငန်း ကျွမ်းကျင်ပညာရှင်အချို့ကလည်း နိုင်ငံတကာခရီးသွားမြေပုံပေါ်တွင် ကယားပြည်နယ်ကို နေရာတစ်နေရာရရှိရေးအတွက် ကြော်ငြာသည့် အပိုင်းကို တစ်ပြိုင်နက်တည်း ဆောင်ရွက်လျက်ရှိနေပါသည်။ အားလုံးပူးပေါင်းပါဝင်လှုပ်ရှားပြီး အကျိုးကျေးဇူးများခံစားရမည့် စီမံချက်(All inclusive project) တစ်ခုဖြစ်သဖြင့် ပြည်နယ်သူပြည်နယ်သားများလည်း လုပ်ငန်းအလိုက်ဝင်ငွေတိုးပြီး အကျိုးခံစားခွင့်များရရှိတော့မည်မှာ ဧကန်ဖြစ်ပါသည်။

ဝင်ငွေတိုးလာလျှင် ဆင်းရဲနွမ်းပါးမှုများ လျော့နည်းကျဆင်းလာပြီး ပုဂ္ဂလိကကဏ္ဍလည်း ပြောင်းလဲတိုးတက်လာမှာ ဖြစ်ပါသည်။ သို့သော် မိမိတို့ဘက်မှလည်း ကမ္ဘာလှည့်ခရီးသည်များ နေထိုင်တည်းခို စားသောက်သွားလာမှုအဆင်ပြေနိုင်စေရန် အဆင့်မီဟိုတယ်များ အသစ်တည်ထောင်ဖွင့်လှစ်ခြင်း၊ အခန်းအရေအတွက်တိုးချဲ့ခြင်း၊ စနစ်တကျ ဧည့်ခံချက်ပြုတ်ကျွေးမွေးနိုင်မည့် ခေတ်မီစားသောက်ဆိုင်များ တိုးချဲ့ဖွင့်လှစ်ခြင်း၊ ယာဉ်အသင်းအဖွဲ့များက ခေတ်မီယာဉ်များတိုးချဲ့ခြင်း၊ ဒေသထွက်ရိုးရာယဉ်ကျေးမှုများ ထုတ်ဖော်ပြသခြင်း စသည့် ဝန်ဆောင်မှုကောင်းများပြသနိုင်စေရန် လေ့လာမှုများကိုလည်း ပိုမိုလုပ်ဆောင်ကြရမည်ဖြစ်သည်။

နိုင်ငံတော်အစိုးရ၏ အမျိုးသားပို့ကုန် မဟာဗျူဟာ (NES) စီမံဆောင်ရွက်နေမှုကြောင့် ကယားပြည်နယ်တွင် ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းများ တိုးတက်လာပြီး ကမ္ဘာလှည့်ခရီးသည်များ ဥဒဟိုဝင်ထွက်သွားလာကြတော့မည်မှာ မဝေးလှတော့ကြောင်း တင်ပြလိုက်ရပါသည်။

ရေသယ်ကားများဖြင့် သောက်သုံးရေဖြန့်ဝေ

ပုဏ္ဏားကျွန်း မေ ၃၀

ရခိုင်ပြည်နယ် ပုဏ္ဏားကျွန်းမြို့၌ မေလနောက်ဆုံးသီတင်းပတ်ထိ မိုးရွာသွန်းမှုမရှိသေးသဖြင့် မြို့ပေါ်ရှိ သောက်သုံးရေကန်များ ခမ်းခြောက်လာပြီး လက်ရှိရေပေးဝေနေသည့် ဂူဝရေလှောင်ကန်ကြီးမှာလည်း ရေနည်းပါးလာသောကြောင့် မြို့နယ်အုပ်ချုပ်ရေးဦးစီးဌာနအစီအစဉ်ဖြင့် ရပ်ကွက်များသို့ ရေသယ်ယာဉ်များဖြင့် ရေများသယ်ဆောင်ဖြန့်ဝေပေးလျက်ရှိကြောင်း သိရသည်။

မြို့နယ်အတွင်း တည်ဆောက်ဆဲဖြစ်သော ခမီးကြိမ်ချောင်း ရေလှောင်တမံစီမံကိန်းမှ ရေများကို ရေသယ်ကားလေးစီးဖြင့်သယ်ယူကာ မေ ၂၈ ရက်မှစ၍ ရပ်ကွက်အသီးသီးမှ ရေကန်ကြီးများသို့ ဖြန့်ဝေပေးနေခြင်းဖြစ်သည်။

ပုဏ္ဏားကျွန်းမြို့၌ သောက်သုံးရေလုံလောက်စွာရရှိရေးအတွက် မြို့နယ်အုပ်ချုပ်ရေးဦးစီးဌာနအနေဖြင့် ရေသယ်ယာဉ်ဖြင့် ရေဖြန့်ဝေပေးမှုများဆောင်ရွက်နေသည့်အပြင် နှစ်စဉ် ကြုံတွေ့နေရသော သောက်သုံးရေရှားပါးမှုကို ဖြေရှင်းနိုင်ရေးအတွက် လက်ရှိရေပေးဝေနေသော ဂူဝရေလှောင်ကန်ကြီးနှင့် မြို့ပေါ်ရှိ သောက်ရေကန်ကြီးများကို အကြီးစားပြင်ဆင်တူးဖော်မှုများ ပြုလုပ်လျက်ရှိကာ အဝီစိတွင်းသစ်များလည်း တူးဖော်ပေးလျက်ရှိကြောင်း သိရသည်။

သူ(ပုဏ္ဏားမြို့)

အင်းတော်ကြီးအင်းနှင့် ပတ်ဝန်းကျင်ချောင်းများ သောက်သုံးရန် သင့် မသင့် ကွင်းဆင်းတိုင်းတာ

မိုးညှင်း မေ ၃၀

ကချင်ပြည်နယ် မိုးညှင်းမြို့နယ် အင်းတော်ကြီးအင်းနှင့် ပတ်ဝန်းကျင်ချောင်းများမှရေကို သောက်သုံးရန် သင့် မသင့် သိရှိနိုင်ရန်အတွက် ဗြိတိန်နိုင်ငံမှ FFI တာဝန်ပေးချက်အရ ဗြိတိန်နိုင်ငံမှ ရေနှင့်ပတ်သက်သည့် ကျွမ်းကျင်ပညာရှင်တစ်ဦးက ကွင်းဆင်းလေ့လာတိုင်းတာမှုလုပ်ငန်းများကို မေ ၂၁ ရက်မှ ၂၈ ရက်အထိ ကွင်းဆင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ရန်ကုန်အခြေစိုက် FFI မှ ဗြိတိန်နိုင်ငံသား ရေကျွမ်းကျင်ပညာရှင် Mr.Steven Lowe က အင်းတော်ကြီးအင်းနှင့် အင်းအတွင်းစီးဝင်သောချောင်းများမှ ရေများကို ဓာတ်ခွဲစမ်းသပ် တိုင်းတာမှုများပြုလုပ်ခဲ့ခြင်းဖြစ်ပြီး ထိုသို့ဆောင်ရွက်ရာတွင် အင်းတော်ကြီးဘေးမဲ့တောမှ တောအုပ်ဦးနေမျိုးထွန်းနှင့်အဖွဲ့၊ FFI မှ တာဝန်ရှိသူ ဦးငြိမ်းချမ်းတို့က ရေနမူနာများကိုရယူနိုင်ရန်နှင့် ဓာတ်ခွဲစမ်းသပ်နိုင်ရန် အနီးကပ်ကူညီ၍ လုပ်ဆောင်ပေးခဲ့ကြောင်း သိရသည်။ စမ်းသပ်စစ်ဆေးချက်များကို အတည်ပြုနိုင်ရန်အတွက် ရန်ကုန်မြို့ရှိ FFI ဌာနတွင် စမ်းသပ်စစ်ဆေးမှုများကို ထပ်မံပြုလုပ်ကာ ထုတ်ပြန်သွားမည်ဖြစ်ကြောင်း သိရသည်။

နီတိုး

မွန်ပြည်နယ် ခြံထွက်သီးနှံများ နိုင်ငံတကာဈေးကွက်ဝင်ဆံ့ရေး နည်းပညာနှင့် အရင်းအနှီးများလိုအပ်နေ

သတင်းဆောင်းပါး-မြတ်မွန်ထွေး (မြန်မာ့အလင်း)
ဓာတ်ပုံ-ဝဿန်ထွန်း(မော်လမြိုင်ကိုယ်ပွား)

မွန်ပြည်နယ်သည် ဥယျာဉ်ခြံသီးနှံများ အများအပြား ထွက်ရှိရာ ပြည်နယ်တစ်ခုဖြစ်ပြီး "မော်လမြိုင်အစား" ဟုပင် တင်စားကာ စားရေရိက္ခာပေါကြွယ်ဝရာ ဒေသအဖြစ် အသိအမှတ်ပြုထားကြသည်။ ယခုကဲ့သို့ မိုးဦးကျရာသီတွင် ဒူးရင်းသီး၊ ကြက်မောက်သီး၊ မင်းကွတ်သီး၊ သရက်သီး၊ ပိန္နဲသီး စသည့်အသီးအနှံများ လှိုင်လှိုင်ပေါများသည်။ မော်လမြိုင် ကျွဲကောမှာ မွန်ပြည်နယ်၏ ဒေသအထိမ်းအမှတ်အဖြစ်ပင် အခြားဒေသများက အသိအမှတ်ပြုထားကြသည်။

မွန်ပြည်နယ်အတွင်းရှိ ခြံထွက်သီးနှံများတွင် မော်လမြိုင်ကျွဲကောတစ်ခုသာ ဒေသအထိမ်းအမှတ်အဖြစ် ထိန်းထားနိုင်သော်လည်း အခြားခြံထွက်သီးနှံများမှာ နိုင်ငံတကာဈေးကွက်ဝင်ပြီး ဈေးကောင်းရရေးအတွက် နည်းပညာနှင့် အရင်းအနှီးများလိုအပ်နေဆဲဖြစ်သည်ဟု မွန်ပြည်နယ်စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီးရုံးမှ သိရသည်။

"မွန်ပြည်နယ်မှာ ခြံထွက်သီးနှံတွေ အများကြီးထွက်ပါတယ်။ ဒါပေမယ့် မော်လမြိုင် ကျွဲကောတစ်ခုပဲ ပြယုဂ်ကောင်းပါတယ်။ ကျန်တာကတော့ ယိုးဒယားဘက်ကဝင်လာတဲ့ ကြက်မောက်၊ ဒူးရင်း၊ မင်းကွတ်စတာတွေကို ဈေးကွက်ရော အသီးအနှံ ဖွံ့ထွားတာကိုရော မယှဉ်နိုင်ပါဘူး" ဟု မွန်ပြည်နယ်စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီး ဦးမျိုးညွန့်က ပြောသည်။

မွန်ပြည်နယ်ရှိ ခြံထွက်သီးနှံများသည် ရာသီချိန်မှသာလျှင်ထွက်ရှိနိုင်ပြီး ၁၂ လရာသီပတ်လုံး ထွက်ရှိအောင် စိုက်ပျိုးရန်အတွက် နည်းပညာလိုအပ်ချက်ရှိနေသည်ဟု သိရသည်။ နိုင်ငံတကာနှင့်ယှဉ်နိုင်သော အရည်အသွေးမီကုန်ပစ္စည်းများအဖြစ် ပေါ်ထွက်လာရေး နည်းပညာမြင့် ထုပ်ပိုးမှုပုံစံ၊ တာရှည်ခံထိန်းသိမ်းနည်းစနစ်မှအစ ဈေးကွက်လိုအပ်ချက်လည်း ရှိနေဆဲပင်ဖြစ်သည်။

"အခြားနိုင်ငံတကာလေဆိပ်တွေမှာ အသီးအနှံတွေကို လှလှပပထုတ်ပိုးပြီး ရောင်းချကြတာကို တွေ့ရပါတယ်။ ဒီမှာ ရောင်းရတဲ့ဈေးနဲ့အဆမတန်လည်း ကွာပါတယ်။ ထုတ်ပိုးမှုပုံစံကစပြီး တာရှည်ခံအောင် ထိန်းသိမ်းရောင်းချကြတာကိုတွေ့ရပါတယ်။ ကျွန်တော်တို့ဆီမှာတော့ အဲဒီလိုမလုပ်နိုင်သေးတဲ့အတွက် ဈေးကောင်းမရကြပါဘူး" ဟု ဝန်ကြီးက ဒေသထွက်သီးနှံများ ဈေးကွက်ယှဉ်ပြိုင်နိုင်မှု အားနည်းချက်အပေါ် သုံးသပ်ပြသည်။

ရာသီချိန်ပေါ် သီးနှံများအဖြစ်သာ ရပ်တည်နေရပြီး တစ်နှစ်ပတ်လုံးထွက်ရှိနိုင်သော သီးနှံများအဖြစ် မစိုက်ပျိုးနိုင်ခြင်းသည်လည်း စိုက်ပျိုးနည်းပညာအားနည်းချက်တစ်ရပ်ဖြစ်နေပြီး အသီးအနှံပေါ်ချိန်တွင် စိုက်ပျိုးသူခြံပိုင်ရှင်များက ဈေးကွက်ရှာဖွေနိုင်ခြင်းမရှိဘဲ အလျင်အမြန်ရောင်းချကြရသဖြင့် ဈေးကောင်းမရဘဲ စိုက်သမျှအကျိုးအမြတ်နည်းကြောင်း သိရသည်။

နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများသည် မြန်မာနိုင်ငံအတွင်း ပိုမိုဝင်ရောက်လာခြင်းရှိကြသော်လည်း မွန်ပြည်နယ်ဒေသရှိ ဥယျာဉ်ခြံစိုက်ပျိုး သီးနှံများအတွက် ကမ်းလှမ်းလာမှုများ အားနည်းလျက်ရှိသည်။ နည်းပညာ အကူအညီများပံ့ပိုးရန် ကူညီပေးမည့် အဖွဲ့အစည်းများ လာရောက်ခြင်းများ ရှိသော်လည်း လက်တွေ့ပူးပေါင်းဆောင်ရွက်နိုင်ခြင်းမရှိကြောင်းလည်း သိရသည်။

"အကူအညီတွေပေးဖို့ နိုင်ငံတကာအဖွဲ့အစည်းတွေ ရောက်တော့လာကြပါတယ်။ နည်းပညာ အရင်းအနှီး ပံ့ပိုးပေးမလား၊ ကုန်ချောအဖြစ်ထွက်ရှိလာရင် ဈေးကွက်ဖော်ထုတ်ဖို့ အကူအညီပေးနိုင်မလား၊ ဒါတွေ ဆွေးနွေးကြပါတယ်။ သူတို့တွေလာရင် ဧကကျယ် မြေကွက်တွေ တောင်းကြတယ်။ ကျွန်တော်တို့ဘက်က အဲလောက်မြေကျယ် မပေးနိုင်ဘူး။ ဒါမျိုးတွေရှိပါတယ်" ဟု ဝန်ကြီး ဦးမျိုးညွန့်က ပြောသည်။

လက်ရှိတွင် အကျိုးအမြတ်ရရှိစေရေး ရည်ရွယ်ကာ အရည်အသွေးမြင့် ကုန်ပစ္စည်းထုတ်လုပ်နိုင်ရေးအတွက် မျိုးကောင်းမျိုးသန့်များ ထုတ်လုပ်နိုင်ရေး၊ တာရှည်ခံထားရှိစေရေးအတွက် နည်းပညာအခက်အခဲ၊ ဈေးကောင်းရရန်အတွက် ဈေးကွက်ရှာဖွေ ဖော်ထုတ်နိုင်ရေး စသည်တို့အတွက် ဒေသတွင်း ဆောင်ရွက်မှုအဖြစ် အဖွဲ့အစည်းများ ဖွဲ့စည်းခြင်း၊ ပညာပေးသင်တန်းများပို့ချပေးခြင်း၊ ဆွေးနွေးပွဲများ ကျင်းပခြင်း၊ အရည်အသွေးထိန်းသိမ်းနိုင်ရေး ပညာပေးအဖြစ် ကျွဲကောအသင်းအဖွဲ့များနှင့် တွေ့ဆုံခြင်းများ ပြုလုပ်လျက်ရှိကြောင်း သိရသည်။ ။

ဝမ်းပျက်ဝမ်းလျှောရောဂါကြိုတင်ကာကွယ်ရေး နှိုးဆော်ချက်

ဝမ်းပျက်ဝမ်းလျှောရောဂါသည် မသန့်ရှင်းသော အစားအစာနှင့် သောက်သုံးရေတို့မှတစ်ဆင့် ကူးစက်တတ်သော ရောဂါတစ်ခုဖြစ်ပါသည်။ မြန်မာနိုင်ငံတွင် ရာသီမရွေးဖြစ်ပွားလေ့ရှိပြီး အထူးသဖြင့် မိုးဦးကျကာလနှင့် ရာသီဥတုပြောင်းလဲသော ကာလများဖြစ်သည့် မိုးအကုန်ဆောင်းအကူးတွင် ဖြစ်ပွားလေ့ရှိကြောင်း တွေ့ရှိရပါသည်။

ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါ ဖြစ်စေသည့် ကာလဝမ်းရောဂါသည် Vibrio Cholerae ဟု ခေါ်သော ဗက်တီးရီးယားပိုးကြောင့် ဖြစ်ပွားခြင်းဖြစ်ပြီး ရောဂါပြင်းထန်ကာ အချိန်မီကုသမှုမရှိပါက အသက် ဆုံးရှုံးနိုင်ပါသည်။ ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါဖြစ်ပွားပြီဆိုပါက နီးစပ်ရာကျန်းမာရေးဌာနများသို့ အချိန်မီကုသမှုခံယူရန်နှင့် အဆင့်ဆင့် အချိန်မီ အမြန်ဆုံးသတင်းပို့ပေးရန် လိုအပ်ပါသည်။

ကလေးသူငယ်များတွင်ဖြစ်ပွားသော ဝမ်းပျက်ဝမ်းလျှောရောဂါမှာ ဗက်တီးရီးယားနှင့် ဗိုင်းရပ်စ်ပိုးများကြောင့်ဖြစ်ပွားလေ့ရှိပြီး ကျန်းမာရေးဝန်ထမ်းများနှင့် ထိရောက်ပြည့်စုံသော ကုသမှုခံယူရန်လိုအပ်ပါသည်။

ဝမ်းပျက်ဝမ်းလျှောရောဂါ မဖြစ်ပွားစေရန်အတွက် တစ်ကိုယ်ရေသန့်ရှင်းရေး ဂရုပြုဆောင်ရွက်ခြင်း၊ အထူးသဖြင့် အစာမစားမီအချိန်တိုင်း၊ လူနာကိုကိုင်တွယ်ပြီးတိုင်း၊ ကလေးကိုပြုစုပြီးတိုင်း၊ အိမ်သာအသုံးပြုပြီးတိုင်း လက်ကိုဆပ်ပြာဖြင့် စနစ်တကျ စင်ကြယ်စွာဆေးကြောရန်၊ အစားအစာအား ပူပူနွေးနွေးစားသောက်ခြင်း၊ ယင်နားစာများမစားသုံးခြင်း၊ ရေကောင်းရေသန့်ရရှိအောင်ဆောင်ရွက်ခြင်း(ကလိုရင်းဆေးခတ်ထားသောသောက်သုံးရေ သို့မဟုတ် ကျိုချက်ထားသော ရေကိုသာ သောက်သုံးခြင်း)၊ ပတ်ဝန်းကျင်သန့်ရှင်းရေးကို စနစ်တကျဆောင်ရွက်ခြင်းနှင့် ယင်လုံအိမ်သာ ရာနှုန်းပြည့်သုံးစွဲနိုင်အောင် စီမံဆောင်ရွက်ခြင်းတို့ဖြင့် ကာကွယ်နိုင်ပါသည်။

ထို့ကြောင့် ဝမ်းပျက်ဝမ်းလျှောရောဂါဖြစ်ပွားပါက နီးစပ်ရာ ကျန်းမာရေးဌာနများသို့အချိန်မီသတင်းပေးပို့ခြင်းနှင့် ထိရောက်သော ကုသမှုခံယူခြင်းတို့ကို ဆောင်ရွက်ကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

(ကျန်းမာရေးဝန်ကြီးဌာန)

ပြည်သူလိုတာ လုပ်ဖို့ရာ ကျရာအခွန် ပေးဆောင်ပါ

လမ်းပိအဏ္ဏဝါအမျိုးသားဥယျာဉ်ဒေသ သဘာဝခရီးသွားလုပ်ငန်းဖွံ့ဖြိုး

ကော့သောင်း မေ ၂၀

ပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးအဖွဲ့ Istituto Oikos တို့ မြန်မာနိုင်ငံအတွင်း ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် လမ်းပိအဏ္ဏဝါအမျိုးသားဥယျာဉ် (Lampi Marine National Park) ဒေသ သဘာဝခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး နည်းဗျူဟာ ချမှတ်ခြင်းနှင့် အကျိုးခံစားခွင့်ဆက်နွယ်နေသူများ၏ အကြံပြုဆွေးနွေးပွဲတစ်ရပ်ကို မေ ၂၅ ရက် နံနက် ၉ နာရီက မြို့နယ်အုပ်ချုပ်ရေး ဦးစီးဌာန ဟံသာဝတီခန်းမ၌ ကျင်းပသည်။ ဆွေးနွေးပွဲတွင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးအိုက်စင်၊ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးလွှမ်းမိုးနိုင်နှင့် Istituto Oikos မှ Ms.Tania Miorin တို့က အမှာစကားပြောကြားခဲ့သည်။

ဆက်လက်၍ Oikos နှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာ ဝန်ကြီးဌာန၏ ခရီးသွားလုပ်ငန်းဆိုင်ရာ အကြံပေးပုဂ္ဂိုလ် Dr.Paul Roger က လမ်းပိအဏ္ဏဝါအမျိုးသားဥယျာဉ် (Lampi Marine National Park) သဘာဝပတ်ဝန်းကျင်နှင့် ဆက်နွယ်သည့် ခရီးသွားလုပ်ငန်း စီမံချက်များကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက်ဆွေးနွေးပွဲသို့ တက်ရောက်လာသူများက သဘာဝပတ်ဝန်းကျင်သို့ကောင်းကျိုး၊ ဆိုးကျိုးများ သက်ရောက်မှုရှိနိုင်သည့် အခြေအနေများကို အကြံပြုဆွေးနွေးခဲ့ကြောင်း သိရသည်။

ကျော်စိုး(iprd)

မော်ကျွန်း-လှိုင်းဘုန်းတာလမ်းတစ်လျှောက် ချောင်းကူးတံတားအချို့ ယိုယွင်းပျက်စီး

မော်လမြိုင်ကျွန်း မေ ၂၀

သဘာဝဘေး အန္တရာယ်ကျရောက်လာပါက ပင်လယ်ပိုင်းဒေသနေပြည်သူများ ဘေးလွတ်ရာသို့ အချိန်မီပြောင်းရွှေ့သွားလာနိုင်ရေးအတွက် နာဂစ်နောက်ပိုင်းတွင် မော်ကျွန်း-လှိုင်းဘုန်း-ပြင်စလူ အဝေးပြေး ကားလမ်းမကြီးနှင့် ချောင်းကူးတံတားများကို ဆက်သွယ်ဆောက်လုပ်ပေးခဲ့သည်။

ယခုအခါ မော်ကျွန်း-လှိုင်းဘုန်းတာလမ်းမတစ်လျှောက်ရှိ အချို့ချောင်းကူးတံတားများမှာ တံတားအခင်းများ နေရာအများအပြားတွင် ပေါက်ပြဲပျက်စီးနေသဖြင့် ယခုကျောင်းဖွင့်ရာသီချိန်တွင် ကျောင်းတက်ကြမည့် ကျေးရွာပေါင်းစုံမှ ကျောင်းသား ကျောင်းသူများနှင့် ဒေသခံပြည်သူများအတွက် ချောင်းကူးတံတားများပေါ်မှ နေ့၊ ည ကူးသန်းသွားလာရာတွင်ဘေး အန္တရာယ်ဖြစ်ဖွယ်ရှိနေသည်။ **(ယာပုံ)**

ထို့အပြင် ဆိုင်ကယ်ဖြင့် မော်လမြိုင်ကျွန်းမြို့သို့ တိုက်ရိုက်သွားလာရာတွင်လည်း ပေါက်ပြဲနေသော တံတားအချို့နှင့် တံတားချဉ်းကပ်လမ်းမြေသားအချို့ ယိုယွင်းပျက်စီးမှုကြောင့် ဆိုင်ကယ်ကို သတိဖြင့် မောင်းနှင်နေကြရသည်။

"နာဂစ်နောက်ပိုင်းမှာ လမ်း တံတားတွေ တည်ဆောက်ပြီးစီးသွားလို့ ကျွန်တော်တို့ ဒေသခံပြည်သူတွေ မော်ကျွန်းကိုလာရတာ သိပ်အဆင်ပြေပါတယ်။ အခုတော့ ချောင်းကူးတံတားအချို့ အခင်းပျက်စီးပြီး ချဉ်းကပ်လမ်းအချို့ ယိုယွင်းနေလို့ ဆိုင်ကယ်ကို မနည်းသတိထားမောင်းရတယ်။ အချိန်မီပြုပြင်ဖို့လိုပါတယ်။ သိပ်အန္တရာယ်များပါတယ်" ဟု ပုဂံပုံကျေးရွာနေ ကိုဇော်ဌေးအောင်နှင့် ကိုခင်မောင်ဌေးတို့က ပြောသည်။

မော်ကျွန်း-မြင့်အောင်

မြန်မာ့ရုပ်သေးပညာသင်တန်း သင်တန်းဆင်းပွဲ ကျင်းပ

မန္တလေး မေ ၃၀

မန္တလေးမြို့ မြမန္တလာဟိုတယ်တွင် မေ ၂၃ ရက်မှ ၂၇ ရက်ထိ မြန်မာ့ရုပ်သေးပညာသင်တန်း အခမဲ့ ဖွင့်လှစ်သင်ကြားပေးခဲ့ပြီး မေ ၂၈ ရက် နံနက် ၉ နာရီတွင် မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် ဒေါ်မမနိုင် (မန္တလေးရုပ်သေး)ပြခန်း၌ ကျင်းပခဲ့သည်။

အဆိုပါအခမ်းအနားသို့ ရုပ်သေးပညာရှင်ကြီးများဖြစ်သည့် ဦးပန်းအေး၊ ဦးရဲထွေး၊ ဦးစိန်ထွန်းကြည်၊ ဦးစိန်ဝင်းမောင်၊ မြန်မာ့ဇာတ်သဘင်ပညာရှင် ဦးရွှေနန်းတင်နှင့် ဖိတ်ကြားထားသူများ စုံညီစွာ တက်ရောက်ခဲ့သည်။

သင်တန်းဆင်းပွဲ အခမ်းအနားတွင် အမျိုးသားယဉ်ကျေးမှု တက္ကသိုလ်(မန္တလေး)မှ ပါမောက္ခ ဒေါ်ခင်မာကြည်၊ မြို့မိမြို့ဖ ဒေါက်တာသုမေ့မှာ ဦးကျော်ဝင်းတို့က မြန်မာ့ရုပ်သေးပညာ အရှည် ဆက်လက်တည်တံ့ ရှင်သန်အောင် ထိန်းသိမ်းသွားရန်နှင့် လက်ဆင့်ကမ်းအမွေအဖြစ် အခမဲ့ သင်တန်းများ ဖွင့်လှစ်ပေးခြင်းအတွက် ဝမ်းသာပါကြောင်း ပြောကြားသည်။

ဆက်လက်၍ သင်တန်း ပြီးမြောက်အောင် တက်ရောက်ခဲ့သည့် သင်တန်းသား သင်တန်းသူများအား သင်တန်းဆင်းလက်မှတ်များ ပေးအပ်ချီးမြှင့်ပြီး သင်တန်းသား သင်တန်းသူများကိုယ်စား သင်တန်းသားတစ်ဦးက ကျေးဇူးတင်စကား ပြောကြားပြီး သင်တန်းသား၊ သင်တန်းသူများက ရုပ်သေးကြိုးဆွဲပညာစွမ်းရည်ဖြင့် ဖျော်ဖြေတင်ဆက်မှုများ ပြုလုပ်ခဲ့သည်။

ထို့နောက် မြန်မာနိုင်ငံ ရုပ်စုံသဘင်ကြီး၏ဥက္ကဋ္ဌ ဒေါ်မမနိုင် (မန္တလေးရုပ်သေး)က သင်တန်းဆင်း အမှာစကားပြောကြားပြီး အတွင်းရေးမှူး ဦးကျော်မျိုးကိုက အသင်း၏ ရှေ့လုပ်ငန်းစဉ်များ ရှင်းလင်းတင်ပြခဲ့ကြောင်း သိရသည်။

ခင်ခင်ဝင်း (ပညာရေး)

ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်းလုပ်ငန်း ဆွေးနွေး

မန္တလေး မေ ၃၀

မန္တလေး၏ဒုတိယကာလတိုငါးနှစ်စီမံကိန်း ၂၀၁၆-၂၀၁၇ မှ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်အထိ ပြည်သူဗဟိုပြုဒေသန္တရဖွံ့ဖြိုးတိုးတက်မှု စီမံကိန်းလုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲကို မေ ၂၈ ရက်က မန္တလေးမြို့ ပညာရေးကောလိပ်(မန္တလေး)ပညာတန်ဆောင်ခန်းမ၌ ကျင်းပသည်။ အခမ်းအနားတွင် တိုင်းဒေသကြီး စီမံကိန်းနှင့်စီးပွားရေးဝန်ကြီးဌာနဝန်ကြီး ဦးအောင်ဇံ၊ တိုင်းဒေသကြီးစီမံကိန်း ဦးစီးမှူး ဦးကျော်ကျော်ရှိန်နှင့် ခရိုင်စီမံကိန်း ဦးစီးမှူး ဒေါ်ရီရီမြင့်တို့က စီမံကိန်းနှင့်ပတ်သက်၍ ရှင်းလင်းခဲ့ကြောင်း သိရသည်။

ထို့နောက် တက်ရောက်လာကြသော တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ၊ ခရိုင်မြို့နယ်ဌာနဆိုင်ရာများ၊ မြို့နယ်အထောက်အကူပြုကော်မတီဝင်များ၊ စီမံကိန်းရေးဆွဲရေးနှင့် အကောင်အထည်ဖော်ရေးကော်မတီဝင်များ၊ အဖွဲ့အစည်းအသီးသီးမှ ကိုယ်စားလှယ်များက ဒုတိယကာလတို ငါးနှစ်စီမံကိန်းနှင့်ပတ်သက်၍ ပြန်လည်ဆွေးနွေးခဲ့ကြောင်း သိရသည်။

တင်မောင်(မန်းကိုယ်ပွား)

ဂန့်ဂေါတွင် ဆီးခွဲစက်အချို့ လုပ်ငန်းရပ်ဆိုင်း

ဂန့်ဂေါ မေ ၃၀

ယခုနှစ်တွင် ဆီးသီးအဆန်များကို ဈေးကွက်သို့ တင်ပို့ရောင်းချနိုင်ခြင်းမရှိသေးသောကြောင့် ကာလပေါက်ဈေးပင် သတ်မှတ်နိုင်ခြင်း မရှိသေးပေ။ ထို့ကြောင့် လုပ်ငန်းလုပ်ဆောင်ပါက ဆုံးရှုံးမှုနှင့် ကြုံတွေ့ကြရဖွယ်ရှိသဖြင့် မကွေးတိုင်းဒေသကြီး ဂန့်ဂေါခရိုင် ဂန့်ဂေါမြို့ရှိ ဆီးခွဲစက်အချို့ လုပ်ငန်းရပ်ဆိုင်းထားကြကြောင်း သိရသည်။

"ဆီးသီးအဆန်တွေကို တရုတ်နိုင်ငံသို့ တင်ပို့ရောင်းချကြရတာဖြစ်ပါတယ်။ ဒီနှစ်မှာ တရုတ်နိုင်ငံကို တင်ပို့ရောင်းချနိုင်ခြင်း မရှိသေးသလို ကာလပေါက်ဈေးတောင် မသတ်မှတ်နိုင်သေးပါဘူး။ ဈေးကွက်ကို တင်ပို့ရောင်းချနိုင်ဖို့ လမ်းစမမြင်ရသေးတာကြောင့် ဂန့်ဂေါနယ်က ဆီးခွဲစက်အချို့ လုပ်ငန်းရပ်ဆိုင်းထားကြရပါတယ်" ဟု ဂန့်ဂေါမြို့ ရေပုတ်ကွက်သစ်နေ ဆီးခွဲစက်လုပ်ငန်းလုပ်ကိုင်သူ ဦးမြင့်သိန်းက ပြောသည်။

ယခင်နှစ်က ဆီးသီးအဆန်များကို တရုတ်နိုင်ငံသို့ တင်ပို့ရောင်းချခဲ့ကြရပြီး ဆီးသီးအဆန် တစ်ပိဿာလျှင် ငွေကျပ် ၇၀၀၀ မှ ၁၀၀၀၀ အထိ ပေါက်ဈေးရှိခဲ့ကြောင်း၊ ယခင်နှစ်က ဆီးသီးအဆန် ဈေးနှုန်းကောင်းမွန်ခဲ့သဖြင့် ဆီးသီး တစ်တင်းလျှင် ငွေကျပ် ၁၆၀၀ မှ ၁၈၀၀ အထိပေးကာ ဝယ်ယူ ကြိတ်ခွဲခဲ့ကြရကြောင်း၊ ယခုနှစ်တွင် ဆီးသီး တစ်ပိဿာလျှင် ငွေကျပ် ၁၀၀၀ ပေးကာ ဝယ်ယူကြိတ်ခွဲထားသူများ ရှိကြောင်း သိရသည်။

ကြီးမြင့်နိုင်(လှိုင်ကော်)

လေပြင်းတိုက်ခတ်မှုကြောင့် ပြိုလဲကျသည့် လျှပ်စစ်တာဝါတိုင်အား ပြန်လည်ပြုပြင်

မြင်းခြံ မေ ၃၀

မြင်းခြံမြို့ ဆေးဆိုးပန်းရိုက် စက်ရုံအနီးတွင် တည်ရှိသည့် ၃၃ ကေဗွီ မြင်းခြံ-တောင်သာ-မလှိုင် ဓာတ်အားလိုင်းဆက်သွယ်ထားသော လျှပ်စစ်တာဝါတိုင်တစ်တိုင်မှာ မေ ၂၈ ရက် ည ၇ နာရီ ၄၉ မိနစ် ခန့်က လေပြင်းတိုက်ခတ်မှုကြောင့် ပြိုလဲကျသွားခဲ့သည်။

လေပြင်းတိုက်ခတ်မှုကြောင့် ပြိုလဲကျသည့် ၄င်းလျှပ်စစ်တာဝါတိုင်ကို အမြန်ဆုံးပြန်လည်ပြုပြင်၍ တောင်သာမြို့နယ်နှင့် မလှိုင်မြို့နယ်များသို့ လျှပ်စစ်ဓာတ်အား ပုံမှန်အတိုင်း ဆက်လက်ပေးပို့နိုင်ရေးအတွက် မြင်းခြံခရိုင် လျှပ်စစ်မန်နေဂျာ ဦးကြည်မြင့်နှင့် မိတ္ထီလာခရိုင် လျှပ်စစ်မန်နေဂျာ ဦးမွန်းအောင်ဇေတို့ ပူးပေါင်းပြီး မေ ၂၉ ရက် နံနက် ၁၀ နာရီက ကွင်းဆင်းပြုပြင်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ချမ်းသာ(မိတ္ထီလာ)

မူးယစ်ဆေးဝါးတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် ပန်းချီ၊ ကာတွန်း၊ ပိုစတာ၊ စာစီစာကုံးပြိုင်ပွဲကျင်းပရေးညှိနှိုင်း

စစ်တွေ မေ ၃၀

ဇွန် ၂၆ ရက်တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် ပန်းချီ၊ ကာတွန်း၊ ပိုစတာ၊ စာစီစာကုံးပြိုင်ပွဲကျင်းပရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို မေ ၂၈ ရက်မွန်းလွဲ ၁ နာရီက ရခိုင်ပြည်နယ် စစ်တွေမြို့ ပြည်နယ်ရဲတပ်ဖွဲ့မှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရခိုင်ပြည်နယ်မူးယစ်ဆေးဝါးနှင့်စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများအန္တရာယ်တားဆီးကာကွယ်ရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ ပြည်နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးနေမျိုးက မူးယစ်ဆေးဝါးအန္တရာယ်နှင့် ပတ်သက်၍ မြေစိုက်ပိုစတာများ၊ အသိပညာပေးအကြိုဟောပြောပွဲများ၊ လက်ကမ်းစာစောင်များ၊ နံရံကပ်စာစောင်များဖြင့် ပြည်သူများ ဗဟုသုတရရှိစေရန်အတွက် ဆောင်ရွက်မည့် လုပ်ငန်းများနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍မူးယစ်တပ်ဖွဲ့စု(၄၇)စစ်တွေမှ ရဲမှူးရီထွန်းသန်းက သတ်မှတ်ရက်များအလိုက် ပန်းချီ၊ ကာတွန်း၊ ပိုစတာ၊ စာစီစာကုံးပြိုင်ပွဲများ ကျင်းပရန်အတွက် စီစဉ်ဆောင်ရွက်ထားရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြပြီး အခမ်းအနားသို့ တက်ရောက်လာကြသည့် ဌာနဆိုင်ရာ တာဝန်ရှိသူများမှလည်း မိမိတို့ဌာနအလိုက် ဆောင်ရွက်ရမည့် လုပ်ငန်းများနှင့် ပတ်သက်၍ ဆွေးနွေးတင်ပြကြကြောင်း သိရသည်။

ဇော်နိုင်ထွန်း(iprd)

တောင်သူများအား သီးနှံစိုက်မျိုးစေ့ပေးအပ်ပွဲနှင့် စိုက်ပျိုးနည်းစနစ် ပညာပေးသင်တန်းဆောင်ရွက်

မိုးမိတ် မေ ၃၀

မိုးမိတ်ခရိုင် မိုးမိတ်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနကကြီးမှူး၍ ၂၀၁၅-၂၀၁၆ ခုနှစ် မူးယစ်ဆေးဝါးပပျောက်ရေး စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်မှုအဖြစ် တောင်သူများအား မျိုးစေ့ပေးအပ်ပွဲနှင့် စိုက်ပျိုးနည်းစနစ်သင်တန်းပို့ချမှုကို မေ ၂၈ ရက်က အဆိုပါရုံး တောင်သူပညာပေးခန်းမ၌ ဆောင်ရွက်ခဲ့သည်။

အဆိုပါအခမ်းအနားတွင် တာဝန်ရှိသူများက တောင်သူများအား ပုလဲသွယ်စပ်မျိုးစပါးများ၊ အစေ့ထုတ်ပြောင်းမျိုးစေ့များနှင့် ပဲပုပ်သီးနှံမျိုးစေ့များ အခမဲ့ ဖြန့်ဝေပေးအပ်ခဲ့ပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ခင်မြတ်မွန်က တောင်သူများအား စိုက်ပျိုးနည်းစနစ်ပညာပေးသင်တန်းကို ပို့ချပေးခဲ့ကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

စစ်ကိုင်းမြို့တည် နန်းတည် နှစ် (၇၀၀)ပြည့်အထိမ်းအမှတ် ကာယဗလ၊ လှယဉ်ကျေးမယ်ပြိုင်ပွဲ ကျင်းပမည်

စစ်ကိုင်း မေ ၃၀

စစ်ကိုင်း မြို့တည် နန်းတည်နှစ် (၇၀၀) ပြည့် ပွဲတော်ကြီး အထိမ်းအမှတ်အဖြစ် ကာယဗလ၊ ကာယအလှနှင့် လှယဉ်ကျေးမယ်ပြိုင်ပွဲကျင်းပရန် ပြိုင်ပွဲကျင်းပရေးကော်မတီက ဆောင်ရွက်လျက်ရှိသည်။

ကာယဗလ၊ ကာယအလှနှင့် လှယဉ်ကျေးမယ် ပြိုင်ပွဲကို ၂၀၁၅ ခုနှစ် ဇူလိုင် ၉ ရက်နှင့် ၁၀ ရက်တို့တွင် စစ်ကိုင်းမြို့ မြို့တော်ခန်းမ၌ ကျင်းပမည်ဖြစ်ပြီး ပါဝင်ယှဉ်ပြိုင်ရန် စာရင်းပေးသွင်းထားသူများအနက် ကာယဗလ ၁၂ ဦး၊ ကာယအလှ ၁၂ ဦးနှင့် လှယဉ်ကျေးမယ် ၁၂ ဦးတို့ကို ပဏာမရွေးချယ်ပြီးယှဉ်ပြိုင်စေမည်ဖြစ်သည်။ ပဏာမရွေးချယ်ပွဲကို ဇွန် ၁၃ ရက်မှ ၁၄ ရက်တို့တွင် မြို့တော်ခန်းမ၌ ကျင်းပမည်ဖြစ်သည်။

မြန်မာ့အားကစား ဖွံ့ဖြိုးတိုးတက်ရေးကို ရည်ရွယ်၍ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး(ငြိမ်း) ဦးခင်မောင်မြင့်၏ ကူညီပံ့ပိုးမှုဖြင့် ကျင်းပခြင်းဖြစ်သည်။ ကာယဗလ၊ ကာယအလှနှင့် လှယဉ်ကျေးမယ် ပြိုင်ပွဲသို့ စစ်ကိုင်းမြို့ရှိ စစ်ကိုင်းတက္ကသိုလ်၊ ပညာရေးတက္ကသိုလ်၊ နည်းပညာတက္ကသိုလ်၊ တိုင်းရင်းသား ဖွံ့ဖြိုးရေးတက္ကသိုလ်၊ တိုင်းရင်းသား လူငယ်များစွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ်နှင့် စစ်ကိုင်းပညာရေးကောလိပ်တို့မှ ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်ကြောင်း ပြိုင်ပွဲကျင်းပရေးကော်မတီမှ သိရသည်။

ထွေးမြင့်နိုင်(စစ်ကိုင်း)

အထက်မြန်မာနိုင်ငံ သတင်းစာဆရာအသင်း နေ့စဉ်သတင်းစာထုတ်ဝေရေး ညှိနှိုင်းစည်းဝေး

မန္တလေး မေ ၃၀

အထက်မြန်မာနိုင်ငံ သတင်းစာဆရာများ၏ နေ့စဉ်သတင်းစာထုတ်ဝေနိုင်ရေးလုပ်ငန်းညှိနှိုင်းအစည်းအဝေးကို မေ ၂၆ ရက်က ချမ်းမြသာစည်မြို့နယ် သတင်းစာဆရာအသင်းဂုဏ်ထူးဆောင်နာယက ဦးစိန်ဝင်းအောင် နေအိမ်၌ ကျင်းပသည်။ အဆိုပါအခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီး စီမံဘဏ္ဍာဝန်ကြီး ဒေါက်တာမြင့်ကြူ၊ ဂုဏ်ထူးဆောင်နာယက ဦးစိန်ဝင်းအောင်၊ သတင်းစာဆရာအသင်းဥက္ကဋ္ဌ ဦးဌေးအောင်၊ ဒုတိယဥက္ကဋ္ဌ ဦးတင်လှိုင် (မိတ္ထီလာ)၊ မာဃိန္ဒ (ပုသိမ်ကြီး)၊ အတွင်းရေးမှူး ဝင်းမော်ငြိမ်းနှင့်အဖွဲ့ဝင်များ တက်ရောက်ကြသည်။ အခမ်းအနားတွင် အထက်မြန်မာနိုင်ငံသတင်းစာဆရာများ၏ ဂုဏ်ထူးဆောင်နာယက ဦးစိန်ဝင်းအောင်က အမှာစကားပြောကြားပြီး တက်ရောက်လာသော သတင်းစာဆရာများအဖွဲ့ဝင်များက အကြံပြုဆွေးနွေးကြကြောင်း သိရသည်။

အောင်ကျော်ထွန်း(ပုသိမ်ကြီး)

စွန့်ပစ်အမှိုက်များ သိမ်းဆည်းခြင်းနှင့် သယ်ယူပို့ဆောင်ခြင်းလုပ်ငန်း လွှဲပြောင်းပေးရေးရှင်းလင်း

ရန်ကုန် မေ ၃၀

စွန့်ပစ်အမှိုက်များ သိမ်းဆည်းခြင်းနှင့် သယ်ယူပို့ဆောင်ရေးလုပ်ငန်းများ ပုဂ္ဂလိကကုမ္ပဏီများသို့ လွှဲပြောင်းပေးရေး ရှင်းလင်းပြောကြားခြင်းကို မေ ၂၈ ရက် နံနက် ၉ နာရီက ကမာရွတ်မြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဌာနမှ ဒုတိယဌာနမှူး ဦးလှဝင်းအောင်က မြို့တော်စည်ပင်မှ ဆောင်ရွက်လျက်ရှိသော စွန့်ပစ်အမှိုက်များကို သိမ်းဆည်းခြင်းနှင့် သယ်ယူပို့ ဆောင်ရေး လုပ်ငန်းများအား ပုဂ္ဂလိကကုမ္ပဏီများသို့ လွှဲပြောင်းပေးရေး အသေးစိတ်ရှင်းလင်းဆွေးနွေးပြီး ပဏာမရွေးချယ်ထားသည့် TYTC Services Co.,Ltd. မှ အထွေထွေမန်နေဂျာ ဦးသန်းဝင်းက လုပ်ငန်းဆောင်ရွက်မည့် အစီအစဉ်များကို ပြောကြားခဲ့သည်။ ထို့နောက် တက်ရောက်လာသူများက ပြန်လည်မေးမြန်းဆွေးနွေးခဲ့ကြသည်။

ယခင်မြို့တော် စည်ပင်သန့်ရှင်းရေးအခွန်ကောက်ခံမှုနှုန်းမှာ တစ်လလျှင် ငွေကျပ် ၆၀၀ နှုန်းဖြစ်ပြီး ယခုကောက်ခံမည့် နှုန်းသစ်မှာ ငွေကျပ် ၁၆၀၀

ဖြစ်ကြောင်း သိရသည်။ ယင်းလုပ်ငန်းလုပ်ဆောင်မည့် အစီအစဉ်ကို ပြည်သူများ၏ သဘောထားကို ရယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

(၁၆၃)

ဗုဒ္ဓဘာသာ ယဉ်ကျေးမှု ဒုတိယအကြိမ် စာမေးပွဲကျင်းပ

ကြို့ပင်ကောက် မေ ၃၀

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် ကြို့ပင်ကောက်မြို့နယ် သံဃနာယကအဖွဲ့က ကြီးမှူးကျင်းပသော ဗုဒ္ဓဘာသာ ယဉ်ကျေးမှုစာမေးပွဲကို မေ ၂၅ ရက်မှ ၂၇ ရက်အထိ တိုက်ကျောင်းတက္ကသိုလ်ကျောင်းတိုက်၌ ကျင်းပခဲ့သည်။ ကြို့ပင်ကောက်မြို့ တိုက်ကျောင်းပါဠိတက္ကသိုလ် ဦးစီးပဓာန နာယက၊ မြို့နယ် သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဘဒ္ဒန္တစိန္တိတ ဦးဆောင်လမ်းညွှန်မှုဖြင့် မြို့နယ်ဗုဒ္ဓဘာသာ ယဉ်ကျေးမှုကော်မတီဝင်များနှင့် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းထွန်း၊ မြို့နယ်လဝက ဦးစီးမှူး ဦးသန်းထွဋ်အောင်၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးသောင်းထွေး၊ ဆရာ ဆရာမများ ပါဝင်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ ယင်းသင်တန်းသို့ ကြို့ပင်ကောက်မြို့နယ်အတွင်းမှ သင်တန်းသား၊ သင်တန်းသူ ၄၄၅ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

သိန်းတိုး(ဇီးကုန်း)

ရှမ်းပြည်နယ်(မြောက်ပိုင်း)သီပေါမြို့နယ်တွင် လျှပ်စစ်မီးပြတ်တောက်မှု မရှိစေရေးအတွက် မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးကျော်ဌေးအောင်နှင့် ဝန်ထမ်းများက မြို့လယ်ရှိထရန်စဖော်မာကြိုးခိုင်စေရန် သံမဏိသံပေါင်များဖြင့် အစားထိုးလဲလှယ်လျက်ရှိသည်ကို မေ ၂၈ ရက်က တွေ့ရစဉ်။

စိုင်း(သီပေါ)

မူးယစ်ဆေးဝါးအန္တရာယ်အသိပညာပေး နယ်လှည့်ကွင်းဆင်းဆောင်ရွက်

မိုင်းကိုင် မေ ၃၀

မိုင်းကိုင်မြို့နယ် အမှတ်(၂)ရပ်ကွက်လွယ်ပူတောက်ကျေးရွာ အမှတ်(၇) အခြေခံပညာမူလတန်းကျောင်းတွင် မေ ၂၇ ရက်က မြန်မာနိုင်ငံရဲတပ်ဖွဲ့ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့ပူးပေါင်း၍ မူးယစ်ဆေးဝါးအန္တရာယ်တားဆီးကာကွယ်ရေး အသိပညာပေးဟောပြောပွဲကို နယ်လှည့် ကွင်းဆင်းဆောင်ရွက်ခဲ့သည်။

နယ်လှည့်ဟောပြောပွဲတွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ မြို့နယ်မှူးရဲမှူးမြင့်နွယ်ဦး၊ စခန်းမှူးဒုရဲမှူးသက်ဝေနှင့်ပြန်/ဆက်ဌာနမှ မြို့နယ်ဦးစီးမှူး ဒေါ်နန်းလှိုင်လှိုင်ဦးတို့က မူးယစ်ဆေးဝါးအန္တရာယ်တားဆီးကာကွယ်ရေးဆောင်ရွက်နေမှုများ၊ ပြစ်မှု ပြစ်ဒဏ်များ၊ လူငယ်နှင့်မူးယစ်ဆေးအန္တရာယ်စသည်ဖြင့် အသိပညာပေး ဟောပြောခဲ့သည်။

ထို့နောက် မိုင်းကိုင်မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ မူးယစ်အန္တရာယ်အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေ၍ အသိပညာပေး နံရံကပ်စာစောင်၊ ကာတွန်း၊ ပန်းချီ၊ ပိုစတာပြဘုတ်များ၊ မှတ်တမ်းဓာတ်ပုံပြဘုတ်များကို ကျေးရွာနေပြည်သူများ အသိပညာပြန့်ပွားရေးအတွက် ခင်းကျင်းပြသခဲ့ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

တရားမဝင် ကျွဲ၊ နွားများသယ်ဆောင်လာသူ ဖမ်းဆီးစဉ်ထွက်ပြေးမှုဖြစ်ပွား

ပုသိမ် မေ ၃၀

ဧရာဝတီတိုင်းဒေသကြီး ကျိုက်လတ်မြို့နယ် မြို့မရဲစခန်းမှ ဒုရဲအုပ် ဇော်မင်းအောင်နှင့်အဖွဲ့သည် မေ ၂၇ ရက် ညနေ ၆ နာရီခွဲက ကျိုက်လတ်မြို့ ပန်းဘဲစုကျေးရွာအနီး ကျိုက်လတ်-မအူပင်ကားလမ်းမိုင်တိုင် အမှတ်(၄၀/၀)နှင့်(၄၀/၁) အကြား၌ ကျိုက်လတ်မြို့ လတာကြီး ကျေးရွာနေသူများဖြစ်သော သန့်ဇင်လင်းနှင့် ကျော်ဝင်းမောင်တို့ နှစ်ဦးသည် ကျွဲထီးလေးကောင်ဆွဲလာသည်ကို တွေ့ရှိသဖြင့် စစ်ဆေးရာ ၎င်းတို့နှစ်ဦးမှာ ထွက်ပြေးသွားသည်။

အဆိုပါ ကျွဲ လေးကောင်ကို ကျိုက်လတ်မြို့နယ် လတာကြီးကျေးရွာမှ တာပတ်ကျေးရွာအရှေ့ ဘက်ကမ်းသို့ တရားမဝင် သယ်ဆောင်လာကြောင်း စုံစမ်းသိရှိရသဖြင့် သိမ်းဆည်းပြီး ရဲအုပ်ဇော်မင်းအောင်၏ တိုင်တန်းချက်အရ ကျိုက်လတ်မြို့မရဲစခန်းမှ သန့်ဇင်လင်းနှင့် ကျော်ဝင်းမောင်တို့နှစ်ဦးကို ဖမ်းဆီးရမိရေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မောင်မောင်မြင့်

စလင်း၌ ကွန်ကရစ် ဓာတ်တိုင်များ လဲလှယ်စိုက်ထူ

စလင်း မေ ၃၀

မကွေးတိုင်းဒေသကြီး စလင်းမြို့တွင် မြို့နေပြည်သူများ လျှပ်စစ်ဓာတ်အားသုံးစွဲရာတွင် လျှပ်စစ်အန္တရာယ်ကင်းဝေးစေရေးအတွက် လျှပ်စစ်ကွန်ကရစ်တိုင်များ စိုက်ထူခြင်းလုပ်ငန်းကိုဆောင်ရွက်လျက်ရှိသည်။

ဓာတ်တိုင်များမှာ သံပိုက်လုံးတိုင်များဖြစ်၍ သက်တမ်းကြာမြင့်ပြီး မကြာခဏဆွေးမြည့်ကာ လျှပ်စစ်အန္တရာယ်စိုးရိမ်ဖွယ်ဖြစ်ပြီး ယင်းတိုင်များအစားပြည်သူများလျှပ်စစ်အန္တရာယ်ကင်းဝေးစေရန် ရည်ရွယ်၍ မြို့နယ် လျှပ်စစ်ဌာနမှ လျှပ်စစ်ဝန်ထမ်းများက ဆောင်ရွက်လျက်ရှိရာ ကွန်ကရစ်တိုင်ပေါင်း ၄၀၀ ကျော်စိုက်ထူပြီး လုပ်ငန်း ၅၀ ရာခိုင်နှုန်းပြီးစီးပြီဖြစ်ကြောင်း သိရသည်။

စစ်ကြည်(စလင်း)

နိုင်ငံဘက်စုံ တည်ဆောက်ရေး မှန်မှန်ကန်ကန် အခွန်ပေး

အမြို့မြို့အနယ်နယ်၌ ကျောင်းအပ်နှံရေးအခမ်းအနားများကျင်းပ

ဟိုပင်

ကချင်ပြည်နယ် မိုးညှင်းခရိုင် ဟိုပင်မြို့ အထက(၁)တေဇခန်းမ၌ မေ ၂၈ ရက်က ဟိုပင်မြို့လုံးကျွတ် ကျောင်းအပ်နှံရေးနေ့ အခမ်းအနားကျင်းပရာ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးညီလေးနှင့် မြို့အုပ်ချုပ်ရေးမှူး ဦးကျော်မိုးသူတို့က အမှာစကားပြောကြားသည်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်နှင့်ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ စေတနာရှင် အလှူရှင်များ လှူဒါန်းသော ငွေကျပ် ၄၃၀၀၀၀ နှင့် ကျောင်းသုံးပစ္စည်းများကို ကျောင်းသား ကျောင်းသူ ၅၇ ဦးအား တာဝန်ရှိသူများက ပေးအပ်ခဲ့ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

တာချီလိတ်

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်ခရိုင် တာချီလိတ်မြို့တွင် ၂၀၁၅-၂၀၁၆ ပညာသင်နှစ် ကျောင်းအပ်နှံရေးနေ့အခမ်းအနားကို မေ ၂၈ ရက်က ဆန်ဆိုင်း အခြေခံပညာအထက်တန်းကျောင်းရှိခန်းမဆောင်၌ ကျင်းပသည်။ အခမ်းအနားတွင် ခရိုင်အုပ်ချုပ်ရေးမှူး ဦးတင်ဝင်းရွှေက အမှာစကားပြောကြားသည်။ ထို့နောက် အလှူရှင်များက အလှူငွေများပေးအပ်လှူဒါန်းခဲ့ရာ တာဝန်ရှိသူများက လက်ခံယူပြီး အလှူရှင်များကို ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။ **ဝေယံလင်း (iprd)**

မော်လမြိုင်

၂၀၁၅-၂၀၁၆ ပညာသင်နှစ် မွန်ပြည်နယ် မြို့နယ်လုံးကျွတ်ကျောင်းအပ်နှံရေးနေ့အခမ်းအနားကို မေ ၂၆ ရက် နံနက် ၈ နာရီက မော်လမြိုင်မြို့ အထက (၆) ရတနာမွန်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် လူမှုရေးဝန်ကြီးဒေါက်တာလှဦးက အမှာစကားပြောကြားပြီး ပညာရေးဝန်ကြီးဌာနနှင့် ပညာရေးစေတနာရှင်များက ထောက်ပံ့သော ကျောင်းသုံးစာရေးကိရိယာများနှင့် အလှူငွေများအားပေးအပ်ခဲ့ကြသည်။ ယခင်နှစ်တွင် အခမဲ့ပညာရေးစနစ်ကို မူလတန်းနှင့် အလယ်တန်းအထိသာ သတ်မှတ်ခဲ့ပြီး ယခုနှစ်တွင် အထက်တန်းအဆင့်ထိ တိုးမြှင့်သတ်မှတ်လိုက်ကြောင်း သိရသည်။ **ကိုဆက်**

ရွှေတောင်

အခြေခံပညာမူလတန်း အခမဲ့ပညာရေးစနစ် ရာနှုန်းပြည့် အကောင်အထည်ဖော်ရန်ရည်ရွယ်လျက် ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ရွှေတောင်မြို့နယ်၌ ၂၀၁၅-၂၀၁၆ပညာသင်နှစ်ကျောင်းအပ်နှံရေးနေ့အခမ်းအနားကို မေ ၂၇ ရက်က သရက်တော အထက(ခွဲ)၌ ကျင်းပသည်။

ကျောင်းနေအရွယ်ကလေးအားလုံး ကျောင်းနေနိုင်ရေးအတွက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က ငွေကျပ် ၁၀၁၁၆၀၀၀ တန်ဖိုးရှိ ဗလာစာအုပ်များ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာများကငွေကျပ် ၁၀၀၀၀၀၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းကငွေကျပ် ၃၀၀၀၀၊ အမျိုးသမီးရေးရာအဖွဲ့က ငွေကျပ် ၃၀၀၀၀၊ ပညာရေးဝန်ကြီးဌာနက ၂၆၀၁၇၃၆၀ တန်ဖိုးရှိ မူလတန်းအဆင့်ပုံနှိပ်စာအုပ်များနှင့် ဝတ်စုံများ၊ ကျောင်းအကျိုးတော်ဆောင်ကငွေကျပ် ၃၀၀၀၀၊ မိဘပြည်သူက ငွေကျပ်၃၀၀၀၀ နှင့် မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့က ငွေကျပ် ၃၀၀၀၀ လှူဒါန်းခဲ့ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

ကြာအင်းဆိပ်ကြီး

၂၀၁၅-၂၀၁၆ပညာသင်နှစ်မြို့နယ်လုံးကျွတ်ကျောင်းအပ်နှံရေးနေ့အခမ်းအနားကို ကရင်ပြည်နယ် ကြာခင်းဆိပ်ကြီးမြို့အမက(၅)မူလွန်ကျောင်း၌ မေ ၂၇ ရက်က ကျင်းပသည်။ အခမ်းအနားတွင် ကရင်ပြည်နယ်သစ်တောနှင့်သတ္တုဝန်ကြီး ဦးစောဆာလောလက အမှာစကားပြောကြားသည်။ ထို့နောက် အလှူရှင်များက အလှူငွေများပေးအပ်ကြပြီး ကျောင်းသုံးပုံနှိပ်စာအုပ် နှင့်ဗလာစာအုပ်များကို တာဝန်ရှိသူများက ကျောင်းသားကျောင်းသူများထံသို့ ထောက်ပံ့ပေးအပ်သည်။ ဆက်လက်၍ ကြခတ်ချောင်းရွာကျောင်း၌လည်း ကျောင်းအပ်နှံရေးနေ့အခမ်းအနား ကျင်းပခဲ့ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

ပခုက္ကူခရိုင် ရေစကြိုမြို့နယ်တွင် ကျောင်းအပ်နှံရေးနေ့အခမ်းအနားကို အမှတ် (၁) ရပ်ကွက် ထင်းထန်းရပ်ရှိ အခြေခံပညာအလယ်တန်းကျောင်းခွဲ၌ မေ ၂၈ ရက်က ကျင်းပရာ ကျောင်းအပ်နှံလာကြသော ကျောင်းသားကျောင်းသူများနှင့် ကျောင်းသားမိဘများကို တွေ့ရစဉ်။

အိမ္ဗွန်ဆွေ(ရေစကြို)

အလုပ်သမား ဈေးကွက်

|စိန်ဝင်း|

ပြည်ပနိုင်ငံများသို့ တရားဝင်သွားရောက်အလုပ်လုပ်ကိုင်နိုင်ရန် နိုင်ငံတော် အစိုးရက ပြည်ပအလုပ်အကိုင်အေဂျင်စီများကို ၁၉၉၉ ခုနှစ် ပြည်ပအလုပ်အကိုင်ဆိုင်ရာ ဥပဒေကိုပြဋ္ဌာန်းပြီး ခွင့်ပြုလျက်ရှိပါသည်။

အလုပ်သမားများအတွက် ဥပဒေပြဋ္ဌာန်းထားပြီးဖြစ်သော်လည်း တရားမဝင်သွားရောက်အလုပ်လုပ်ကိုင်ကြသည့် အလုပ်သမားများ ရှိနေဆဲပင်ဖြစ်ပါသည်။ တရားဝင်လမ်းကြောင်းဖြင့်သွားလာရန် အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာနနှင့် အခြားဆက်စပ်မှုရှိသည့် ဝန်ကြီးဌာနများမှ ဆောင်ရွက်လျက်ရှိပါသည်။ ထိုင်းနိုင်ငံ၊ မလေးရှား နိုင်ငံတို့သို့ ရွှေ့ပြောင်းအလုပ်သမားများ သွားရောက်အလုပ်လုပ်ကိုင်၍ နိုင်ငံတော်သို့ မိသားစုလွှဲပို့ငွေများ ပေးပို့နေသည်မှာ နိုင်ငံတော်၏ GDP ကို တစ်ဖက်တစ်လမ်းမှ ပံ့ပိုးပေးနေသည်မှာထင်ရှားသည့်ပြယုဂ်တစ်ခုပင်ဖြစ်ပါသည်။

ထိုသို့ရွှေ့ပြောင်းအလုပ်သမားများ ပြည်ပတွင် လုံခြုံစိတ်ချစွာသွားရောက်အလုပ်လုပ်ကိုင်နိုင်ရန်မှာ အစိုးရတစ်ခုတည်းက လုပ်ကိုင်ရန် မဖြစ်နိုင်ပြီး အဖွဲ့အစည်းပေါင်းစုံနှင့် ပြည်ပအလုပ်အကိုင် အေဂျင်စီများမှဝိုင်းဝန်း၍ တရားဝင်လမ်းကြောင်းပေါ်သို့ ရောက်ရှိအောင် ဆောင်ရွက်ကြရမည် ဖြစ်ပါသည်။

တရားဝင်လမ်းကြောင်းဖြစ်ရန် ပညာပေးမှုများလုပ်ဆောင်ရင်း နိုင်ငံသားများ၏ အသိပညာများတိုးတက်အောင် လုပ်ဆောင်ပေးရမည် ဖြစ်ပါသည်။ တရားဝင်လမ်းကြောင်း ပေါ်ပေါက်လာမှသာ အလုပ်သမား ဈေးကွက်လည်း ပေါ်ထွန်းလာမည်ဖြစ်ပါသည်။ အလုပ်သမားဈေးကွက်ကို အလုပ်သမားခေါ်ယူသည့် နိုင်ငံများဖြစ်သည့် ထိုင်း၊ မလေးရှား၊ ဂျပန်၊ တောင်ကိုရီးယား စသည့်နိုင်ငံများနှင့် ဟောင်ကောင်တို့မှအလုပ်သမားခေါ်ယူခန့်ထားမှု တိုးတက်လာရန် တာဝန်ရှိအဖွဲ့အစည်းများမှ စတင်ဆောင်ရွက်ကြရမည်ဖြစ်ပါသည်။ ထို့ပြင် မြန်မာအလုပ်သမားများကို ခေါ်ယူခန့်ထားလိုသည့် ဂျပန်နိုင်ငံနှင့်ဟောင်ကောင်တို့သည် ယခုအခါ မြန်မာအလုပ်သမားအချို့ကို ခေါ်ယူ၍ အလုပ်အကိုင်များ ခန့်ထားပေးနေပြီဖြစ်ပါသည်။

အလုပ်အကိုင်များခန့်ထားရန် ဈေးကွက်တစ်ခုဖြစ်သည့် ဂျပန်နိုင်ငံသည်လည်း မြန်မာအလုပ်သမားများအတွက် အလုပ်လုပ်ကိုင်လိုသည့် ဈေးကွက်တစ်ခုပင်ဖြစ်ပါသည်။ ထို့ကြောင့် မြန်မာအလုပ်သမားများ ဂျပန်နိုင်ငံတွင် သွားရောက်အလုပ်လုပ်ကိုင်ရန် အဆိုပါနိုင်ငံနှင့်သင့်လျော်သည့် ကျွမ်းကျင်မှုများရှိရန်လိုအပ်ပါသည်။ ၎င်းအပြင် မြန်မာအလုပ်သမားများ၏ ကျွမ်းကျင်တတ်မြောက်မှုကို ဂျပန်နိုင်ငံလုပ်ငန်းရှင်များ သိရှိရန်လည်းလိုအပ်ပါသည်။

မြန်မာအလုပ်သမားများ ဂျပန်နိုင်ငံတွင် သွားရောက်အလုပ်လုပ်ကိုင်ရန် ဂျပန်နိုင်ငံရှိ စက်ရုံ၊ အလုပ်ရုံများမှ မြန်မာအလုပ်သမားများ၏ အခြေအနေကိုသိရှိနားလည်ပြီး မြန်မာနိုင်ငံအတွက် အလုပ်သမားဈေးကွက် (Labour Market) တိုးတက်ရရှိလာမည်. . .

သို့ဖြစ်၍ မြန်မာနိုင်ငံတွင် ပြည်ပအလုပ်အကိုင် အေဂျင်စီတစ်ခု၏ သင်တန်းကျောင်းသို့ မေ ၁၈ ရက်တွင် ဂျပန်နိုင်ငံ Tokyo Broadcasting System (TBS)က လာရောက်ရိုက်ကူးခဲ့ပါသည်။

၎င်းအသံလွှင့်ဌာန TBS သည် ဂျပန်နိုင်ငံတွင် ၁၉၅၁ ခုနှစ်၌ စတင်ဖွဲ့စည်းခဲ့ပြီး စီးပွားရေးဆိုင်ရာ ရေဒီယိုအသံလွှင့်ဌာနဖြင့် အသံလွှင့်ခဲ့ကြောင်း၊ ၁၉၅၅ခုနှစ်တွင် ရေဒီယိုနှင့်တယ်လီဗေးရှင်းအစီအစဉ်များကို လည်းကောင်း၊ ဂျပန်သတင်း Network(JNN) တွင် TVအသံလွှင့်ဌာန ၂၈ဌာနနှင့် ရေဒီယိုအသံလွှင့်ဌာန ၃၄ ဌာနအထိ လက်ရှိထုတ်လွှင့်လျက်ရှိပါသည်။

အဆိုပါအသံလွှင့်ဌာနက မြန်မာအလုပ်သမားများ ထိုင်းနိုင်ငံပြည်ပသို့ ထွက်ခွာရန် အကြိုသင်တန်းပေးပုံ၊ သင်တန်းကျောင်း၏ဆောင်ရွက်ထားရှိမှု၊ သင်တန်းသားတို့၏ ပြည်ပတွင်အလုပ်လုပ်ကိုင်ရန် မျှော်မှန်းချက်များကို ရိုက်ကူး၍ ဂျပန်နိုင်ငံတွင် လူသားအရင်းအမြစ်မှတ်တမ်း (Documentary) အဖြစ် ထုတ်လွှင့်ပြသမည်ဖြစ်ပါသည်။

ထိုသို့ ထုတ်လွှင့်ပြသခြင်းရလဒ်မှာ မြန်မာအလုပ်သမားများ ဂျပန်နိုင်ငံတွင် သွားရောက်အလုပ်လုပ်ကိုင်ရန် ဂျပန်နိုင်ငံရှိ စက်ရုံ၊ အလုပ်ရုံများမှ မြန်မာအလုပ်သမားများ၏ အခြေအနေကိုသိရှိနားလည်ပြီး မြန်မာနိုင်ငံအတွက် အလုပ်သမားဈေးကွက် (Labour Market) တိုးတက်ရရှိလာမည်ဖြစ်သလို ဂျပန်နိုင်ငံသို့ သွားရောက်အလုပ်လုပ်ကိုင်လိုသည့် ရွှေ့ပြောင်းအလုပ်သမားများအတွက်လည်း မျှော်မှန်းချက်တစ်ခုပင်ဖြစ်ပါကြောင်း တင်ပြအပ်ပါသည်။

ဖလောရင့်နိုက်တင်ဂေးလ်ဆု မြန်မာနိုင်ငံ၌ လေးဦးမြောက်ရရှိ

ရန်ကုန် မေ ၃၀

ကမ္ဘာတစ်ဝန်းရှိ သူနာပြု သားဖွား၊ ကျန်းမာရေးဆရာ ဆရာမများကို ချီးမြှင့်သော ကမ္ဘာ့အမြင့်ဆုံးဆုတစ်ဆုဖြစ်သည့် ဖလောရင့်နိုက်တင်ဂေးလ်ဆုကို ယခုနှစ် (၄၅)ကြိမ်မြောက်တွင် မြန်မာနိုင်ငံမှ အထက်တန်းသူနာပြု ဦးစနိုင်နိုင်ထွန်းက ရရှိခဲ့ကြောင်း သိရသည်။ အဆိုပါ ဖလောရင့်နိုက်တင်ဂေးလ်ဆုသည် ယခုတစ်ကြိမ်ဆိုလျှင် မြန်မာနိုင်ငံ၌ ရရှိသူ လေးဦးမြောက်ရှိပြီ ဖြစ်သည်။

(၄၅)ကြိမ်မြောက် ဖလောရင့်နိုက်တင်ဂေးလ်ဆုကို မြန်မာနိုင်ငံမှ ဦးစနိုင်နိုင်ထွန်းအပါအဝင် နိုင်ငံပေါင်း ၁၈ နိုင်ငံမှ သူနာပြု ၃၆ ဦး ရရှိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ ဦးစနိုင်နိုင်ထွန်းသည် မိမိတာဝန်ကျရာ ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ် ဟိုင်းကြီးကျွန်းတိုက်နယ်ဆေးရုံ၌ ၂၀၀၈ ခုနှစ်မှ ယခုအချိန်အထိ တာဝန်ထမ်းဆောင်လျက်ရှိပြီး ၂၀၀၈ ခုနှစ် မေလအတွင်း တိုက်ခတ်ခဲ့သော နာဂစ်မုန်တိုင်းကာလအတွင်း မုန်တိုင်းဒဏ်သင့် လူနာများအား မိမိတတ်ကျွမ်းထားသည့် သူနာပြုအတတ်ပညာဖြင့် တတ်နိုင်သမျှအစွမ်းကုန်ပြုစုရင်း မုန်တိုင်းအပေါ် ကြောက်ရွံ့မှုများကို အနိုင်ယူကာ ဖြတ်သန်းနိုင်ခဲ့ကြောင်း သိရသည်။

"မုန်တိုင်း တိုက်ခတ်နေချိန် ဆေးရုံမှာ အတွင်းလူနာ ၂၆ ဦး ဆေးကုသမှုခံယူနေတဲ့အချိန်ဖြစ်ပါတယ်။ မုန်တိုင်းအားကောင်းလာစဉ် ဒီရေတွေ ရင်ခေါင်းလောက်အထိ တက်လာပါတယ်။ လူနာတွေကို အဆင်ပြေဆုံးဖြစ်မယ်ထင်တဲ့ နေရာတွေတင်ပေးခဲ့တယ်။ မိုးရေထဲ ရေစိုစောင်တွေ ဗီရိုမှန်သော့ရိုက်ဖွင့်ပြီး ရေစိုစောင်တွေ ရေညှစ်ပြီး လူနာတွေခြုံဖို့ လိုက်ပေးခဲ့ရတယ်။ နောက်ဝန်ထမ်းတချို့ ရောက်နေတဲ့ အမြင့်ကို ရေကူးသွားပြီး သူတို့ဆီရောက်အောင်တက်ဖို့ အင်အားမရှိတော့ဘူးဖြစ်ခဲ့တယ်။ ညနေပိုင်း ဒီရေကျချိန်မှာ မွေးကင်းစကလေးတွေဆီ သွားပြီး ပြာနှမ်းနေတဲ့ ကလေးတွေ အသက်ပြန်ရှူလာအောင် ဆရာဝန်နဲ့အတူ ရှေးဦးသူနာပြုစုနည်းနဲ့ လုပ်ဆောင်ပေးခဲ့ရတယ်။ နောက် အကူအညီ တောင်းသံကြားလို့ စာတိုက်မှူးအပါအဝင် ပြတ်ရှပွန်းပဲ့ ဒဏ်ရာတွေကို အဝတ်တွေနဲ့ စည်းထားပေးရတယ်။ မွေးလူနာတစ်ဦးကိုလည်း လက်ရှိ ရှိနေတဲ့ပစ္စည်းတွေသုံးပြီး အကောင်းဆုံးကြိုးစား မွေးဖွားပေးခဲ့ရပါတယ်" ဟု ၎င်းက အတွေ့အကြုံများကို အကျဉ်းချုံးပြောကြားသည်။

ဖလောရင့်နိုက်တင်ဂေးလ်ဆုကို အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီနှင့် အပြည်ပြည်ဆိုင်ရာလခြမ်းနီနှင့် ကြက်ခြေနီအသင်းများက ဦးဆောင်၍ ၁၉၁၂ ခုနှစ်တွင် စတည်ထောင်ခဲ့ပြီး ယနေ့အထိ ၁၄၄၉ ဦးကို ရွေးချယ်ချီးမြှင့်ပြီးဖြစ်ကြောင်း သိရသည်။

ယခင်က အဆိုပါဆုကို ၁၉၆၃ ခုနှစ်တွင် သူနာပြုဆရာမကြီးဗိုလ်မှူး ဒေါ်ခင်အုန်းမြင့်ကလည်းကောင်း၊ ၁၉၉၃ ခုနှစ်တွင် သူနာပြုဦးစီးအရာရှိ ဒေါ်အမ်ယောနမ်ကလည်းကောင်း၊ ၂၀၀၁ ခုနှစ်တွင် သားဖွားဆရာမ ဒေါ်သိန်းရီကလည်းကောင်း အသီးသီး ချီးမြှင့်ခံခဲ့ရကြောင်း၊ ၁၄ နှစ်ကြာပြီးနောက် ယခုနှစ်တွင် အထက်တန်းသူနာပြု ဦးစနိုင်နိုင်ထွန်းကလည်းကောင်းရရှိခဲ့ကြောင်း သိရသည်။ ICRC ရွေးချယ်ရေးကော်မတီက ပေးပို့သည့် ဆုတံဆိပ်ကို ယခုနှစ် ဩဂုတ်လပထမပတ်အတွင်း ကျန်းမာရေးဝန်ကြီးဌာနက ဦးဆောင်၍ နေပြည်တော်တွင် ပေးအပ်ချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

သတင်း-မြတ်စန္ဒီသင်းဇော်

ဓာတ်ပုံ-မွန်းဦးနဒီ

တောင်ငူခရိုင်၌ စီမံကိန်းတာဝန်ပေးအပ်ပွဲကျင်းပ

တောင်ငူ မေ ၃၀

တောင်ငူခရိုင်၏လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များကို အစီအစဉ်တကျဆောင်ရွက်နိုင်ရန်ရည်ရွယ်၍ စီမံကိန်းတာဝန်ပေးအပ်ပွဲအခမ်းအနားကို တောင်ငူခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး ဘုရင့်နောင်ခန်းမ၌ မေ ၂၇ ရက်က ကျင်းပသည်။

ထို့နောက် ခရိုင်အုပ်ချုပ်ရေးမှူး ဦးကျော်သက်က တောင်ငူခရိုင်အတွင်းရှိမြို့နယ် ခြောက်မြို့နယ်မှ မြို့နယ်အုပ်ချုပ်ရေးမှူးများကိုလည်းကောင်း၊ လယ်ယာကဏ္ဍကြီးကိုယ်စားခရိုင်စိုက်ပျိုးရေးဦးစီးမှူးလည်းကောင်း၊ စက်မှုကဏ္ဍကြီး ကိုယ်စားခရိုင်လျှပ်စစ်အင်ဂျင်နီယာကိုလည်းကောင်း၊ ဝန်ဆောင်မှုကဏ္ဍကြီးခရိုင် မန်နေဂျာကိုလည်းကောင်း စီမံကိန်းတာဝန်များ ပေးအပ်ခဲ့ကာ ခရိုင်စီမံကိန်း ဦးစီးမှူးက စီမံကိန်းတာဝန်များ ပေးအပ်ခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့ကြောင်းသိရသည်။

မောင်ရွှေဝင်း(ပြည်)

အမျိုးသမီးများအကြမ်းဖက်ခံရမှုမှ ကာကွယ်ရေးသင်တန်းဖွင့်

ကျောက်မဲ မေ ၃၀

အမျိုးသမီးများ အကြမ်းဖက်ခံရမှုမှကာကွယ်ရေး၊ လူကုန်ကူးမှုကာကွယ်တိုက်ဖျက်ရေး၊ အမျိုးသမီးများ စွမ်းရည်မြှင့်တင်ရေးသင်တန်းကို နန်းထိုက်စံစိတ်တူကိုယ်တူအမျိုးသမီးအဖွဲ့ကဦးဆောင်ပြီး ကျောက်မဲမြို့ ပင်လုံလမ်းမကြီး ရေဦးရပ်ကွက်ရှိ နန်းထိုက်စံစိတ်တူကိုယ်တူရုံးခန်းမ၌ မေ ၂၈ ရက်က ကျင်းပသည်။

အဆိုပါ သင်တန်းတွင် ဒေါ်စိုးဧပရယ်ထူး (FREELAND)၊ ဒေါ်နေနွယ်ထွန်း (နှလုံးလှကုသိုလ်ဖြစ် ဆေးခန်း) တို့က ဟောပြောပို့ချခဲ့ကြသည်။

သင်တန်းသို့ ကျောက်မဲမြို့နယ်အတွင်းရှိ ကျေးရွာအုပ်စု ၁၉ အုပ်စု၊ ကျေးရွာ ပေါင်း ၅၈ ရွာတို့မှအမျိုးသမီးသင်တန်းသူ ၁၂၀ တက်ရောက်ခဲ့ပြီး မေ ၃၁ ရက်ထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

မောင်မောင်(ကျောက်မဲ)

(၃၂)ကြိမ်မြောက် ဗုဒ္ဓဘာသာယဉ်ကျေးမှု စာမေးပွဲကျင်းပ

ကျောက်မဲ မေ ၃၀

ကျောက်မဲမြို့နယ် သံဃနာယက အဖွဲ့က ကြီးမှူးပြီး (၃၂)ကြိမ်မြောက် ဗုဒ္ဓဘာသာယဉ်ကျေးမှုစာမေးပွဲကို ကျောက်မဲမြို့ဈေးဓမ္မာရုံကြီး၌ မေ စတုတ္ထပတ်က ကျင်းပသည်။

အဆိုပါစာမေးပွဲတွင် မြို့ပေါ်ရှိ ဗုဒ္ဓဘာသာယဉ်ကျေးလိမ္မာသင်တန်းကျောင်း ၂၀ တို့မှ ကျောင်းသားကျောင်းသူ ၁၁၃ ဦးတို့ ဝင်ရောက်ဖြေဆိုကြမည်ဖြစ်ကြောင်း သိရသည်။

(၀၉၀)

မူဆယ်ခရိုင်စီမံကိန်းတာဝန်ပေးအပ်ပွဲကျင်းပ

မူဆယ် မေ ၃၀

ရှမ်းပြည်နယ်(မြောက်ပိုင်း)လားရှိုးဒေသ မူဆယ်ခရိုင်၏ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ဒေသန္တရစီမံကိန်း ရည်မှန်းချက်တာဝန်ပေးအပ်ပွဲအခမ်းအနားကို မူဆယ်မြို့ မြို့တော်ခန်းမ၌ မေ ၂၈ ရက်က ကျင်းပရာ မူဆယ်ခရိုင်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန ခရိုင်အုပ်ချုပ်ရေးမှူး ဦးကျော်ကျော်ထွန်းက အမှာစကားပြောကြားသည်။

ခရိုင်အုပ်ချုပ်ရေးမှူးက အခမ်းအနား တက်ရောက်လာသော မူဆယ်ခရိုင်အတွင်းရှိ ခရိုင်အဆင့်ဌာနဆိုင်ရာများနှင့် မူဆယ်၊ နမ့်ခမ်း၊ ကွတ်ခိုင်မြို့နယ်အုပ်ချုပ်ရေးမှူးများသို့ ဒေသန္တရစီမံကိန်းရည်မှန်းချက်တာဝန်များ တာဝန်ပေးအပ်ခဲ့ကြောင်း သိရသည်။

အယ်လ်စိုး(iprd)

နိုင်ငံဘက်စုံ တည်ဆောက်စို့ မှန်မှန်ကန်ကန်အခွန်ပေးစို့

MPT
မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း

အင်တာနက် Package

ပရိုမိုးရှင်းအစီအစဉ်ကို
ထပ်မံတိုးမြှင့်လိုက်ပါပြီ

အသုံးတရဆုံးဈေးနှုန်း
~~1 MB လျှင် ၁၀ ကျပ်~~
1 MB လျှင် ၅ ကျပ်

အလျင်မြန်ဆုံး 3G အင်တာနက်ကို အသင့်တင့်ဆုံးဈေးနှုန်းဖြင့် ရယူလိုက်ပါ။

Package ဈေးနှုန်း	အသုံးပြုနိုင်သည့်ပမာဏ	သက်တမ်း	သက်သာသောဈေးနှုန်း
